
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၁၀၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၉၂၀၄၁၀
စီစဉ်သူ - ဦးငွေအောင်
မျက်နှာဖုံးဒီဇိုင်း - အာကာ
အတွင်းစာစီ - မြစ်ခွဲကိုးခင်းကွန်ပျူတာ
ထုတ်ဝေသည့်လ - ၂၀၁၀ ပြည့်နှစ်၊ မေလ
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၅၀၀
ထုတ်ဝေသူ - ဂန့်ဂေါ်မြိုင်စာပေ
အတွင်းပုံနှိပ်သူ - အရှေ့ဝါမင်းပုံနှိပ်တိုက်
မျက်နှာဖုံးပုံနှိပ် - အရှေ့ဝါမင်းပုံနှိပ်တိုက်
စာအုပ်ချုပ် - ကိုကျော်ဦးနှင့်အဖွဲ့
တန်ဖိုး - ၁၅၀၀ ကျပ်
ဖြန့်ချိရေး - မိမိလေး

ရသစာအုပ်တိုက်
အမှတ် (၈၅)၊ စိန်ခြယ်လမ်း၊ ၅ ရပ်ကွက်၊
သုံးခွဲ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀ ၅၀ ၄၈၅ ၀၉ ၅၄၀ ၉၃

## ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅ ·၈၃

ပဉ္စမံဒီရိုင်း

ဖိုးသကြား/ပဉ္စမံဒီရိုင်း-ရန်ကုန်။
ဂန့်ဂေါ်မြိုင်စာပေ။ ၂၀၁၀။ ၁၆၀ - စာ။
၁၃ စင်တီမီတာ X ၂၀ စင်တီမီတာ


www.burmeseclassic.com

www.burmeseclassic.com



မိုးသကြား

www.burmeseclassic.com

www.burmeseclassic.com

# (၁)

ရပ်ကွက်ထဲမှာ သည်နေ့နေ့က် အားကစားဂျာနယ်၊ ပေါ့ပ်ဂျာနယ်တွေထဲက သတင်းတွေကို ဦးဦးဖျားဖျားမဖတ်သေးဘဲ သည့်ထက်ထူးသည့်သတင်းတစ်ပုဒ်ကို ရပ်ကွက်သူ ရပ်ကွက်သားများက ခေါက်ဆွဲဟင်းခါးဆိုင်မှာရော၊ လက်ဖက်ရည်ဆိုင်မှာပါ မြိန်မြိန်ရှက်ရှက်ကြီး ပြောဆိုနေကြပါသည်။ ပြောဆိုသည့်အကြောင်းအရာကလည်း တစ်ခုတည်းကို ဦးတည်ပြောဆိုနေခြင်း ဖြစ်ပါသည်။

'ငါတို့က ဖိုးသကြားတစ်ယောက် မိန်းမ မယူတော့ဘူး၊ မိဘကိုပဲ လုပ်ကျွေးတော့မယ် ထင်တာ'

'အံမယ်... ဒါက အကြိုက်မတွေ့သေးလို့ပါ။ ဟော... အခုကျတော့ ကိုယ့်ထက် ဆယ်နှစ်ငယ်တဲ့ဟာလေးနဲ့ကျတော့ ရှာန်လျှောတာ ဘာဆန်းလဲ'

'ဒီနေ့ညနေ တောင်းရမ်းမှာတဲ့။ လက်ဖက်ရည်၊ ကိတ်မုန့်၊ ရေခဲမုန့်တဲ့'

'ဟိုဘက်က နည်းနည်းအခြေကြီးတာ ဖိုးသကြားတော့ ကုန်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဤပုံ ကိုယ့်ထမင်းကိုယ်စားပြီး တစ်ယောက်တစ်မျိုး သေဖန်သုံးသပ် ကောက်ချက်ဆွဲပြီး ပြောနေတာတွေကို ဖိုးသကြား တစ်စွန်းတစ်စ ကြားရပေမယ့် ဒေါသတော်မထွက်အား။ ထိုကဲ့သို့ ပြောဆိုတာတွေက သူ့ဂုဏ်သတင်းကို တီဗီမှာ ပိုက်ဆံပေးပြီး ကြော်ငြာ ပေးနေသလိုမျိုး ဖြစ်နေတာကိုပဲ ဖိုးသကြားက အကျေနပ်ကြီး ကျေနပ် လို့နေပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

ဖိုးသကြားတစ်ယောက် အသက်သုံးဆယ့်ကိုးနှစ်လောက်ရှိမှ ဘာဖြစ်လို့ မိန်းမယူရသလဲလို့ သိချင်သူတွေက ရှိပါသည်။ ဖိုးသကြားကို တစ်ရပ်လုံး၊ တစ်ရွာလုံးက ချစ်ကြသည်။ လှူတာတန်းတာရော၊ လူမှုရေး၊ သာရေး၊ နာရေးရော ဘယ်တော့မှ လက်မနှေးသူထဲတွင် ဖိုးသကြားလည်း အပါအဝင်ဖြစ်ပါသည်။

ဟိုတုန်းက မိသားစု ညီအစ်ကိုမောင်နှမ ကိုးဦးရှိသော အိမ်ထောင်စုတွင် ဖိုးသကြားက ညီအစ်ကိုမောင်နှမ ခုနစ်ဦးထဲတွင် ပဉ္စမမြောက်သား ဖြစ်သည်။ မိဘက လက်လုပ်လက်စားဖြစ်သဖြင့် စီးပွားရေးက ချို့တဲ့သဖြင့် ခြောက်တန်းမှာ ဖိုးသကြား ကျောင်းထွက်ပြီး အလုပ်လုပ်ရသည်။ စကားပြောကောင်းပြီး ဖော်ရွေသဖြင့် ဖိုးသကြားအဖို့ လူချစ်လူခင် ပေါများသည်။

ဖိုးသကြား အသက်နှစ်ဆယ့်ငါးနှစ်ရောက်တော့ ကံကြမ္မာ တစ်မျိုးတစ်ဖုံပြောင်းခဲ့သည်။ စီးပွားရေးကောင်းသော သူငယ်ချင်းက အရင်းအနှီးထုတ်ပေးသဖြင့် အိမ်တွင်းစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ပလတ်စတစ်အရုပ်ကလေးတွေကို ဖိုးသကြားက စိတ်ကူး စိတ်သန်းကောင်းကောင်းဖြင့် လုပ်ကိုင်သဖြင့် စီးပွားက တက်လာပြီး ညီအစ်ကို မောင်နှမတွေရော၊ မိဘတွေကိုပါ ကောင်းမွန်စွာကျွေးမွေး နိုင်ခဲ့သည်။ အိမ်တွေလည်း ထပ်ဝယ်နိုင်ခဲ့သည်။

ဤသို့ဖြင့် စီးပွားရေးလုပ်လိုက်၊ လှူလိုက်တန်းလိုက်၊ မြန်မာ ပြည်အနှံ့ ဘုရားဖူးသွားလိုက်၊ အလည်အပတ်သွားလိုက်နှင့် နှစ်တို့ သည် မည်သို့မည်ပုံကုန်သွားမှန်း မသိတော့။

ယခုတော့ အသက်သုံးဆယ့်ကိုးနှစ်အရွယ်မှာ ဖိုးသကြား ဘဝ စဖို့အကြောင်းက ဖန်လာခဲ့ပြီ။

အကြောင်းဖန်ရသည့်အကြောင်းက…

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

‘ဟော့… ကလေးတွေနဲ့ ဘယ်လဲ’

‘မြကျွန်းသာကိုသွားမလို့ ဖိုးသကြားရေ၊ ပြီးရင် တိရစ္ဆာန်ရုံကို ကလေးတွေ လိုက်ပို့ရမယ်။ အခုလို အားတဲ့နေ့မှ ကလေးတွေကို လိုက်ပြရတာ’

အသိမိတ်ဆွေက ကလေးတွေရော၊ မိန်းမနှင့်ပါ ကားငှားနေတုန်း ဖိုးသကြားက နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

သူတို့မိသားစုကိုကြည့်ပြီး ဖိုးသကြား နည်းနည်းတော့ကြည်နူးသွားသည်။

‘ဖိုးသကြားရေ… ငါ့သားရှင်ပြု လာဖြစ်အောင် လာကွာ’

မိတ်ဆွေ ကိုသောင်းတန်က ရှင်ပြုအလှူဖိတ်စာပေးရင်းမှ လာဖြစ်အောင်လာဖို့ ပြောသွားတာကို နားထောင်မိသော ဖိုးသကြား ဖိတ်စာကိုင်ရင်း တွေတွေကြီးရပ်နေမိသည်။

‘ကဲ… ဘယ်လိုလဲ ဖိုးသကြား၊ ငါတို့ကို အားမကျ[illegible] ကြည့်စမ်း သမီးနှစ်ယောက်က အမြွှာပူး၊ အခု သူတို့မွေးနေ့လုပ်တာ

www.burmeseclassic.com

www.burmeseclassic.com



မိဘဖြစ်တဲ့ ငါ ဘယ်လောက်ကြည်နူးလဲ'

သူငယ်ချင်း မျိုးအောင် ပြောတာ ဟုတ်ပါသည်။

မျိုးအောင်ရော၊ သူ့မိန်းမရော သမီးအမြွှာမွေးနေ့မှာ ညှို့သည်တွေကို ညှို့ခံရင်း ကြည်နူးနေတာ တကယ့်ကို ကျေနပ်ပီတိတွေ ဖြာနေပါသည်။

'ဒီမှာ ဖိုးသကြား၊ စီးပွားရှာတာလည်း ရှာတာပေါ့။ မင်းဟာက ညီအစ်ကိုမောင်နှမဆိုတာက သူ့မိသားစုနဲ့သူ ရှိနေတာ။ မင်းမှာက အဖေလည်း မရှိတော့ဘူး။ အမေကလည်း အသက်ကြီးပြီ။ မင်းက အားလုံးကို လုပ်ကျွေးနေတာ ကုသိုလ်ရပါတယ်။ ဒီတော့ မင်းမှာ လိုနေတာက မိန်းမ။ မင်းရဲ့ တူတွေ၊ တူမတွေဆိုတာ မင်းကို ဘယ်လောက်ချစ်တယ်ပဲပြောပြော အချိန်ကျရင် သူ့မိဘမှ သူ့မိဘ၊ ဒီတော့ ကိုယ့်ဇနီးမယားနဲ့ ကိုယ့်သားသမီးသာ ကိုယ့်အတွက် ကိုယ့်အနားမှာ ရှိတာ၊ အရွယ်ကောင်းတုန်းယူကွာ'

ဖိုးသကြားနှင့် အရင်းနှီးဆုံး သူငယ်ချင်း ကျော်ကြီးက တစ်နေ့တွင် ဖိုးသကြားကို အကြံပေးပါသည်။

ကျော်ကြီး ပြောသည့် အကြံကိုဖိုးသကြား အိမ်ရောက်သောအခါ ပက်လက်ကုလားထိုင်မှာ ထိုင်ပြီး နက်နက်နဲနဲ စဉ်းစားခန်းဝင်တော်မူမိပါသည်။

သူ့ဘဝမှာ အလုပ်အကိုင်ကလည်း အတော်ဟန်ကျ၊ မိန်းကိုလည်း ရှာဖွေကျွေးမွေးပြီး ထားနိုင်။

ညီအစ်ကို မောင်နှမသားချင်းတွေပေါ်လည်း ကောင်း။

www.burmeseclassic.com

www.burmeseclassic.com



တူ၊ တူမတွေကိုလည်း ကျောင်းထားပေး၊ အားလုံး ဘာမှမလို။
ဦးနေသော ကျက်လပ်ကြီးကို ဘွားခဲ့တွေ့လိုက်ပါပြီ။

ထိုအရာက ဇနီးမယားနှင့် သမီးသားတွေပင် ဖြစ်ပါသည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# I

ဖိုးသကြားအဖို့ အသက်သုံးဆယ့်ကိုးနှစ်အရွယ် အိမ်ထောင်ပြုဖို့ အချစ်ရှာရမည့်ကိစ္စက အတော့်ကို ခက်ခဲလို့နေပါသည်။ မိမိနှင့်နီးစပ်ရာ နယ်ပယ်မှ အမျိုးသမီးတွေကို မသိမသာချဉ်းကပ်ကြည့်မိပြီး လေ့လာသောအခါ ဖိုးသကြားအဖို့ ဘဝင်ကျစရာ သိပ်မတွေ့ရ။ ထို့အပြင် အရပ်ထဲမလည်း ဟိုကြည့် ဒီကြည့်နှင့် လေ့လာသော်လည်း စိတ်တိုင်းမကျ။

နောက်ဆုံးတော့ ဖိုးသကြားအဖို့ သူလက်ထပ်ယူမည့် ဖူးစာရှင်ကို အတော်လေးရှာလိုက်ရပါသည်။ ထိုဖူးစာရှင်က သူနေသောအိမ်နှင့် နှစ်အိမ်ကျော်မှ သူ့နှမအငယ်ဆုံး၏ သူငယ်ချင်း မအေးမြပဲ ဖြစ်ပါသည်။

အိမ်က ဆွေမျိုးသားချင်းတွေရော၊ ပတ်ဝန်းကျင်ပါ မသိရအောင် မအေးမြ ဈေးသွားသောအချိန်ကို လက်ဖက်ရည်ဆိုင်ကနေ မသိမသာချောင်းပြီး စနည်းနာရသည်။ မအေးမြက ဘွဲ့ရပြီး ဈေးထဲမှာ အထည်ဆိုင်ဖွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ မအေးမြ ဈေးသို့ ဆိုင်ဖွင့်ဖို့အလာ ဖိုးသကြြားက သက်ဖက်ရည်ဆိုင်ထဲ အတင်းခေါ်သဖြင့် မအေးမြလည်း တစ်ခါဖူးမှ ထိုသို့ ဖိုးသကြြား မခေါ်ဖူးသဖြင့် လက်ဖက်ရည်ဝင်သောက်မိမှ ညည်းစားစကား ပြောခံရပါတော့သည်။

'အေးမြ… နင့်ကို ငါ ချစ်တယ်၊ လက်ထပ်ချင်တယ်၊ ဒါပဲဟာ'

ဖွဲ့ဖွဲ့နွဲ့နွဲ့မပါ တုံးတိပြောချလိုက်သောစကားကြောင့် မအေးမြ ရင်တောင် ဘယ်လိုခုန်ရမှန်း မသိလိုက်။

'မဖြစ်ဘူး ထင်ပါတယ် ကိုဖိုးသကြြားရယ်၊ ကိုဖိုးသကြြားနဲ့ ကျွန်မက အသက်ဆယ်နှစ်လောက်ကွာတာ။ တော်ကြာ လူတွေ ပြော စရာ ဖြစ်နေမယ်။ ကျွန်မ စဉ်းစားပါဦးမယ်'

အဲသည်နောက် ပတ်ဝန်းကျင်မသိအောင် ပြောက်ကျားနည်း ကိုသုံးပြီး ဖိုးသကြြားတစ်ယောက် မအေးမြနှင့် နေ့လယ်ခင်းတွေမှာ သူတိုသိသည့်သူတွေနှင့် ခပ်ဝေးဝေးတွင်ရှိသော လက်ဖက်ရည်ဆိုင် တွင် တွေ့ပြီး ယောကျ်ားနှင့် မိန်းမတို့ အစဉ်အလာခလေ့အတိုင်း ယောကျ်ားလေးက ဘဝခရီးတွေ ပြော၊ မိန်းကလေးက အကြောင်းမပြ ပြင်းဆန်ရင်းဆိုသည့် အစဉ်အလာခလေ့ကို ဖြတ်သန်းပြီး ခြောက်လ အကြာမှာ မအေးမြအချစ်ကို ဖိုးသကြြား ရခဲ့ပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

ထုံးစံအတိုင်းပါပဲ။

ပထမတော့ မအေးမြတို့ဘက်က အသက်ကြွသည် ဘာသည် ပြောပေမယ့် နောက်ဆုံးတော့ ဖိုးသကြား၏ ကြိုးစားမှု၊ ကြွယ်ဝမှုကို ရှေးရှု၍ သဘောတူလိုက်ကြပါသည်။

ဤသို့ဖြင့် ဖိုးသကြားနှင့် မအေးမြတို့၏ မင်္ဂလာပွဲကို ဘုန်းကြီးကျောင်းမှာ ခြိမ့်ခြိမ့်သဲ ကျင်းပပါတော့သည်။

ဖိုးသကြား မျှော်လင့်သလို ဖိုးသကြားနှင့် မအေးမြတို့၏ အိမ်ထောင်ရေးက အစစအရာရာ အဆင်ပြေလို့နေပါသည်။ အရောင်းအဝယ်ကိစ္စကပြန်ရောက်လျှင် ထမင်းပွဲပြင်ပြီးစောင့်နေသော မအေးမြ၊ ရေချိုး သွားတိုက် အပြင်သွားဖို့ အစရှိသဖြင့် ကိစ္စအဝဝကို မအေးမြက အားလုံး အိမ်ရှင်မပီသစွာ တာဝန်ကျေပါသည်။

'ဖိုးသကြား မင်းတို့ အိမ်ထောင်ကျတာ တစ်နှစ်ကျော်ပြီ။ သား၊သမီးယူတော့လေကွာ'

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းတွေက ထိုသို့ပြောသောအခါ ဖိုးသကြား ချက်နှာညှိုးလျှော့ရှိပါသည်။

'ယူချင်တာပေါ့ကွာ၊ ကလေးက မရသေးဘူးဖြစ်နေတယ်၊ ရောနှာပဲဟာ ယူချင်တာပေါ့'

'ဒါဆိုလည်း ဆရာဝန်တွေ ဘာတွေနဲ့ ပြကြည့်ပါဦး'

မိတ်ဆွေအပေါင်းအသင်းတွေက တိုက်တွန်းသဖြင့် ဆရာဝန်များနှင့် ဖိုးသကြားက တိုင်ပင်ဆွေးနွေးပါသည်။

'ဘာမှမပူပါနဲ့ဗျာ၊ ကလေး ရမှာပါ။ ခင်ဗျားရော ခင်ဗျားရဲ့ ဇနီးမှာပါ ဘာချို့ယွင်းချက်မှ မရှိပါဘူး'

ဆရာဝန်က ထိုသို့မှတ်ချက်ချပေးတော့မှ ဇနီးဖြစ်သူ မအေးမြ ကတော့ မပြောတတ်၊ ဖိုးသကြားကတော့ အလုံးကြီး သူ့ရင်ဝမှာ ကျသွားသလို ခံစားလိုက်ရသည်။

'ဒီမှာ ဖိုးသကြား၊ မိန်းမတွေ ကိုယ်ဝန်ရပြီဆို သူတို့လိုတာ သူတို့ခင်ပွန်းဆီက ကြင်နာမှုပဲ၊ ကိုယ်ဝန်ရစမှာ သူတို့က မစားချင်၊ သောက်ချင် ဖျို့အန်တတ်တယ်။ အဲဒီချိန်ခါမျိုးမှာ ပိုဂရုစိုက်ရတယ်။ ကိုယ်ဝန်ရစဆိုတော့ အဲဒီအချိန်မှာ ဝမ်းနည်းတာ ခံစားရရင် ဗိုက်ထဲက ကလေးကလည်း မွေးလာရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ကြီး ထွားရင်မရှိဘူး ဖြစ်တတ်တယ်ကွ'

မိမိထက်ဝါရင့်သော မိတ်ဆွေအိမ်ထောင်ဦးစီးများထံမှ ဤသို့သောစကားမျိုးတွေကိုလည်း ဖိုးသကြားတစ်ယောက် နားသို့မှတ် သားခဲ့ရပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဖြစ်ပါသည်။

'ကိုဖိုးသကြား၊ ကျွန်မလေ မွေ့တာမလာတာ တစ်ပတ် သောက်ရှိပြီ။ သားသမီးများ ရချင်သလား မသိဘူး'

'ဟော…'

မအေးမြ ပြောစကားကို နားထောင်ပြီး အုံ့အားသင့်ရင်းက ဖိုးသကြားက ဝမ်းသာအားရ ထခုန်ပါတော့သည်။

'ဒီမှာ ဖိုးသကြား၊ မင်းရဲ့မိန်းမ အန်ပြီဆိုရင် သေချာပြီ။ ဒါ ကိုယ်ဝန်ရှိတာပဲ'

လက်ဖက်ရည်ဆိုင်မှာ ကိုဘထင်က ဖိုးသကြားကို လက်ဖက် ရည်သောက်နေတုန်း ပြောဖြစ်အောင် ပြောလိုက်သေးသည်။

ထိုနေ့ ထိုရက်မှစ၍ ဖိုးသကြားတစ်ယောက် မအေးမြကို မျက်ခြည်ပြတ်မခံတော့။ မအေးမြဆီက ဘယ်အချိန် အန်သည့်အသံ ထွက်လာမလဲ စဉ်ဆက်မပြတ် အကဲခတ်နေတော့သည်။

တစ်နေ့ မြို့ထဲမှ ဖိုးသကြား ပြန်လာပြီး ပက်လက်ကုလားထိုင် မှာ ထိုင်နေစဉ်…

'ဝေါ့… ဝေါ့…'

မအေးမြ အန်သောအသံကို ကြားရသဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ထိုင်ရာမှထကာ ဝမ်းသာအားရနှင့် ထခုန် လိုက်သည်။

'သေချာပြီ၊ မအေးမြ ကိုယ်ဝန်ရပြီ'

အန်နေသော မအေးမြထံ အပြေးသွားကာ ကျောကိုနှိပ်ပေးရင်း မှ ဖိုးသကြားက မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အေးမြရယ်... အေးမြ ဒီလိုအန်တာကတော့ သေချာပြီ၊ ကိုယ်ဝန်ရှိပြီပေါ့နော်'

အန်တာ ရပ်သွားသည့်အခါ မအေးမြက ဖိုးသကြားကို ကြည့်ပြီး ရယ်ရင်းက...

'ဘယ်ကလာ ကိုယ်ဝန်ရှိလို့ အန်ရမှာလဲ ကိုဖိုးသကြားရယ်၊ နေ့ညယ်က ပဲမြစ်စားတာ အစာမကြေလို့ အန်တာပါ'

'ဟာ... အေးမြရာ၊ ငါက ကိုယ်ဝန်ရပြီမှတ်လို့'

ခေါင်းကြီးကို ငိုက်စိုက်ချပြီး ဖိုးသကြားတစ်ယောက် အိမ်ရှေ့ခန်းသို့ ထွက်သွားပါသည်။

နောက်ရက်တွေမှာလည်း ဖိုးသကြားတစ်ယောက် မအေးမြကို မျက်ခြည်ပြတ်မခံပါ။

'ဝေါ့... ဝေါ့...'

'ဟာ... အေးမြ အန်ပြန်ပြီ'

ထိုကဲ့သို့ အန်သံကြားတိုင်း ကိုယ်ဝန်ရှိပြီအထင်နှင့် ချစ်ဇနီးမအေးမြအား ဖိုးသကြား မေးလေတိုင်း ချစ်ဇနီးမအေးမြက ကောက်ညှင်းပေါင်းစားပြီး အသုပ်စားတာ ရင်ပြည့်လို့ အန်တာ၊ အုန်းနို့ခေါက်ဆွဲစားတာ အစာမကြေလို့ အန်တာ၊ ထမင်းစားများသွားလို့ ရင်ပြည့်ပြီးအန်တာ အစရှိသဖြင့် မအေးမြ အစားမက်သည့်အဖြေတွေပဲ ရနေပါသည်။

ထို့နောက်တော့ မအေးမြ အန်သံကို ဖိုးသကြားတစ်ယောက် နားဝင်စားမှုက နည်းနည်းလေး လျော့သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့တစ်နေ့မှာ ပက်လက်ကုလားထိုင်တွင် အားကစား ဂျာနယ်တစ်စောင်ကို ဖိုးသကြား ဖတ်နေစဉ်…

'ဝေါ့… ဝေါ့…'

အိမ်နောက်ဖေးမှနေ၍ မအေးမြ၏ အန်သံကို ကြားရပြန်ပါ သည်။

'အေးမြ ဒီတစ်ခါ ဘာစားတာ များသွားပြန်ပြီလဲ'

ထိုင်ရာကနေ ဖိုးသကြား မအေးမြကို လှမ်းမေးလိုက်ပါ သည်။

'ဘာမှမစားဘဲ အန်တာ ကိုဖိုးသကြားရေ၊ အရင်အန်တဲ့ ခံစား မှုမျိုး မဟုတ်ဘူး၊ မူးလည်း မူးတယ်'

'ဟေ…'

ဝမ်းသာအားရနှင့် ဖိုးသကြားက မအေးမြ ကျောကို နှိပ်ပေး ရင်းမှ…

'ဒါဖြင့်ရင် အေးမြရေ ဒီအန်သံ သေချာပြီပေါ့'

ထိုနေ့ညနေမှာ ဆရာဝန်နှင့်ပြပြီး မအေးမြမှာ ကိုယ်ဝန်ရှိ သလား၊ မရှိသလား စမ်းသပ်တော့ ဆရာဝန်က အခုကတည်းက ကလေးပစ္စည်းတွေ စုပေတော့ဟု ပြောပါသည်။

'ဒီတစ်ခါတော့ အေးမြရဲ့ အန်သံက တကယ်တည့်သွားတာ ပဲဟေ့'

ဆေးခန်းကနေ ပြုံးပြုံးကြီး မအေးမြလက်ကိုဆွဲပြီး ထွက်လာ သော ဖိုးသကြားက မအေးမြကို ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်သကြား အတွေးထဲမှာတော့ မအေးမြ ဝမ်းကြာတိုက်ထဲက သခုမှ ကာလရှေကြည် သန္ဓေတည်သော ကလေးလေးဟာ သားသား သား၊ မီးမီးလား ဘယ်သူနဲ့များတူလေသလဲလို့ ဟေ ကျေနပ်နပ် ကြည် ကြည်နူးနူးကြီး တွေးနေမိပါတော့သည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

‘မနက်က အိပ်ရာကနိုးတော့ အိမ်ရှေ့မှာ လှန်းထားတဲ့ပုဆိုး မရှိတော့ဘူး’

‘ဘာထူးလဲ၊ ကျွန်မ အိမ်ရှေ့က တိုင်ကီထဲထည့်ထားတဲ့ ဒန်ဖလား ပါသွားပြီ’

သည်အသံတွေကို ဖိုးသကြားတစ်ယောက် လက်ဖက်ရည်ဆိုင်ထဲရောက်ရောက်ချင်း ကြားရပြန်ပြီ။ ဟုတ်တယ်။ ယခုတလော လမ်းထဲမှာ ခဏခဏ သူခိုး ခိုးခံနေရသည်။ အခိုးခံရတာတွေက ကြီးကြီးမားမား မဟုတ်ပေမယ့် ခဏခဏခိုးခံနေရသည့်အတွက် လမ်းထဲက လူတွေ ပေါ့ဆလွန်းရာ ရောက်နေပါသည်။

‘ခင်ဗျားတို့ကလည်း လမ်းထဲမှာ ဒီလောက်အခိုးခံနေရတာ ကိုယ့်ပစ္စည်းကိုယ် သေသေချာချာသိမ်းပေါ့ဗျာ’

‘ဩော်… ဖိုးသကြားရယ်၊ ပုဆိုးအပြဲမို့ မခိုးလောက်ဘူးထင်လို့ပါ’

‘မသိန်းမိကလည်း ပုဆိုးအပြဲတောင် သွားရှောင်းရင် တစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



သောက် ရတယ်၊ ပုဆိုးက ရှိပလေ့စေဟာ၊ အဲဒါတွေ ဆေးဆိုးအထက်ဆင် ပြန်လုပ်တယ် ကြားတယ်'

'တွေ့မယ်၊ ဒီတစ်ခါ သူခိုးမိလို့ကတော့ ဖိုးသကြားရေ ကြည့်နေ'

'ကျွန်တော်က မသိန်းမိတို့ထက် ဆိုးတာပေါ့၊ ရပ်ကျိုးရွာကျိုး သယ်ပိုးတဲ့ ဖိုးသကြား၊ ဖိုးသကြားလမ်းမှာ ဒါမျိုးဖြစ်တာ မခံနိုင်ဘူး'

ဖိုးသကြား ပြောလည်း ပြောစရာပါ။ ဖိုးသကြားတို့က မျိုးနှင့်ရိုးနှင့် ရပ်ကျိုးရွာကျိုး သယ်ပိုးသူများဖြစ်ကြသည်။ မျိုးရိုးစဉ်ဆက်ရပ်ကွက်ထဲမှာ ဘွန်းတောခေါ်သူတွေ ဖြစ်သည်။ ဖခင်လုပ်သူက နံနက်ဆလိဝေလင်း အရုဏ်တက်အချိန် မိန်းမ မီးဖွားခါနီး ဝမ်းဆွဲသည်နှင့်အားခဲ့ပြီး ရပ်ကွက်ထဲ ဘွန်းတောလှည့်ခေါ်သည်။ ကိုယ့်အိမ်ရှေ့သို့ဘွန်းတောခေါ်ဖို့အရောက် မိန်းမက ကလေးမွေးတာနှင့် ဆုံသည်အထိဆင်း။ ထိုကလေးကား ဖိုးသကြားပင် ဖြစ်တော့သည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# I

‘ဖိုးသကြားရယ်··· နင့်ကို ငါလေ ကျေးဇူးတင်လိုက်တာ၊ နင်ကပြောလို့ဆိုပြီး ငါ့ကုန်းစိမ်းဆိုင်မှာ လာဝယ်လိုက်တဲ့ သံပရာသီး ဆိုတာ ဘာရောင်းကောင်းသလဲ မမေးနဲ့၊ ကျေးဇူးပဲဟယ်’

ကြည့်ပါဦး။

ဖိုးသကြားတစ်ယောက် သူ ဖတ်ထား မှတ်ထားဖူးသည့် စာအုပ်တွေထဲက သိရသည့် ဗဟုသုတများကြောင့် လမ်းထဲ တစ်အိမ်တက်တစ်အိမ်ဆင်း နိုးနိုးကြားကြားနှင့် အိပ်ဖို့၊ သတိဝီရိယရှိဖို့၊ တချို့သူခိုးက အိမ်ရှေ့မှာ မစင်စွန့်ပြီး အောက်လမ်းနည်းနှင့် အိပ်မွေ့ချပြီး ခိုးတတ်ကြောင်း။

ထိုသို့ခိုးတတ်သည်ကို တန်ပြန်ခေတ်ရိုက်ခေတ်ဆင် အနေနှင့် သံပရာသီးကို အိမ်ရှေ့တံခါးဝရှေ့မှာ ထားဖို့လိုကြောင်း ညွှန်ကြားပါသည်။ ထို့အတွက် သံပရာသီးတွေ ဝယ်လိုက်ကြတာ ကုန်စိမ်းသည် ဒေါ်တင့်က ဖိုးသကြားကို ကျေးဇူးတင်မဆုံး ဖြစ်နေတော့သည်။

‘ဟော··· ကလေးတွေ၊ အဲဒီဝါးရင်းတုတ် မပေးစမ်း’

www.burmeseclassic.com

www.burmeseclassic.com



'ဘာလုပ်မလို့လဲ ဦးဖိုးသကြားရ၊ ဒါက ဘောလုံးကန်ရင် ငိုးတိုင်အပေါ်ဘားလုပ်တာ'

ဖိုးသကြားက ကလေးတွေ ကော်ဘောလုံးနှင့်ကန်သည့် ငိုးတည်းငိုးတိုင်က ဝါးရင်းတုတ်ကို တောင်းဖြစ်အောင် တောင်းလိုက်သည်။

'ဒီတုတ်က သူခိုးမိလို့က ဆုံးမဖို့ပဲဟေ့၊ ပွဲသိမ်းပဲ'

ဝါးရင်းတုတ်ကို ကိုင်ကြည့် လက်ထဲဆရင်းမှ ဖိုးသကြားက ပြောလိုက်ပြီး အိမ်ရှေ့ခြံတံခါးဝဘေးက သရက်ပင်ကို မှီပြီး ထောင်ထားလိုက်သည်။ ဖိုးသကြား စိတ်ကူးထဲမှာတော့ ဝါးရင်းတုတ်ဖြင့် အလောင်းမင်းတရား ဦးအောင်ဇေယျ ရန်သူတွေကို တိုက်ခိုက်နေသလို သူကလည်း သူခိုးတွေကို ဝါးရင်းတုတ်နှင့် နှိမ်နင်းနေလို့ပေါ့လေ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

ဖိုးသကြား အိမ်ပြန်လာတော့ ညရှစ်နာရီရှိပြီ ဖြစ်သည်။ သည်နေ့မှ မိန်းမဖြစ်သူ အေးမြက သူ့အဘွားအိမ် သွားအိပ်ချင်သည်ဟု ပြော၍ မပေါ့မပါးနှင့် ဇနီးသည်ကို သူ့အလိုကျ အဘွားအိမ်လိုက်ပို့၊ ဟိုဟိုဒီဒီ စကားပြောပြီး အိမ်ပြန်လာခဲ့သည်။ မီးက တစ်ရပ်ကွက်လုံး မှောင်နေသဖြင့် ကပ္ပလီမကို အိုးမည်းသုတ်ထားသလိုမျိုး ဖိုးသကြား လမ်းကလည်း မှောင်နေသည်။ လမ်းသူ လမ်းသားများ ဖယောင်းတိုင် မီးထွန်းလျှင် အန္တရာယ်ရှိမှာမို့၊ မီးစက်ဖွင့်လျှင် ဓာတ်ဆီ၊ ဒီဇယ်ကုန်မှာ၊ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်မှာစိုး၍ ထင်ပါသည်။ မည်သည့် အိမ်မှ လင်းထိန်နေအောင် မီးမထွန်းပါ။

ဖိုးသကြား ခြံဝင်းတံခါးကို ဖွင့်လိုက်သည့်အခါ သတိထားမိတာက ခြံဝင်းတံခါးက ပွင့်နေသည်။ သူ သေသေချာချာပိတ်ခဲ့တာ ဘာဖြစ်လို့ တံခါးပွင့်နေသလဲလို့ သံသယရှိစွာဖြင့် တံခါးကို ဖွင့်လိုက်သည်။ ခြံတံခါးနှင့် ကပ်လျက်မှာက သရက်ပင်ရှိသည်၊ သရက်ပင်ဘေးမှာ အပျိုပေါက်အရွယ် ကောင်မလေးတစ်ဦး။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာလည်း ဆွဲခြင်းနှင့်။

ဖိုးသကြားကို မြင်တော့ လန့်သွားသည်။

'ဟဲ့… ဘာလုပ်နေတာလဲ'

'အစ်ကိုညီက လွှတ်လိုက်လို့'

'နင်… နင် လာပါဦး၊ ဘာလို့ ခြံတံခါးကို ဖွင့်တာလဲ၊ ဘာလို့ သရက်ပင်နား ငါလာလို့ ပုန်းတာလဲ'

ဖိုးသကြား မသက်ာလို့ မေးရင်းက အိမ်ရှေ့ရေကန်နားမှာ လှန်းထားသည့် ပုဆိုးကို ကြည့်တော့ မတွေ့ရပါ။ သေချာပြီ။ သင်း ယူတာ၊ ထိုကောင်မလေး ခြင်းကို အမှောင်ထဲမှာ သူ ယူပြီးဖွင့်ကြည့် လျှင်ကောင်းမလား စဉ်းစားလိုက်သည်။ ကောင်မလေးက သူ့ကို ဘာလုပ်တယ်၊ ညာလုပ်တယ်ဆိုပြီး အော်လျှင် ပြဿနာတက်မှာလည်း စိုးရိမ်သွားသည်။

'အစ်ကိုညီက နက်ဖြန် အလှူရှိတယ်၊ လာခဲ့ပါတဲ့၊ အစ်ကို ညီဝမ်းကွဲလေ၊ အဲဒါ လာပြောတာ၊ လမ်းထဲက ကောင်လေးတွေ က ရည်းစားစကား လိုက်ပြောတာနဲ့ အထဲကို ခြံတံခါးဖွင့် ဝင်ပြေး တာ'

သည်ကောင်မလေး လိမ်နေမှန်း ဖိုးသကြား သိလိုက်သည်။ ဖိုးသကြား ညီအစ်ကိုဝမ်းကွဲက သည်မှာမရှိ။ အေးအရဲမှာ ဘယ်လိုလုပ် ဟုတ်ပါ့မလဲ။

'ကိုတင်ဝင်းရေ… မီးခြစ်ခဏလောက်ဗျာ၊ အိမ်တံခါးလေး ဖွင့်ချင်လို့'

ခြေရင်းအိမ်က ကိုတင်ဝင်းကို အော်ခေါ်လိုက်သည်။ ဖိုး

www.burmeseclassic.com

www.burmeseclassic.com



သကြား ရည်ရွယ်ချက်က ကိုတင်ဝင်း မီးခြစ်လာပေးလျှင် ကိုတင်ဝင်းကို သူက ထိုကောင်မလေး ဆွဲခြင်းကို ရှာနိုင်းမည်။ လှန်းထားတဲ့ ပုဆိုး ဆွဲခြင်းထဲမှာ ရှိကို ရှိရမည်။

'ရော့... ဖိုးသကြား'

ဖယောင်းတိုင်မီးကို ကိုင်ပြီး ကိုတင်ဝင်းက ခြံစည်းရိုးခြေရင်းဘက်ကနေ မီးခြစ်ကမ်းပေးပါသည်။

'နင် နေဦး၊ အိမ်တံခါးဖွင့်ပြီး ငါ မီးထွန်းလိုက်ဦးမယ်'

ဖိုးသကြားက အိမ်တံခါးကိုဖွင့်ပြီး ဖယောင်းတိုင်ကိုရှာ မီးခြစ်ပြီး မီးထွန်းတုန်းရှိသေး ဟိုကောင်မလေးက မာရသွန်အပြေးမယ်သနားပါသည်။ အိမ်ထဲကနေ လစ်ပြေးသွားသည်။

'ကိုတင်ဝင်းရာ... ခင်ဗျားက ခြံစည်းရိုးနားက ကပ်ပေးတာကိုး၊ ကျွန်တော်က ကျွန်တော့်အိမ်ထဲက ပေးရင် အဲဒီကောင်မလေး ဆွဲခြင်းနှိုက်ပြီး ရှာရုံပဲ၊ ကျွန်တော့်ဘာသာ ကျွန်တော်ဆို ဒီကောင်မလေးက အော်ရင် ပြဿနာဖြစ်မှာစိုးလို့ သူခိုးနေတုန်း ကျွန်တော် ခြံစည်းရိုးတံခါးဖွင့်ဝင်လာတော့ ပြောမိပြောရာ ပြောတာဗျ၊ နာလိုက်တာဗျာ၊ ကိုယ့်အိမ်ဝင်ခိုးတဲ့သူခိုး လွတ်သွားတာ'

'သိဘူးလေကွာ၊ ရိုးရိုးမီးခြစ်ပဲ တောင်းတာ မှတ်တာကိုး'

ဖိုးသကြား အောင့်သက်သက်နှင့် ခံလိုက်ရပါသည်။ ပြဿနာက ဤမျှာတင် မပြီး။

မိန်းမဖြစ်သူ မအေးမြက မင်္ဂလာဦးလက်ဆောင် ပုဆိုးကိုဘာဖြစ်လို့ မရုတ်တဲ လှန်းထားသလဲဆိုပြီး နောက်တစ်နေ့မှာ ပြဿနာရှာလို့ စကားများရပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးရှေ့ သရက်ပင်ဘေးမှာ ထောင်ထားသော ဝါးရင်းတုတ်ကို တွေ့လေတိုင်း ဖိုးသကြား မကျေနပ်နိုင်ပါ။ သူခိုးကို လက်ပူးသတ်ကြပ်မိပြီးမှ လွတ်သွားရသည့်အတွက် ဝါးရင်းတုတ်က သူ့ကို လှောင်နေသလို ခံစားနေရသည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

တစ်ည။

ဗုဒ္ဓဟူးနေ့ည ဖြစ်သည်။

တစ်နေ့လုံး မိုးရွာထားသည့်အတွက် အေးစိမ့်နေသည်။ လမ်းထဲမှာလည်း အပြင်ထွက်သူ မရှိ။ တစ်လမ်းလုံးလည်း တိတ်ဆိတ်နေသည်။

အေးမြကတော့ မိုးအေးအေးနှင့် ကွေးနေပြီဖြစ်သည်။

ဖိုးသကြားကလည်း ညဆယ့်တစ်နာရီရှိပေမယ့် စာအုပ်ဖတ်ကောင်းနေဆဲ ဖြစ်သည်။

'သူခိုး၊ သူခိုး၊ သူခိုး'

ထိုအချိန်မှာပဲ မိန်းမ အော်သံတစ်သံ တိတ်ဆိတ်နေသောညထဲ မတိုးမကျယ် ဖောက်ထွက်လာသည်။

သေချာပြီ။ အိမ်တစ်အိမ်က သူခိုးကိုမြင်လို့ အော်တာဖြစ်မည်။ အိမ်ရှေ့ခြံတံခါးကို စာဖတ်နေရာမှ အပြေးအလွှားသွားကာ သရက်ပင်

www.burmeseclassic.com

www.burmeseclassic.com



မှာ ထောင်ထားသော ဝါးရင်းတုတ်ကို ကိုင်ရင်း အိမ်ရှေ့ခြံတံခါးဖွင့်ပြီး လမ်းမသို့ ပြေးထွက်ခဲ့သည်။ သူခိုးလို့သာ အော်သံကြားရဲ့ လမ်းထဲမှာ ညည်းသူ့ မတွေ့ရ။

အားလုံး တိတ်ဆိတ်နေသည်။

'ဟေ့… ထွက်ကြလေကွာ၊ သူခိုးဆိုပြီး အော်သံကြားတာ တောင် လမ်းထဲက ထွက်မလာကြပါလားကွ၊ ထွက်ကြလေ'

လမ်းလယ်ခေါင်မှာ ဝါးရင်းတုတ်ကိုင်ရင်း အော်နေသော ဖိုးသကြား တော်တော်စိတ်ညစ်သွားပါသည်။ သူ့အော်သံကြောင့် ခေါင်း ရင်းသုံးအိမ်ကျော်က မစိန်မြင့်က အိမ်ရှေ့တန်းလျားသို့ ထွက်လာပါ သည်။

'ဖိုးသကြား ဘာပြောနေတာလဲ၊ ဘယ်က သူခိုးမှ မဟုတ်ဘူး။ တီဗွီကလာတဲ့ လိပ်ပြာခြေရာဗီဒီယိုဇာတ်ကားထဲက ထွန်းအိန္ဒြာဗိုက သူခိုးဆိုပြီး အော်တာ'

'ဟာဗျာ… ဒါဆိုလည်း ခင်ဗျားတို့က အသံတိုးတိုးဖွင့်ဗျာ'

မစိန်မြင့်က ရယ်ရင်း အိမ်ပေါ်ပြန်တက်သွားပါသည်။ ဖိုး သကြား နည်းနည်းတော့ ဘုသွားပါသည်။ လက်ထဲမှာကိုင်ထားသော ဝါးရင်းတုတ်ကို သရက်ပင်ဘေးမှာ ပြန်ထောင် ခြံစည်းရိုးတံခါးကို ပိတ်ပြီး အောင့်သီးအောင့်သက်နှင့် အိမ်ပေါ်သို့ ဖိုးသကြား ပြန်တက် လာခဲ့ပါသည်။

သို့သော် ယနေ့အထိ ဖိုးသကြားတစ်ယောက် ခွဲကစော မျှော်သေးပါ။

ညဘက် အိမ်ရာက တစ်ရေးနိုးလေတိုင်း သရက်ပင် ဘေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထားသော ဝါးရင်းတုတ်ကိုကိုင်ရင်း အိမ်ဘေးပတ်လည် သူခိုးဝင်လေသလား၊ လမ်းထဲ ဘယ်အိမ် သူခိုးခိုးလေမလဲ ခြံစည်းရိုးတံခါးဖွင့် လမ်းမထွက်ပြီး ကြည့်တုန်း။

ဩော်... ဖိုးသကြားတစ်ယောက် ဘယ်ခါများမှ သူခိုးမိလေပါ့မလဲ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

*'နေ့ပေါင်းများစွာ လပေါင်းများစွာ ကြာမြင့်သော်လည်း ×××
ကိုယ်မမေ့ပြီသာ ××× မှန်းရစ်လေဦး ××× ဘုန်းချစ်တဲ့သူရာ'*

မိုက်ကရိုဖုန်းကိုင်ပြီး ကာရာအိုကေသီချင်းသီဆိုနေသော ဖိုးသကြားတစ်ယောက် သူ့ရှေ့တည့်တည့်က တီဗွီနှင့် ဒီဗီဒီအောက်စက်ကိုလည်း မမြင်၊ မျက်စိနှစ်လုံး စုံမှိတ်ရင်းမှာ တောအုပ်တစ်ခုထဲသို့ ရောက်လို့နေသည်။

သစ်ရွက်တွေကလည်း တစ်တောလုံး မြေမှာ ကြွေကျနေတာ အပြည့်။ သစ်ရွက်ခြောက်တွေကို သူ့ခြေထောက်တွေက မညှာမတာ နင်းရင်း တစ်စုံတစ်ယောက်ကို လိုက်ရှာလို့နေသည်။ သစ်ပင်ပန်းမန်တွေ၊ ရေတံခွန်တွေ၊ စမ်းချောင်းတွေ သူက ဖြတ်သန်းလာလို့နေသည်။

'ကိုဖိုးသကြား'

တောထဲတောင်ထဲရောက်နေသော ဖိုးသကြားတစ်ယောက် ကမ္ဘာပျက်သလို အသံတစ်သံကြားလိုက်ရသည်။ မျက်စိနှစ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



မှိတ်ထားရာမှ ဖွင့်လိုက်သောအခါ စောစောတုန်းက သူရောက်ရှိနေသော တောထဲတောင်ထဲမဟုတ်ဘဲ သူ့အိမ်ဧည့်ခန်းဖြစ်နေပြီး ချစ်လှစွာသော ဇနီးအေးမြက စူထွက်ပြီး ပေါက်ကွဲမတတ်ဖြစ်နေသည့် သူမဝမ်းဗိုက်ကို လက်နှင့်ဖိထားရင်းမှ သူ့ရှေ့တည့်တည့်မှာ မတ်တတ်ရပ်လို့နေသည်။

'ရှင် ကာရာအိုကေဆိုတာကို ရပ်လိုက်တော့၊ ဒီမှာ ဗိုက်ထဲက ကလေးတိုးလို့ နာရတဲ့အထဲ တော်ကလေ ဘာတွေဗီလင်တက်နေမှန်း မသိဘူး'

ဖိုးသကြား. ခံစားမှုတွေ ပျက်သုဉ်းကုန်ပါသည်။ အဆိုအင်မတန်မှ ဝါသနာပါသော သူ့ကို လာရောက်ပိတ်ပင် တားဆီးမှုတွေနှင့် ကြုံနေရပြီဖြစ်သည်။

'အေးမြရာ... ငါက အဆိုဝါသနာပါတာ နင် သိသားပဲ၊ အဆိုဆိုတာ Mood ဝင်မှ ဆိုလို့ရတာ၊ ဒီလို ခံစားချက်ရှိတဲ့ သီချင်းမျိုးက Mood ပါမှ အခု ငါ Mood လာလို့ ဆိုနေတာပါ'

မအေးမြက ဖိုးသကြားကို မျက်စောင်းထိုးလိုက်သည်။

'ရှင့်ဘာသာ Mood ပါရင် ရပ်ကွက်ထဲက တစ်ရာဖိုးနှစ်ပုဒ် ကာရာအိုကေမှာ သွားဆို၊ ဒီမှာ ဗိုက်ထဲက ကလေးက တိုးရဝဲ ကြားထဲ ရှင့်အသံ ဆူဆူညံညံက တစ်မျောင့်'

'ဂီတဆိုတာကို မိန်းမတွေ အထူးသဖြင့် မင်းလို နားမလည်တာမျိုးက ပိုဆိုးတယ်ကွာ၊ ခက်တယ်၊ ဂီတဆိုရင် မင်းဟာလေ ချိုမြိုင်မြိုင်လောက်ပဲ သိတာကိုး'

'အဲဒီလို ချိုမြိုင်မြိုင်ပဲသိတာကို ရှင်က ဘာလို့ယူလဲ'

www.burmeseclassic.com

www.burmeseclassic.com


ဖိုးသကြား ထိုင်နေရာမှထကာ ကာရာအိုကေစက်ကို ပိတ်လိုက်သည်။ အိမ်မှာ ဆက်ရှိနေလျှင် မအေးမြနှင့်က စကားဆက်များမှာအမှန်။ အကောင်းဆုံးက လက်ဖက်ရည်ဆိုင်ပဲ သွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

‘အေးမြပြောတာ မှန်တယ် ဖိုးသကြား၊ ဒီအချိန်မှာ ကိုယ်ဝန်ဆောင်သည့်ဇနီးကို ဆူဆူညံညံတွေ မဖွင့်ပြရဘူး၊ တီဗီကြည့်ရင်လည်း သတ်တာဖြတ်တာမျိုးတွေ မပြရဘူး၊ ရယ်စရာ မောစရာ ချောချောလှလှလေးတွေ ပြရတယ်၊ ဒါမှ ဗိုက်ထဲက ကလေးက မွေးလာတော့ ချောချောလှလှလေး ဖြစ်မှာ’

လက်ဖက်ရည်ဆိုင်ထဲမှာ ဖိုးသကြားက ကိုကျော်ကြီးစကားကို ဂရုစိုက်နားထောင်နေမိသည်။

‘ကိုကျော်ကြီး… နေပါဦးဗျ၊ ခင်ဗျားက လူပျိုကြီးဖြစ်ပြီး ဒါတွေ ဘယ်လိုလုပ် သိသလဲ၊ ခင်ဗျား မိန်းမ မယူဖူးပါဘူး’

‘ဟ… ဒါတွေက မိန်းမရမှာလားကွ၊ ငါ့ညီမတွေရဲ့ အတွေ့အကြုံ ငါ့မှာရှိပါတယ်ကွ၊ ဒါထက် မင်းရဲ့အိမ်နံရံမှာ နိုင်ငံခြားက ကလေးပုံလှလှလေးတွေရော ကပ်ထားပြီးပြီလား’

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြားက ခေါင်းညိတ်လိုက်သည်။

အေးမြကိုယ်တိုင် ကိုယ်ဝန်ရှိသည်ဟု စသိရကတည်းက မြို့ထဲကိုပြေး လမ်းဘေးမှာချရောင်းသည့် ဝေါလ်ရှိတွေထဲက ချစ်စရာ အကောင်းဆုံးပုံတွေ သူက ရွေးပြီး အိမ်မှာကပ်ထားသည်။

'ကလေးတွေ ဝေါလ်ရှိပုံကို ကိုယ်ဝန်ဆောင်မိခင်က အဲဒီနံရံပေါ်က အလှခတ်ပုံဝေါရှိလ်တွေကို တစိမ့်စိမ့်ကြည့်တာကွ၊ ဒီတော့ ကိုယ်ကပ်ထားတဲ့ပုံက ချောဖို့လိုတယ်၊ ဒါနဲ့ မင်းမိန်းမကို အထရာဆောင်း ရိုက်ပြီးပြီလား'

'မြို့နယ်အထူးကုဆေးခန်းကြီးမှာ ရိုက်ပြီးပြီဗျ၊ ယောကျ်ားလေး မွေးမယ်တဲ့'

ကိုကျော်ကြီးက လက်ဖက်ရည်ကိုသောက်ရင်းမှ တစ်စုံတစ်ခုကို စဉ်းစားလိုက်သည်။ ထို့နောက်...

'ဒါဆို အေးမြက ယောကျ်ားလေးမွေးမှာ ကျိန်းသေတော့ ချောချောလှလှလေးမွေးဖို့ အရေးကြီးတယ်၊ ဒီတော့ မင်း အိမ်နံရံမှာ ကလေးခတ်ပုံ ဝေါရှိလ်တွေအပြင် မင်းသားခတ်ပုံ ဝေါရှိလ်တွေပါ ကပ်ရမယ်၊ မင်းက ဘယ်သူ့ကို ကြိုက်လဲ'

ဖိုးသကြား စဉ်းစားလိုက်သည်။

မြန်မာသရုပ်ဆောင် မင်းသားတွေ၊ အဆိုတော်တွေက သူ့ခေါက်စိထဲမှာ ရှုက်ကြမ်းရေကျိုအဆင့်သာ ရှိသည်။

သူ့ရုပ်ရည်နှင့် သူမသာ ကိုယ်အသုဘလို အရေးထားချိုးခင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရီးယားမင်းသားတွေကျတော့ ရုပ်ရည်က ပျော့လွန်းသည်။ မိန်းမ နည်းနည်းဆန်နေသည်။ ထိုမင်းသား ဝေါ်ရှိလ်တွေကပ်လို့က မဖြစ်။

တော်ကြာ မွေးလာသည့်ကလေးခများ မအေးမြက ထို ကြော်ငြာခတ်ပုံတွေကြည့်လို့ ဘုန်းကညာတစ်ပါး လုံးရာကပြားလျှင် ဖြင့် ခက်ရချေ။

သို့သော် သူနှစ်သက်ပြီး ရုပ်ရည်ရူပကာ ယောကျ်ားဆန်သော သူတစ်ဦးက ရှိသည်။

'အိမ်မှာ ရီးယဲမစ်ဒရစ်က ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ် ဘက်ခမ်းပုံပဲ ကပ်မယ်၊ ဒါမှ ဒီကြော်ငြာခတ်ပုံကိုကြည့်ပြီး မွေးလာ တဲ့ကလေးက ဘက်ခမ်းလို ချောပြီး ယောကျ်ားပီသမှာ၊ ဒီကောင် လူပျိုဖြစ်လာလို့ကတော့လားကွာ ကောင်မလေးတွေ ဝိုင်းနေမှာ'

ကိုကျော်ကြီးက ဖိုးသကြားစကားကြောင့် ကျေနပ်သွားသလို ဖိုးသကြားကလည်း သူ့စကားသူ သဘောကျပြီး ရယ်ပစ်လိုက်သည်။

'ဩော်··· ဒါနဲ့ ဖိုးသကြား အရေးကြီးတာရှိသေးတယ်၊ မင်း မိန်းမ မအေးမြကို ရုပ်ဆိုးဆိုးလူတွေနဲ့လည်း စကားမပြောခိုင်းနဲ့၊ တော်ကြာ မွေးခါနီးဖွားခါနီး အဲဒီပုံတွေ စိတ်စွဲပြီးမွေးလာရင် ဘယ်လို လုပ်မလဲ'

'ဟုတ်တယ် ကိုကျော်ကြီးရေ၊ အဲဒီအချက် ထည့်မစဉ်းစားမိ မိဘူး၊ ဒါလည်း အရေးကြီးတာ အမှန်ပဲဗျ'

ဖိုးသကြားက ခုံကို လက်နှင့်ခေါက်ရင်းမှ လက်ဖက်ရည်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရှင်းလိုက်ပြီး ဒေးဗစ်ဘက်ခမ်းပုံဝယ်ဖို့ မြို့ထဲသို့ထွက်ခွာသွားသည်။ အကြံပေးသူ ကိုကျော်ကြီးက ပြုံးပြုံးနှင့် ကျန်ရစ်ခဲ့လို့။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

ရီးယဲမစ်ဒရစ်ဘောလုံးအင်္ကျီဝတ်စုံနှင့် အင်္ဂလန်လက်ရွေးစင် ဘောလုံးအသင်းအင်္ကျီ ဝတ်ဆင်ထားသော ဒေးဗစ်ဘက်ခမ်း၏ အလှ ဓာတ်ပုံဝေါရှိလ်နှစ်ခုက ဖိုးသကြား အိမ်နံရံတွင် ခန့်ခန့်ကြီး နေရာယူ လျက်ရှိသည်။

ထိုကြော်ငြာဓာတ်ပုံ နှစ်ပုံကိုကြည့်ပြီး ကျေနပ်နေသူက ဖိုးသကြားပင် ဖြစ်သည်။

'အေးမြ··· ဘက်ခမ်းပုံကို နေ့တိုင်းကြည့်နော်၊ အားတိုင်း ကြည့်'

'ဘာလုပ်ဖို့ ဒီလောက်ကြည့်ခိုင်းတာလဲ'

'နောက်တော့ သိမှာပေါ့ဟာ'

မကြာခဏဆိုသလို မကြာခင်ပွင့်တော့မည့် စဘူးကြီးကို လွယ် ထားရသော မအေးမြကိုလည်း သူ့ခမျာ တိုက်တွန်းရတာ အခွေသာ။ သည်ကြားထဲ ကိုကျော်ကြီး သတိပေးသည့်ကိစ္စကိုလည်း ဖျက်ခြည် မပြတ် အကဲခတ်နေရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ဖြစ်ပါသည်။ ရပ်ကွက်ထဲမှာ မွှားနို့လှည့်ပို့သော ကိုဟာရှင်တစ်ယောက် မွှားနို့ပို့သောစက်ဘီးနှင့် ရောက်လာပါသည်။ ဖိုးသကြားက ဂျာနယ်တစ်စောင် ဖတ်နေ၍ သတိမထားမိ။

'အာရေး… အေးမြ၊ နင် ဘယ်တော့မွေးမှာလဲ၊ ကုလားမိန်းမ ဆော် မိန်းကလေးမွေးတာ တစ်နေ့က၊ အဲဒါ နင် မသိဘူးမှတ်လား'

'ဟုတ်လား… ကိုဟာရှင်ရယ် ဘယ်မှာမွေးတာလဲ'

'ဟာရှင့်မိန်းမနော် အိမ်မှာ လက်သည်နဲ့မွေးတယ်၊ ငွေတစ် ထောင်းကုန်တယ်'

'ဟယ်… သက်သာလှချည်လား'

အပြန်အလှန် စကားပြောဆိုနေသံများကြောင့် ဖိုးသကြား ဂျာနယ်ကို စားပွဲပေါ် ချလိုက်ပြီး ကြည့်လိုက်ရင်းက ဆုံးဖြတ်ချက်ချ လိုက်သည်။ မွှားနို့ပို့သော ကိုဟာရှင်နှင့် စကားပြောနေသော မအေးမြ တစ်ယောက် တော်ကြာ ကိုဟာရှင့်ကို စိတ်စွဲပြီး အသားမည်းမည်းနှင့် ကလေးမျိုး မွေးလာရင် ငါးပါးမှောက်ပြီလို့။

'အေးမြရေ… ဘာဖြစ်လို့ ရပ်စကားပြောနေတာလဲ၊ အအေး ပတ်နေဦးမယ်၊ ကိုဟာရှင် ခင်ဗျား နို့ပို့ရဦးမယ် မဟုတ်လား၊ ပြန်တော့ လေ'

တစ်ခါဖူးမှ ငေါ့သည်ကို မနှင်ဖူးသဖြင့် မအေးမြက လင်တော် မောင်ဖိုးသကြားကို အံ့အားသင့်နေသလို ကိုဟာရှင်ကလည်း အံ့အား သင့်နေပါသည်။

'အာရေး… ဖိုးသကြား၊ နင်က ငါ့ကို နှင်တယ်ပေါ့၊ ငါ စမ်းနည်းတယ်၊ ငါနော် နင်တို့ကို အရမ်းခင်တာ၊ သူ့အိမ် မွှားနို့

www.burmeseclassic.com



ပို့တယ်နော်၊ ငါ ရေရောတယ်၊ နင်တို့အိမ်က နွားနို့နော် ဘယ်တော့မှ ရေမရောဘူး၊ အစစ်ပေးတာ၊ ငါ့စေတနာကို နင် စော်ကားတယ်၊ ငါ သွားမယ်'

ဝမ်းပန်းတနည်းနဲ့ အဝီအပြင်ရင်ဖွင့်ပြီး ကိုဟာရှင်တစ်ယောက် စက်ဘီးစီးပြီး ပြန်သွားပါသည်။

'ကိုဖိုးသကြား ရှင် ဘယ်လိုလုပ်တာလဲ'

'နောက်ပေါ့ မင်း သိရမှာပေါ့ကွာ'

အဖြေကို တိကျရေရေရာရာမသိသော မအေးမြက ချစ်ခင်ပွန်း ဖိုးသကြားကို မျက်စောင်းထိုးပြီး အိမ်ပေါ်တက်သွားသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

နောက်ရက်တွေမှာလည်း အိမ်ကိုလာပြီး မီးကင်းကြေးမှန်မှန် ဆောက်သည့် စကားထစ်သော မောင်မြင့်ကို မအေးမြက မီးကင်းဖိုး တောင်းရင်း စကားပြောသဖြင့် ဖိုးသကြားက စကားဖြတ်ပြီး မအေးမြကို အိမ်ပေါ်တက်ခိုင်းသည်။

ထို့နောက် ခါးတို့လျှင် ယောင်တတ်သော ရပ်ကွက်ထဲမှ အနှိပ်သည်ဒေါ်ဥက မအေးမြဗိုက်ကို ပြင်ပေးဖို့လာသည်ကို ဒေါ်ဥလို ဆောင်တာ မွေးလာသည့်ကလေး ပါမှာစိုးသဖြင့် အတင်းနှင်လွှတ်သည်။

ထို့ထက်ဆိုးတာက ရွာမှလာလျှင် ဖိုးသကြားတို့အိမ်မှာ အမြဲတမ်း တည်းလေ့ရှိပြီး အိပ်လျှင် ခြေထောက်ကို တစ်ညလုံးဆောင့်ပြီး ကန်ကျောက်လေ့ရှိသော မအေးမြ၏ဦးလေး အလည်လာသောအခါ ရပ်ကွက်က ဧည့်စာရင်းတွေ စစ်သည်။

ဗေဒင်က ညအိပ်ညနေ ခြေလေးချောင်း မဝင်ရဘူးဘာဘူး ဆိုပြီး မအေးမြ အမေ့အိမ်သို့ အတင်းသွားပို့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မအေးမြနှင့် ဖိုးသကြား ထိပ်တိုက်တွေ့ကြတော့သည်။

'ကိုဖိုးသကြား… ရှင် အခုတလော ဘာအချိုးတွေချိုးပြီး ဘယ်လိုဖြစ်နေတာလဲ ပြောစမ်းပါဦး'

'အဲဒါ မင်းနဲ့ ဗိုက်ထဲက ရင်သွေးလေးအတွက်ကွ'

ဖိုးသကြား အဖြေစကားကို မအေးမြ နားမလည်။ ဖိုးသကြား ပုဆိုးစကိုဆွဲရင်း…

'ဘာ ရင်သွေးနဲ့ ကျွန်မအတွက်လဲ၊ တစ်နေ့တစ်နေ့ ဒေးဗစ် ဘက်ခမ်းပုံ ရှင်ကြည့်နိုင်းတာကရော ကိုယ့်လင်တောင် ကိုယ်မကြည့်ရတဲ့ဘဝ ဖြစ်နေတယ်'

'ဒီလိုဟေ့… ကိုကျော်ကြီးက ပြောတယ်၊ မွေးလာတဲ့ကလေး ရုပ်လှဖို့ နေ့တိုင်း ရုပ်လှတဲ့လူတွေကိုပဲ ကြည့်သင့်တယ်တဲ့၊ ဒါမှ မျက်စိထဲစွဲပြီး မွေးတဲ့ကလေးက ချောမှာတဲ့၊ ဒါနဲ့ ငါလည်း ယောကျ်ား ပီသတဲ့ ဘက်ခမ်းနဲ့တူအောင် မင်းကို ဘက်ခမ်းပုံကြည့်နိုင်းတာ၊ ပြီးတော့ ရုပ်ဆိုးဆိုး၊ စကားထစ်တဲ့၊ ယောင်တဲ့၊ ဟောက်ကဲ့သူတွေနဲ့ မင်းက စကားပြောတော့ သူတို့ကို စိတ်ထဲစွဲပြီး အဲဒါမျိုးတွေပါလာမှာ စိုးလို့ နှင်ရတာကွ၊ သိရဲ့လား'

ချစ်သောခင်ပွန်းသည် ဖိုးသကြားစကားအဆုံး မအေးမြ အသော် ကလေး ဒေါသထွက်သွားပါသည်။

'ကြားလို့ကောင်းရဲ့လား ကိုဖိုးသကြားရေ၊ ကျွန်မက ဘက်ခမ်းနဲ့တူတဲ့ ကလေးမွေးနိုင်းရအောင် ကျွန်မရဲ့လင်က ဘက်ခမ်း မဟုတ်

www.burmeseclassic.com



သွား၊ ရှင်လေ… ဖိုးသကြားဆိုတဲ့ ရှင်လေ၊ ရှင်ဟာလေ သူများမြွောက်သိုင်း လုပ်ရသလား၊ အခု စိတ်ပျက်ပြီ၊ အဲဒီအကြံပေးတဲ့ ကိုကျော်ကြီးကို ပြောပါလား၊ သူ့နှမတွေကျ‌ေ ဘာလို့ အဲဒါမျိုး အကြံမပေးသလဲ ဆို့ ရှင်ဟာလေ'

ထိုအခါကျမှ ဖိုးသကြားက ပြုံးဖြဲဖြဲလုပ်ရင်း…

'သိဘူးလေကွာ… အေးမြကလည်း ငါမှမသိတာ'

မအေးမြတစ်ယောက် တော်တော်စိတ်ပျက်သွားပါသည်။

စိတ်ပျက်ခြင်းနှင့်အတူ ဗိုက်က အခဲတော်နာလာပါသည်။

ဖိုးသကြားက ပက်လက်ကုလားထိုင်မှာ ထိုင်ဖို့ တွဲခေါ်လိုက်သည်။

မအေးမြဗိုက်က နာသထက် နာလာပါသည်။

နောက်ဆုံး အိမ်နီးနားချင်းတွေကို အကူအညီတောင်းပြီး အေးမြကိုယ်ဝန်ကို အပ်ထားသော မြို့နယ်အထူးကုဆေးခန်းကြီးသို့ ခေါ်သွားရပါတော့သည်။

နေ့လယ်တွင် ဖိုးသကြားအတွက် သားဦးရတနာကို မအေးမြ က မွေးဖွားခဲ့သည်။ မွေးခန်းထဲမှထွက်လာသော ကလေးကုံကြည့်ပြီး ဖိုးသကြား ကြည်နူးကျေနပ်နေမိသည်။ ဘာကြောင့်လဲဆို ဟုတ်တာ မဟုတ်တာ အပထား။ သားဦးလေး၏ မျက်နှာအကျက ဒေးဗစ်ဘက် ခမ်းနှင့် ခပ်ဆင်ဆင်တူနေ၍ ဖြစ်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

ချစ်ဇနီး မအေးမြ မွေးပေးသော သားဦးလေး ဖိုးသုညကို ကြည့်ပြီး ဖခင်ဖြစ်သူ ကိုဖိုးသကြား အကျေနပ်ကြီး ကျေနပ်လို့နေပါသည်။

ဖိုးဝရုပ်လို သားကလေးက ဝဝကစ်ကစ်နှင့်မို့ သားအနားက ဘယ်မှမသွားချင်။ သားမျက်နှာကိုသာ တစိမ့်စိမ့်ထိုင်ကြည့်နေရတာ ကောင်းကင်က ဖိုးလမင်းကြီးကို ကြည့်ရသလိုမျိုး ရင်ထဲ ချမ်းမြေ့လို့ ဖြစ်ပါသည်။

ယုတ်စွအဆုံး နေ့စဉ်ပုံမှန် ဝင်ငွေရနေသောလုပ်ငန်းကိုတောင် သိပ်စိတ်မဝင်စားချင်သလိုတောင် ဖြစ်လာရပါသည်။

'ကိုဖိုးသကြား ကလေးမျက်နှာကိုချည်းပဲ ထိုင်ကြည့်မနေနဲ့ဦး၊ တစ်သက်လုံး ကြည့်လို့ရတယ်၊ အိမ်ကလုပ်ငန်းကို ရှင် ဦးစီးပေး၊ ရှင့်တူတွေနဲ့ချည်း လွှဲမထားနဲ့ဦး၊ မြို့ထဲ ပစ္စည်းပို့တာက နှေးသွားမှ ကောင်းတာ၊ တော်ကြာ ကြွေးကျန်ဘာကျန်နဲ့ဆို မလွယ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဇနီးဖြစ်သူ မအေးမြက သတိပေးလေတိုင်း ရက် တစ်ရာကျော်ရှိပြီဖြစ်သော သားကို ပွေ့ချီထားသည့် ဖိုးသကြားက…

'ကြွေးကျန်တာက ဆုံးတာမှ မဟုတ်တာပဲကွာ၊ သားက အခုလို ငယ်ရွယ်တဲ့အချိန်မှာ မှတ်၊ ခြင်၊ ယင် မသန်းရအောင် ဂရု စိုက်ဖို့တော့လိုတယ်၊ ပြီးတော့ နို့ကို အချိန်မှန်တိုက်ဖို့ မင်းကို သတိပေး ရတာရယ်၊ သားက ဝတော့ မြင်တဲ့သူက ချစ်လို့ ပိုင်းချီ၊ အဲဒီအခါ သူတို့က ကိုယ့်သားသမီးမဟုတ်လို့ ချီချင်သလိုချီလို့ ပြုတ်ကျသွားရင် ရင်ကျိုးရချည်ရဲ့၊ အဲ… ကိုယ်က ဒီလို ရက်သား လသား ကလေးငယ် ငယ်လေးကို လက်ဖျားနဲ့ မထိရက်အချိန်မှာ ကလေးက ဝလို့ ချစ်စရာ လေးဆိုပြီး သားရဲ့တင်ပါးကို ချစ်စနိုးနဲ့ဆိတ်ရင် သားလေး နာမှာပေါ့၊ ဒါကြောင့် ဒါတွေ ဒီလိုမဖြစ်ရအောင် အနီးကပ်စောင့်ရှောက်ရင်း အခင်မေတ္တာပေးနေရတာ အေးမြရဲ့'

အထက်ပါ ဩဝါဒများက ကိုဖိုးသကြားထံမှ ရေမသောက် ဘမ်း တရစပ် သူ့လျှာဖျားကနေ ထွက်ကျလေ့ရှိပါသည်။

'ကိုဖိုးသကြားရယ်… ကျွန်မလည်း မိခင်ပါ၊ ရှင့်လိုပဲ သားကို ကျွန်မလည်း ဂရုစိုက်ပါတယ်၊ ကျွန်မကိုယ်တိုင် ဝမ်းနဲ့ လွယ်မွေးထား တာပါ၊ ရှင် ဘာသိလဲ၊ ကိုယ်မွေးထားတာ ယောကျ်ားလေး၊ အချိန် ကျ ရှင်ပြုပေးရမယ်၊ အရွယ်ရောက်ရင် သူများမိန်းကလေး ဒီက သားရှင်က တင်တောင်းရမှာ၊ အဲဒါတွေ အခုကတည်းက ရှာဖွေစု ထားတော့စုမှာရှလဲ၊ ဘာလဲ… နောင်တစ်ချိန် ကိုယ့်သားသမီးကို နှင်းနှာငယ် ခံနိုင်းမှာလား၊ ကဲ… ပြော'

www.burmeseclassic.com

www.burmeseclassic.com



မအေးမြက လေသံခပ်မာမာနှင့် အကွက်ကျကျ ပြောသည်။ အခါ ကိုဖိုးသကြားက သူ့လက်ထဲပွေ့ချီထားသော သားဖြစ်သူ ဖိုးသူ ကို မအေးမြလက်ထဲ ထည့်လိုက်ပြီး…

'အေးမြ… မင်းပြောတာ မှန်တယ်၊ မင်းကိုယူခဲ့တုန်းကလည်း ငါ မျက်နှာမငယ်ခဲ့ရဘူး၊ ဟုတ်တယ်၊ ငါ့သားလည်း မျက်နှာမငယ် စေရဘူး၊ ဒီကောင် သူဌေးသမီးနဲ့မညားဘူး ပြောလို့မရဘူး၊ စိတ်ချ… ငါကိုယ်တိုင် လုပ်ငန်းပြန်ဦးစီးမယ်'

ကောက်ကာငင်ကာပါပဲ။ အိမ်မှာ နေ့စားလာလုပ်နေသော ပလတ်စတစ်ဆွဲသူ၊ ကော်ညှပ်သူ၊ အရုပ်ဆေးခြယ်သူ၊ အိတ်သွတ်သူ များကို အသေးစိတ် ဖိုးသကြားတစ်ယောက် ညွှန်ကြားပါတော့သည်။ အလုပ်သမားတွေကလည်း ဘာစဉ်းစားမိသလဲ မသိ။

ပြုံးစိစိနှင့်။

ဒီထက်ကိုပိုပြီး မတိုင်ပင်ထားသလို အလုပ်သမားတွေ 'ဝါးခနဲ' ရယ်မောတာက မအေးမြပြောသည့် စကားတစ်ခွန်းကြောင့် ဖြစ်ပါသည်။

'အဲဒါသာ ကြည့်တော့၊ အခုမွေးတဲ့ သားကိုတောင် ကျေးဇူး တင်ရမယ်၊ အင်မတန် ကာရာအိုကေဝါသနာပါတဲ့ ကိုဖိုးသကြား ကလေးရကတည်းက သီချင်းမဆိုတာ ဘယ်လောက်ပတ်ဝန်းကျင် နားငြီးသက်သာလို့ ကျေနပ်နေသလဲ၊ ပြီးတော့ လက်ဖက်ရည်ဆိုင်မှာ အာပေါင်အာရင်းသန်သန်နဲ့ သင်းက စကားတောင်မပြောနိုင်တော့ လက်ဖက်ရည် သူများတွေကို မတိုက်ရတာ ဘယ်လောက်ငွေကုန်

www.burmeseclassic.com

www.burmeseclassic.com



သက်သာလဲ၊ သားရေ… အဲဒါ သားကြောင့်၊ သိလား'

ကိုဖိုးသကြားက ယောကျ်ားကြီးတန်မဲ့ မအေးမြအား မျက်စောင်းလှမ်းထိုးပါသည်။ ဒါကို မအေးမြက ချီထားသော ကလေးကို ကြည့်ရင်း…

'သားရေ… မင်းရဲ့ဖေဖေက မေမေ့ကို မျက်စောင်းထိုးနေတယ်၊ မှန်တာ ပြောလို့တဲ့၊ သား ပြန်ပြောလိုက်စမ်း၊ ဟုတ်တယ်လို့'

မအေးမြ ချီထားသောကလေးက မိခင်စကား နားလည်လို့လား သို့မဟုတ် နို့ဆာလို့လားမသိ နှုတ်ကနေ ကလေးသဘာဝအတိုင်း 'ဝူး… ဝါး…' အသံထွက်ပါသည်။

ဖအေဖြစ်သူ ဖိုးသကြားက ထိုမြင်ကွင်းကို ကြည့်ပြီး ဘယ်နေပါ့မလဲ။

'ဟော… တွေ့လား၊ ငါ့သားလေးက ဘယ်လောက် မိခင်စကား နားလည်လဲ၊ ဒီကောင် လူလည်၊ သင်းနဲ့ကျမှ ငါ့အဖေ ဒုက္ခရောက်ရမှာ၊ ဒီကောင် တော်တော်ဆိုးတာ၊ မလွယ်ဘူး၊ ဟဲ… ဟဲ… ဟဲ…'

သုံးဆယ့်နှစ်ချောင်းသော သွားများကို ပေါ်အောင်ပြုံးရင်းက သားဖြစ်သူ ဖိုးသုညအား ထပ်မံကြည့်ရင်းက အလုပ်သမားတွေကို ပြောချလိုက်ပါသည်။ အလုပ်သမားတွေကတော့ ဘယ်လိုနေမလဲ မသိ။

ဖခင်ဖြစ်သူ ကိုဖိုးသုညကတော့ သူ့ရင်ထဲမှာ ကြည်နူးလို့ခုံး ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော်… ချစ်တော့ ကြည်နူးတာ ဖခင်တစ်ယောက်အဖို့ အပြစ်မှမဟုတ်တာ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

မိုးဦးကာလဖြစ်ပေမယ့် မိုးက တော်တော်ကောင်းပါသည်။ ထို့ကြောင့် ကိုဖိုးသကြီးတို့ ရပ်ကွက်ထဲရှိ ချောင်းမြောင်းများမှာ ရေကောင်းကောင်းမစီးသဖြင့် လမ်းများပေါ်သို့ ရေများရောက်လာကာ အဖော်အဖြစ် ခြင်များလည်း လိုက်ပါလာပါသည်။

'ဖိုးသကြီး အခုမိုးကာလမျိုးမှာ ကလေးတွေအတွက် သွေးလွန်တုပ်ကွေးရောဂါက တော်တော်ကြောက်ရတယ်နော်။ ဒီတော့ မင်းရဲ့ကလေးက ဝကလည်း ဝတော့ သတိထား၊ ခြင်တွေဘာတွေ မကိုက်စေနဲ့၊ ခြင်ဆေးတို့၊ ခြင်ဆေးရည်စိမ်တဲ့ ခြင်ထောင်တွေ ဘာတွေ ချုပ်ထားဦး၊ သွေးလွန်တုပ်ကွေး ဖြစ်တဲ့ ခြင်က နေ့ဘက်ကိုက်တာ ကလေးငယ်တာ ကြီးတာ မရှောင်ဘူး'

ရပ်ကွက်ဆေးခန်းမှ ဆရာဝန်ဒေါက်တာ ဦးဘဝင်းက ကိုဖိုးသကြီး နှာစေးလို့ ဆေးခန်းသွားပြစဉ် သတိပေးစကားဆိုလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒါဆိုရင် ဒီ သွေးလွန်တုပ်ကွေး မဖြစ်ဖို့ ဆောင်ရန် ရှောင်ရန် ဘာလုပ်ရမလဲ ဆရာ'

'နေဦး… ကျန်းမာရေးဌာနကထုတ်တဲ့ လမ်းညွှန်စာရွက် ရှိတယ်၊ ပေးလိုက်မယ်၊ ခက်တာက မိဘတွေကလည်း ဂရုမစိုက်ဘူး ကွ၊ သွေးလွန်တုပ်ကွေးဖြစ်တာ မသိရင် အသက်ပါ ဆုံးသွားတတ်တယ်'

ဆရာဝန် ဦးဘဝင်း စကားကြောင့် ကိုဖိုးသကြား တော်တော် တုန်လှုပ်သွားပါသည်။ အထူးသဖြင့် အိမ်တွင်ရှိနေသော သားဖြစ်သူ အတွက်ပါ စိတ်တော်တော်ပူသွားပါသည်။ မအေးမြက အခုချိန် ကလေးကို ပုခက်ထဲသိပ်တာ ခြင်ဆေးမှ ထွန်းပါ့မလား၊ ခြင်ကိုက်နေ တာကိုမှ သိမှ သိပါ့မလား စသဖြင့် စိုးရိမ်စိတ်တွေက ဝင်လာပါသည်။ ဆရာဝန် ဆေးခန်းကနေ အိမ်ကို အမြန်သုတ်ခြေတင်ပြေးကာ အိမ် ရောက်တော့မှ ရင်ထဲကအလုံးက ကျပါသည်။ သားဖြစ်သူက အမေ့ ရင်ခွင်ထဲမှာရှိနေပြီး နို့စို့နေလို့ ဖြစ်ပါသည်။

'အေးမြရေ… ကလေးအိပ်ရင် ဘေးနားမှာ ခြင်ဆေးမပြတ် ထွန်းပေ့၊ သွေးလွန်တုပ်ကွေးတွေ ဘာတွေ ဖြစ်နေမယ်၊ ရော့… ဒီစာရွက်ကိုလည်း သေသေချာချာသိမ်းဦး၊ သွေးလွန်တုပ်ကွေးမဖြစ်ဖို့ လမ်းညွှန်ချက်ကွ၊ ဖတ်ထားဦး'

'တော်ကလည်းလေ… ဒီမှာ နို့တိုက်နေတာ မမြင်ဘူးလား၊ ဘုရားစင်ပေါ်မှာ တင်ထားလိုက်၊ ခြင်ဆေးက သိပ်ထွန်းပြန်ရင်လည်း ကလေးက အဲဒီအနံ့ရှူရလို့ အဆုတ်ရောဂါဖြစ်ဦးမယ်၊ ဒီခြင်ထောင်ရှိရင် သိပ်ကောင်းမှာ'

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ထပ်က ဘုရားစင်မှာ သွေးလွှန့်တုပ်ကွေး သတိပြုရန်နှင့် လိုက်နာဆောင်ရွက်ရန်စာရွက်ကိုသွားထားနေသော ကိုဖိုးသကြားတစ်ယောက် အိမ်အောက်ထပ်မှ မအေးမြ စကားပြောသံကို အိမ်ပေါ်ထပ်ကနေ အတိုင်းသား ကြားနေရပါသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# I

ကိုဖိုးသကြား၏သား ဖိုးသုညတစ်ယောက် ဖျားတာ သုံးရက်ရှိပြီဖြစ်သော်လည်း ကိုယ်ပူက မကျ။ ပထမတစ်ရက်၊ နှစ်ရက်လောက်ကတော့ ရိုးရိုးကျောပူ ခေါင်းပူဖြစ်တာပဲဆိုပြီး Capol ပါရာစီတမော ဆေးရည်ကိုတိုက်ပေမယ့် ကိုယ်ပူက မကျ။

သို့နှင့် သုံးရက်မြောက်နေ့တွင် ကိုယ်က ပူရုံသာမက ကလေးက မှိန်းလွန်းလှသဖြင့် မအေးမြရော ကိုဖိုးသကြားပါ စိုးရိမ်လာသည်။ သို့နှင့် မနက်ပိုင်းဖွင့်သော ကလေးဆေးခန်းကို ပြတော့မှ ဖိုးသကြားရင်ထဲ အလုံးကြီးဝင်လာသလိုမျိုး ခံစားလိုက်ရသည်။ ကလေးက သွေးလွန်တုပ်ကွေးဖြစ်သည့် လက္ခဏာမျိုး တွေ့ရသည်။ ဆေးရုံအမြန်တင်ပါဟု ညွှန်ကြားပါသည်။

တစ်ခါဖူးမျှ ဒါမျိုး မကြုံတွေ့ဖူးသဖြင့် မအေးမြရော ဖိုးသကြားပါ ဘာလုပ်ရမှန်း မသိ။ ရပ်ကွက်ထဲမှ အိမ်နီးနားချင်းအချို့ကိုခေါ်ပြီး ဆေးရုံသို့ ကားငှားကာ အမြန်ထွက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တော့ အရေးပေါ်ဌာနမှာ စာရင်းပေးပြီး ကလေးဆောင်သို့ တန်းတင်ပါသည်။ ကလေးဆောင်မှာ အရေးပေါ်ခန်းမှာ ဘာဝန်ကျဆရာဝန်များက မိဘနှစ်ပါးဖြစ်သော ဖိုးသကြားနှင့် အေးမြကို မေးပါတော့သည်။ ဖျားတာ ဘယ်နှရက်၊ အပူကျသလား၊ တကျသလား၊ ဘာဆေးတိုက်လဲ၊ ဘယ်သွားဖူးလဲ စသဖြင့် မေးမြန်းသမျှကို မအေးမြကလည်း ဖြေပါသည်။

ကလေးကိုစမ်းသပ်သောအခါ ကလေးက အန်ခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ ဝမ်းမည်းများမသွားခြင်း၊ လက်မောင်းနှင့် ခြေသလုံးများအလွန်အမင်းအေးစက်ခြင်းမရှိသဖြင့် ကံကောင်းကြောင်းပြောရင်းက သွေးစစ်ဖို့ ကလေးလက်ချောင်းလေးကို ဖောက်ပါသည်။ ကလေးက ငိုတာ ကိုဖိုးသကြားခမျာ မကြည့်ရက်ဘဲ မျက်နှာလွှဲနေရသည်။

လမ်းထဲက အဖော်တစ်ယောက်က သွေးစစ်ဌာနမှာ ကလေး၏ သွေးသွားစစ်နေတုန်း ကလေးလက်မောင်းကို စမ်းလိုက်၊ နားကြပ်ဖြင့် နားထောင်လိုက်နှင့် စမ်းသပ်မှုအမျိုးမျိုး လုပ်ပါသည်။ သားလေးခမျာမှာတော့ ဘာမှုမသိရှာဘဲ မှိန်းနေလို့။

မကြာပါ။

သွေးစစ်ချက် ထွက်လာပါသည်။

သွေးလွန် တုပ်ကွေးလက္ခဏာ ရှိသည်တဲ့။

ဆရာဝန်က ကလေးငယ်လွန်းသဖြင့် ခါတ်ဆားရည်တိုက်လို့ရသောကြောင့် လက်ကနေ 'ဒရစ်'သွင်းရမည်ဟုပြောကာ လိုအပ်တာ ဝယ်ခိုင်းပါသည်။

'အေးမြ… အဲဒါ နင့်ကြောင့်၊ နင် ခြင်ဆေးတောင်းတောင်း

www.burmeseclassic.com



မထွန်းလို့ ဖြစ်ရတာ၊ အခု သားကို လက်မှာ အပ်ဖောက်ဦးမယ်၊ သားလေး နာတော့မှာပဲ'

မျက်ရည်ကျမတတ်ဖြစ်နေသော ဖိုးသကြားက မအေးမြကို ဆူပါတော့သည်။

'ကိုဖိုးသကြားကလည်း ကျွန်မလည်း နေ့ညမပြတ် ခြင်ဆေး ထွန်းတယ်၊ သားကိုကြည့်နေတာ ဂရုစိုက်နေတာပဲ၊ ဘယ်တတ်နိုင်ပါ့မလဲ'

မအေးမြကလည်း သားဖေနှင့် ဒေါသတကြီး ပြန်ပြောပါသည်။

'ကဲပါ… စကားတွေ များမနေပါနဲ့၊ ဆေးသာသွားဝယ်ပါ၊ ဒါက Great one အဆင့်ပဲ ရှိပါသေးတယ်၊ Two တို့ Three တို့ကျမှ စိုးရိမ်ရတာ အခုလို ဒရစ်သွင်းမယ်၊ ပါရာစီတာမောအရည် ဝင်အောင် တိုက်မယ်၊ ကလေးကလည်း သောက်မယ်ဆိုရင် မစိုးရိမ်ရပါဘူး၊ ကျွန်တော်တို့ နှစ်နာရီခြား တစ်ခါလာကြည့်မှာပါ၊ ကလေးရဲ့အနေ အထားကို မျက်ခြည်မပြတ်ခံပါဘူး'

တာဝန်ကျ ဆရာဝန်က ရှင်းပြပြီးနောက် ကိုဖိုးသကြားလည်း ဝယ်စရာရှိသော ဆေးများကို ဝယ်ပါတော့သည်။ သားလေးကို လက်မှာ အပ်သွင်း၊ ဒရစ်ပုလင်းချိတ်ပြီး အရေးပေါ်ခန်းထဲမှာပဲ ထားပါသည်။

သည်တော့မှ ပတ်ဝန်းကျင်ကို ဖိုးသကြား ကြည့်မိပါသည်။ ကိုယ့်သား ခုတင်ရှေ့တန်းတည့်တည့်မှာ ကိုးနှစ်သားအရွယ်ကလေးက တစ်ကိုယ်လုံး နနွင်းအိုးထဲကျသလို ဝါထိန်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘုရား… ဘုရား…' လို့ ဖိုးသကြား စိတ်ထဲကနေ ရေရွတ်မိပါသည်။

အဲဒီ အသားဝါကလေးဆီက ပိုးတွေက သူ့သားကိုကူးရင်ပြီးပြီလို့။ ဒီဘက် ခုတင်ကကျတော့ သန်တွေ ပါးစပ်ထဲကနေ အန်လို့နယ်ကနေ အလည်လာရင်း ဆေးရုံလာတတ်တာဟု သိရပြန်သည်။ ရှေ့ခုတင်က ကလေးကကျတော့ သူ့သားလိုပဲ သွေးလွန်တုပ်ကွေး Great Two ဖြစ်လို့ သွေးသွင်းနေရသည်။ သူ့သားလေး Great Two ထဲ မဝင်ပါစေနှင့်လို့ ကိုဖိုးသကြား ဘုရားစာရွတ်ရင်း ဆုတောင်းနေမိပါသည်။

မကြာပါ။ ဝမ်းလျှောလို့ဆိုပြီး နှစ်နှစ်သားအရွယ် ကလေးငယ်တစ်ဦး အရေးပေါ်သို့ ရောက်လာပါသည်။ ကလေးက ယောကျ်ားလေးဖြစ်ပါသည်။ မိဘနှစ်ပါးမှာလည်း မျက်နှာငယ်ကလေးတွေနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

ဝတ်ပုံစားပုံကြည့်ခြင်းအားဖြင့် အတော့်ကိုချို့တဲ့မည့်လက္ခဏာမျိုး ဖြစ်သည်။

တာဝန်ကျဆရာဝန်တွေက အလုပ်ရှုပ်ကုန်ကြပါသည်။ ကလေးက ကြွက်တက်သလိုမျိုးပါ ဖြစ်နေသဖြင့် ခြေထောက်ကို ကလေးအနီးစဖြဲပြီး စည်းဖို့တောင်းတော့ အနီးက လက်သုတ်ပဝါသာသာ နှစ်ထည်သာ သူတို့မှာ ပါလာပါသည်။

'အေးမြ… သားရဲ့အနီး သုံးထည်လောက် ပေးစမ်း'

ကလေးလက်ကို ဆုပ်ကိုင်ထားသော မအေးမြက မျက်ရည်ဝန်ဖြင့် ဖိုးသကြားအား ကြည့်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပေးပါကွာ၊ ဟိုမှာ ဝမ်းလျှောတဲ့ ကလေးမိဘတွေ ချီတဲ့ တယ်ထင်ပါတယ်၊ အနီးမရှိဘူး၊ ကုသိုလ်ရတာပေါ့'

မအေးမြကလည်း ဘာမှမပြောတော့ဘဲ အနီးနှစ်ထည် ထုတ်ပေးပါသည်။ ကိုဖိုးသကြားက ဆရာဝန်တွေလက်ထဲ အနီးနှစ်ထည် ထည့်ပေးလိုက်ပါသည်။ ကလေးငယ်ကို အောက်စီဂျင်တွေပေးသူက ပေး၊ အနီးဖြင့်ပြီး ခြေသလုံးမှာချည်သည့် ဆရာဝန်က ချည်နှင့် အလုပ်က ရှုပ်နေပါတော့သည်။ သည်ကြားထဲ ထိုကလေးငယ်က ဝမ်းတွေထပ် သွားပြန်သည်။

'အစ်ကိုကြီး... အနီးလေးရှိရင် ပေးပါဦးလား၊ ကျွန်မတို့မှာ မရှိလို့ပါ၊ တစ်နေ့လုပ် တစ်နေ့စားရတာတွေဆိုတော့ အနီးတောင်မဝယ်နိုင်ဘူး'

ကလေးအမေက မျက်ရည်ကလေး အဝိုင်းသားဖြင့် ဖိုးသကြားအား အကူအညီတောင်းနေပါသည်။ ဖိုးသကြားတစ်ယောက် သားသမီးချင်း ကိုယ်ချင်းစာစိတ်ဖြင့် မနေနိုင်ပါ။ မအေးမြထံမှ အနီး ထပ်တောင်းရပြန်ပါသည်။

ပြီးတော့ ကလေးအမေကို အနီးသုံးထည် ထပ်ပေးရပြန်ပါသည်။

'ကဲ... ကလေး အမေနဲ့ အဖေ ဟောဒီဆေးတွေ အမြန်ဝယ်ပါ'

အရေးပေါ်မှ တာဝန်ကျဆရာဝန်က ကလေးအဖေ လက်ထဲသို့ ဝယ်ရမည့်ဆေးစာရွက်ကို ပေးလိုက်ပါသည်။ ကလေးအဖေက အင်္ကျီအိတ်ကပ်ထဲကို ကြည့်လိုက် ခုတင်ပေါ်မှာ အောက်စီဂျင်ပေးထားသော

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ကြည့်လိုက်နှင့် မျက်နှာကလည်း မျက်နှာကလည်း ညှိုးလျှ နေပါသည်။

'ဆရာ… ဆေးဖိုးက ဘယ်လောက်တောင်ကျမလဲ မသိဘူး၊ ကျွန်တော်တို့မှာ ငွေက နှစ်ထောင်ပဲရှိတာ၊ ဒုက္ခပါ ပဲ၊ သားလေးကို ဆေးဖိုး ဘယ်လိုဖန်တီးပေးရမလဲ မသိဘူး၊ တစ်နေ့လုပ် တစ်နေ့စား တွေ ဆိုတော့တောင် အနိုင်နိုင်ပါ'

အရေးပေါ်ဌာနမှ တာဝန်ကျဆရာဝန်လည်း ဘာပြောရမှန်း သိ ဖြစ်နေပါသည်။ ကလေးဖခင်နှင့် မိခင်တို့၏ မျက်လုံးအိမ်တွေ ထဲမှာ မျက်ရည်တွေက ရစ်ဝဲနေရင်း ခုတင်ပေါ်မှ ကလေးငယ်ကို တွေတွေကြီး စိုက်ကြည့်နေကြသည်။ ထိုမြင်ကွင်းကိုကြည့်ပြီး မခံစား နိုင်သူက ဖိုးသကြားပင် ဖြစ်သည်။ နောက်ဆုံး ဖြစ်ချင်ရာဖြစ် သူ့သား လေးသုညအတွက် ကုသိုလ်ရတာပဲဆိုပြီး ဆုံးဖြတ်ချက်ချလိုက်ပါသည်။

'ရော့ဗျာ… ဒီမှာ ငွေတစ်သောင်း၊ ကျွန်တော် လှူတာ၊ ဆေးအမြန်သွားဝယ်ပါ'

'ကျေးဇူးပါပဲ ခင်ဗျာ'

ဖိုးသကြားက အင်္ကျီအိတ်ကပ်ထဲမှ ငွေတစ်ထောင်တန်ဆယ်ရွက် ကို ကလေးအဖေလက်ထဲသို့ ထည့်ပေးလိုက်သည်။ ကလေးအဖေမှာ ငိုင်းငါးရာဆု ငါးကြိမ်ပေါက်သည့်အလား ဖြစ်သွားရင်းက ဆေးဝယ်ဖို့ ချက်ရည်များပင် မသုတ်အား သုတ်ခြေတင် ပြေးပါတော့သည်။

ထို့နောက် ဖိုးသကြားတစ်ယောက် သား ခုတင်ရှိရာ ပြန်လာ ပြီး သားအခြေအနေကို အကဲခတ်နေပါသည်။ တာဝန်ကျဆရာဝန် များကလည်း နာရီမပြတ် လာရောက်ပြီး သား အခြေအနေကို

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ် ကြည့်ရှုစစ်ဆေးပါသည်။ သွေးအကျဲပမာဏကိုလည်း ခဏ ခဏလာဖောက်ပြီး စစ်ချက်ယူပါသည်။

ကိုဖိုးသကြား သားရှိရာ အခန်းက အရေးပေါ်အခန်းဆိုသည့် အတိုင်း ရောက်ရှိလာသည့် ကလေးငယ်များက အမျိုးမျိုးပင်။ ကိုဖိုး သကြားခမျာ ထိုမြင်ကွင်းတွေကို ကြည့်ရင်း သားဖြစ်သူဖြစ်တာက ဘာဟုတ်သေးလို့လဲဆိုပြီး ဖြေသိမ့်ရပါသည်။

ညရောက်တော့မှ ဒုက္ခအဝဝကို ခံစားရပါတော့သည်။ အရေး ပေါ်ခန်းမှာက ပန်ကာမရှိ။ ပူက ပူ၊ လေက မတိုက်၊ ထို့အပြင် ခြင် တွေကလည်း အိုးထရက်ဖို့ဒ်ကွင်းမှာ မန်ယူနှင့် ဘာစီလိုနာအသင်း ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲကစားတာ ပရိသတ်တွေ လာကြည့်သည့် အလား တဝီဝီအသံမြည် ပျံသန်းနေပါသည်။ ခြင်ဆေးထွန်းဖို့က အောက်စီဂျင်ပိုက်ဖွင့်ထားသဖြင့် ထွန်းမရ။ သွေးလွန်တုပ်ကွေးဖြစ်စ သူ၏သား အရေးပေါ်ခန်းရောက်မှ ထိုအခန်းမှ ခြင်တွေကိုက်ပြီး သွေးလွန်တုပ်ကွေး ထပ်ဖြစ်ရလျှင် ကိုယ်ကျိုးနည်းရချည်ရဲ့ဆိုပြီး လင်မယားနှစ်ယောက် တစ်လှည့်စီ ခြင်မောင်းရတာ မိုးလင်းသည် အထိပါပဲ။

ဖိုးသကြားတို့ ဇနီးမောင်နှံသာမက အရေးပေါ်ခန်းရှိ လူနာ ကလေးငယ်များကို လာရောက်စောင့်သူတွေလည်း ယပ်တောင်တွေ ကိုယ်စီနှင့် တစ်ညလုံး ယပ်တောင် ယိမ်းကသည့်အလား ခြင်မောင်းသံ ယပ်ခတ်သံတွေက ညံစီနေပါတော့သည်။

ဖိုးသကြား၏သား ဖိုးသုည ဆေးရုံရောက်တာ ဆေးသိမြန် သဖြင့် ကံကောင်းပါသည်။ ဆေးရုံမှာ သုံးရက်သာနေပြီး သက်သာ

www.burmeseclassic.com

သဖြင့် ဆေးရုံမှ ဆင်းရပါသည်။ သုံးပတ်ကျော်မှ ပြင်ပကုသ
ဆောင်မှာ ပြန်လည်ပြသဖို့ ဆေးရုံက ရက်ချိန်း ဆေးရုံစာအုပ်ထဲ
ရေးပေးပြီး နောက်ကို ကြပ်ကြပ်မတ်မတ် ဂရုစိုက်ဖို့ ညွှန်ကြားလိုက်
ပါသည်။

ဆေးရုံ သုံးရက်တက်နေစဉ်အတွင်း အရေးပေါ် လူနာခန်းမှ
နာကလေးများ၏ မိဘများနှင့်လည်း အတော်ကို ရင်းနှီးသွားပါသည်။
ထူးသဖြင့် ဝမ်းလျှော၍ ရောက်လာသော ကလေးမိဘကို
ပိုစာတွေ ဘာတွေတောင် ဖိုးသကြားက ပေးလိုက်ပါသေးသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

‘သွေးလွန်တုပ်ကွေးရောဂါများဗျာ၊ ကျွန်တော့်သားမှ ဖြစ်ရတယ်လို့၊ ဒီလောက်ဂရုစိုက်တာ၊ ဟိုဘက်ထိပ်က လမ်းပေါ် တစ်နေကုန်ဆော့တဲ့ ကလေးတွေကျတော့ ဘာခြင်မှ မကိုက်ဘူး၊ အဲဒီကလေးတွေများ ဘောင်းဘီမပါ၊ အင်္ကျီမပါနဲ့၊ ဒီလောက်ဆော့နေတာ ဘာရောဂါမှ မဖြစ်ဘူး’

‘ဖြစ်မလား ဖိုးသကြားရ၊ သွေးလွန်တုပ်ကွေး ကိုက်တဲ့ခြင်က နေ့ဘက်မှာ ကိုက်တာ၊ မင်းပြောတဲ့ ကလေးတွေက နေ့ဘက်မှာ တစ်နေ့လုံး လမ်းပေါ်မှာ ဆော့နေတာ၊ ခြင်က မူးလို့ ဘယ်ကိုက်နိုင်မလဲ၊ ညရောက်တော့ ဒီကလေးတွေက တစ်နေ့လုံးဆော့တာ ပင်ပန်းလို့ အိပ်ပြီပေါ့၊ ခြင်ကိုက်ဖို့ အချိန်မရှိဘူးလေ’

သားဖြစ်သူ ဖိုးသုည ဆေးရုံကဆင်းပြီး ရက်သတ္တပတ်ခန့် အကြာ အိမ်ကို အလည်လာသည့် ဟိုဘက်လမ်းထိပ်မှ ဦးဖိုးချစ်အား ဖိုးသကြားက ပြောတော့ ဦးဖိုးချစ်က ပြန်ရှင်းပြပါသည်။ ဦးဖိုးချစ် ပြောတာကလည်း ဟုတ်လို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးချစ် အိမ်ပြန်သွားတော့ နေ့လယ်တစ်နာရီရှိပြီ ဖြစ်ပါသည်။ အိမ်မှာ မီးပျက်၍ ကော်စက်က ဆွဲမရ၍ အလုပ်သမားတွေ လည်း မရှိ။ ဇနီးဖြစ်သူ မအေးမြကလည်း တစ်အိမ်ကျော်မှ သူ့မိဘ တွေအိမ် ရောက်နေပါသည်။ ထိုအချိန်မှာပဲ…

'အစ်ကိုကြီးရာ… အစ်ကိုကြီးအိမ် ရှာလိုက်ရတာ'

အိမ်ထဲဝင်လာပြီး ဖိုးသကြားကို စတင်ပြောဆိုလိုက်သဖြင့် ဖိုးသကြား ကြည့်မိသောအခါ သားဖြစ်သူ ဆေးရုံတက်တုန်းက ဝမ်း သွားပြီးရောက်လာသော ကလေး၏မိခင် ဖြစ်လို့နေပါသည်။

'ဟာ… ညီမပါလား၊ လာ… ဘာကိစ္စရှိလို့လဲ၊ ကလေးရော နေကောင်းလား'

ဖိုးသကြားတို့ ဆေးရုံကဆင်းလာတုန်းက ထိုမိသားစုက ဆေးရုံမှာ ကျန်ရစ်သဖြင့် ဖိုးသကြားက စိုးရိမ်စိတ်ဖြင့် မေးလိုက်ပါ သည်။ ထိုအခါ ထိုအမျိုးသမီးက မျက်နှာညှိုးသွားပါသည်။

'အဲဒီ ကလေးကိစ္စကြောင့်ပါ၊ ပြောရမှာလည်း အားနာပါတယ်၊ ကလေးက ဆေးရုံမှာပဲ ရှိသေးတယ်၊ အာဟာရမရှိတော့ အားရှိအောင် ကျွေးရမယ်တဲ့၊ အဲဒါ ညီမတို့မှာ ငွေကလည်း မရှိတော့ ဘာလုပ်ရမှန်း မသိဘူး၊ ဒီတော့ အစ်ကိုက လိပ်စာပေးထားတော့ အစ်ကို့ဆီက အကူအညီများရမလားလို့ လာတောင်းကြည့်တာပါ၊ အားနာပါတယ် အစ်ကိုရယ်'

'ဟာ… ရတယ်၊ ဒါပေါ့၊ အားရှိအောင် ကျွေးရမှာပေါ့ ဖြစ်ရင် မလွယ်ဘူး၊ ရော့… ငွေသုံးထောင်၊ သွား… သွား… အမြန်ရှိမှာလေးတွေ ကျွေးလိုက်'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးကြီးပါတယ် အစ်ကိုရယ်'

ဝမ်းလျှောသည့် ကလေး၏အမေက ဖိုးသကြားဆီက ငွေ သုံးထောင်ရရချင်း အိမ်ထဲကနေ အပြေးထွက်သွားတာ မိဘတွေအိမ် ကနေ ကလေးချီပြီး ဝင်လာသော မအေးမြကိုတောင် တိုက်မိလု ဖြစ်သွားပါသေးသည်။

'ကိုဖိုးသကြား ဟိုမိန်းမက ဘယ်ကလဲ'

'ဆေးရုံကလေကွာ၊ ဝမ်းလျှောတဲ့ ကလေးရဲ့အမေလေ၊ တို အနီးတွေဘာတွေပေး၊ ဆေးဖိုးတောင် လှူခဲ့သေးတယ်လေ၊ အ သူ့ရဲ့သား ဆေးရုံက မဆင်းရသေးဘူး၊ အားရှိတဲ့အစာကျွေးဖို့ ငွေလိုတာ နဲ့ ငါက အိမ်လိပ်စာပေးတော့ ငါ့ဆီမှာ လာအလှူခံတာ၊ ကုသိုလ်ရပါ တယ်ကွာ'

'ကိုဖိုးသကြား ရှင် ကြည့်လုပ်နော်'

မအေးမြက ဖိုးသကြားအား မကျေနပ်သည့်လေသံနှင့် ပြောပြီး မျက်စောင်းထိုးရင်းက အိမ်အပေါ်ထပ်ကလေးနှင့် တက်သွားပါသည်။ ဖိုးသကြားကတော့ စိတ်ထဲကနေ သားသမီးချင်း ကိုယ်ချင်းမစာတတ် သည့်မိန်းမဆိုပြီး မအေးမြအား အပြစ်တင်နေပါ သည်။

သည်လိုနှင့် နောက်ထပ် လေးငါးရက်မြောက်သောနေ့မှာ ဖြစ်ပါသည်။ ထုံးစံအတိုင်း မအေးမြက နေ့လယ်ခင်းမို့ ကလေးနှင့်အတူ သူ့မိဘအိမ် ရောက်နေပါသည်။ မီးပျက်သဖြင့် အိမ်မှာ ဖိုးသကြား တစ်ယောက်တည်း ရှိနေပါသည်။

'အောင်မယ်လေး… အစ်ကိုရယ်၊ တွေ့မှ တွေ့ပါ့မလားလို့

www.burmeseclassic.com



'ဟာ… ညီမပါလား၊ လာ… လာ…'

အိမ်ထဲသို့ ဖိုးသကြားအား နှုတ်ဆက်ရင်း ဝမ်းသွေးသည့် ၅၏ အမေက ဝင်ချလာပါသည်။

'အားနာပါတယ် အစ်ကိုရယ်၊ ကလေးက ဆေးရုံကတော့ ဆင်းရပြီ၊ အပြင်ဆေးခန်းမှာ အားဆေး ဆယ်ရက်လောက်ထိုးရမယ် ဆိုလို့ ကူညီပါဦး အစ်ကိုရယ်၊ ကျွန်မ ယောကျ်ားကလည်း ကလေး ဆေးရုံတက်တာ ဆေးရုံမှာ စောင့်ရတော့ အလုပ်က ပြုတ်သွားလို့ အလုပ်က မရှိဘူးဖြစ်နေတယ်'

အကူသိုလ်များ တော်တော်ကြောက်ဖို့ကောင်းတာပဲဟု ဖိုးသကြား က ထိုမိန်းမကိုကြည့်ပြီး တွေးနေမိသည်။ လင်ဖြစ်သူ အလုပ်မရှိတာ ကလေးငယ်ကို မည်သည့်ဝင်ငွေနှင့် ဆေးထိုးလေမလဲ။

ကလေး၏ နောင်ရေးမှာ မတွေးဝံ့စရာ။

'ကဲ… ရော့ဗျာ၊ ငါ့မှာ ငွေလေးထောင်ရှိတယ်၊ ဆေးထိုး လိုက်၊ ဆရာဝန်တွေက လိုအပ်လို့ သတိပေးတာ'

ဖိုးသကြားက ထိုမိန်းမလက်ထဲ ငွေလေးထောင် ထည့်ပေး လိုက်ပါသည်။ ထိုမိန်းမက ငွေလေးထောင်ကို လက်ထဲတွင် ကျစ်ကျစ် အောင်ဆုပ်ရင်းကနေ အုတ်ရေကန်နားတွင် လှန်းထားသော ရေလဲ ပုဆိုးကို ကြည့်လိုက်ပါသည်။

'အစ်ကိုရယ်… အားတော့နာပါတယ်၊ အဲဒီ ရေလဲပုဆိုးလေး ပေးလို့ရမလား၊ ကျွန်မယောကျ်ားမှာ ဝတ်စရာပုဆိုးက လုံးဝမရှိလို့ပါ၊ ... အိမ်ရောက်လို့ရှိရင် မီးပူထိုးပြီး ကလေးကို ဆေးခန်း ... သွားနိုင်းချင်လို့ပါ၊ အားနာပါတယ် အစ်ကိုရာ'

www.burmeseclassic.com

www.burmeseclassic.com



'ယူသွားဟာ… ယူ… ယူ…'

ဖိုးသကြား စကားအဆုံး ထိုမိန်းမက ကွန်မန်ဒိုလက်အလား လှန်းထားသောပုဆိုးကို ဆတ်ခနဲဆွဲယူပြီး အမြန်ခေါက်ကာ ခြံထဲမှ ထွက်သွားပါတော့သည်။

'ဟင်… ကျွန်မ လျှော်ထားတဲ့ ရှင့်ရေလဲပုဆိုးရော'

ပြဿနာက မအေးမြတစ်ယောက် သူ့အမေအိမ်ကနေ ပြန်လာသည့်အခါမှ စပါတော့သည်။ ကိုဖိုးသကြားက အကြောင်းစုံရှင်းပြပါသည်။

သည်တော့မှ မအေးမြက ပေါက်ကွဲပါတော့သည်။

'ကိုဖိုးသကြား ပေးချင်ဦးလေ ဆေးရုံမှာ ရှင့်လိပ်စာ၊ လှူချင်ဦးလေ သားသမီးချင်း ကိုယ်ချင်းစာတယ်ဆိုပြီး၊ အခုတော့ တစ်ပတ်ခြားတစ်ခါ ရှင့်ဆီလာပြီး ရှင့်ကို လုပ်စားနေတာ၊ ရှင်က ဒါကိုတောင် မသိဘူးလား၊ ငွေတင်မက ပုဆိုးပါတောင်းတယ်၊ နောင်ဆို အိမ်ထဲက ရှိတာတွေ အကုန်တောင်းတော့မယ်၊ ဒီမိန်းမက ကျွန်မ မရှိတဲ့အချိန်ကိုမှ ရွေးပြီး ရှင့်ဆီလာတာ၊ ဒါ ကျွန်မ အိမ်ကထွက်တဲ့အချိန်ကို ချောင်းပြီးလာတာဖြစ်ရမယ်၊ တော်ပြီ… နက်ဖြန်ကစပြီး တစ်အိမ်ကျော်က အမေတို့အိမ် မသွားတော့ဘူး၊ ကျွန်မရဲ့ ပါးစပ်ပေါက်နဲ့ ဒီမိန်းမ တွေ့မယ်၊ ဘယ့်နှယ်တော်… အိမ်ကိုများ သင်းက လူမှုရေး ကူညီမှုအိမ်များ မှတ်နေသလား မသိဘူး၊ ပြောချင်ဦးလေ၊ ရှင့်ကို သူက သူ့ကိုစော်ကားပါတယ်လို့ ညာအော်ပြီး ပိုက်ဆံမတောင်းတာ ကံကောင်းတယ် မှတ်'

ဖိုးသကြား ဘာမျှပြန်မပြောနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



မအေးမြ ပြောတာကို ပြန်စဉ်းစားကြည့်မှ သူက ထိုမိန်းမအတွက် အချဉ်ဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ် သိလိုက်ရပါတော့သည်။

'အေးမြ… နင့်သဘောပဲ'

ဟိုကဲ့သို့ စကားတစ်ခွန်းသာ ဖိုးသကြား ပြောနိုင်ပါတော့သည်။ ထို့နောက်တော့ ထိုမိန်းမ နေ့လယ်ခင်းတွေမှာ ရောက်မလာတော့ပါ။ သေချာတာကတော့ အိမ်ပေါက်ဝမှာ မအေးမြဆိုသော အိမ်စောင့်နတ်ဘီလူး ထိုင်စောင့်နေလို့ပဲ ဖြစ်ပါလိမ့်မည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၁၃

ဖိုးသကြား တော်တော်စိတ်ကလည်း ပျက်၊ နှမြောကလည်း နှမြော၊ ယူကျုံးမရကလည်း ဖြစ်နေပါသည်။

ဘယ့်နှယ် တယုတယ အပင်ပန်းခံစိုက်ပျိုးထားသော ပန်းပင် တွေရော၊ နှစ်စဉ်မှန်မှန်သီးသည့် သရက်ပင်ရော၊ ထို့အပြင် အိမ်ကို မိုးထားသော သွပ်ပြားတွေပါ မထင်မှတ်ဘဲ ဝင်မွှေသွားသည့် 'နာဂစ်' မုန်တိုင်းကြောင့် လဲပြိုကြေမွကုန်ပါတော့သည်။

ဖိုးသကြားလိုပဲ ရပ်ကွက်ထဲရှိ အိမ်တော်တော်များများ နာဂစ် ဒဏ် ခံလိုက်ရသည်။ လမ်းတွေ လမ်းတွေမှာ သစ်ပင်ပြိုလဲတာတွေ ခာတ်တိုင်လဲတာတွေ၊ သစ်ကိုင်းအကျိုးတွေ၊ သွပ်ပြားအပိုင်းအစတွေ နှင့် မြင်မကောင်းအောင် ဖြစ်နေပါသည်။

တော်သေးတာပေါ့ဟု ဖိုးသကြားက ဖြေသိမ့်နေရပါသေး သည်။ မုန်တိုင်းဖြစ်သည့်ညက အိမ်အပေါ်ထပ်မှာ ဇနီးဖြစ်သူ မအေးမြ၊ တစ်ဦးတည်းသော သားလေးနှင့် အိပ်နေရာမှ အိမ်အောက်ထပ်

www.burmeseclassic.com



အိမ်ခေါင်မိုးမှ သွပ်တွေ တဖျပ်ဖျပ်လွင့်သံကို အိမ်အောက်ဆပ်ကနေ ကြားနေရပြီး အိမ်ပေါ်သို့လည်း မတက်ရဲ။ အိမ်ရှေ့က သရက်ပင် လဲပြိုသွားတာကိုလည်း သားကလေး ရင်ခွင်ပိုက်ထားရင်းက စိတ်မကောင်းကြီးစွာဖြစ်ရင်းနှင့် ကိုယ်လို အိမ်နီးနားချင်းတွေလည်း သွပ်ပြားလန်၊ တီဗွီအင်တိန်နာတိုင်ပြုတ် စသည့် အပျက်အစီးမြင်ကွင်းများကို မှောင်မှောင်မည်းမည်းထဲမှာ ဓာတ်မီးထိုးရင်း ကြည့်နေမိပါသေးသည်။

အခုတော့ နာဂစ်က မွှေချင်တိုင်း မွှေသွားပြီဖြစ်၍ သင်းကဘယ်လောက်များ လူတွေကို ဒုက္ခပေးသွားပြီလဲလို့ ဖိုးသကြား လဲနေသော သရက်ပင်ကြီးကို စိုက်ကြည့်ရင်းက တွေးနေမိပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

'ဖိုးသကြား… ဘာလုပ်နေတာလဲ၊ မမှောင်ခင် သွပ်ပြားတွေ လိုက်ရှာဦးလေ'

လဲပြိုနေသော သရက်ပင်ကြီးရှေ့မှာ မတ်တတ်ရပ်နေသော ဖိုးသကြားအား လမ်းထဲက ဦးလှမောင် အပျက်အစီးများကို ရှောင်ရှား ရင်းမှ ပြောပါသည်။

'ဦးလှမောင်ရာ… ဒီလောက် အိမ်တိုင်းလိုလို သွပ်တွေလ ကုန် လွင့်ကုန်တာ ဘယ်လိုလုပ်ရှာလို့ရမှာလဲ'

'ဟာ… ဒီလိုမနေနဲ့လေ၊ အိမ်ခေါင် ဒီဇေ ာက်ပွင့်တာ တော ကြာ မိုးရွာလာရင် ဘယ်လိုလုပ်မလဲ၊ လက်သမားရှာပြီး မိုးသေ မမိုးနိုင်ရစ်လည်း တာလပတ်အုပ်ဦး'

'လက်သမားကတောင် လွယ်ပါ့မလားဗျ၊ အကုန်လုံးအိမ်တိုင ပျက်စီးတာ လက်သမားက အိမ်တိုင်းလိုမှာ၊ သွပ်တွေလည်း ဒီတိုင ဆို ဈေးတက်ပြီ၊ ဒုက္ခပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အေး… ငါက မင်းကို အကြံပေးတာ မင်းပြောတော့မှပဲ ငါတောင် သွေးတက်ချင်လာပြီ၊ သွားပြီဟေ့… နည်းနည်းလိုက်စပ်စု ကြည့်ဦးမယ်'

ဦးလှမောင်က ဟိုဟိုဒီဒီကြည့်ပြီး လမ်းထိပ်ဘက် ထွက်သွားပါသည်။ ဖိုးသကြားကတော့ အမဇုန်သစ်တောကြီးလိုဖြစ်နေသော ကိုယ့်ပတ်ဝန်းကျင်နှင့် ကိုယ့်လမ်းကိုကြည့်ပြီး အာဖရိကတောနက်ထဲ ရောက်နေသလိုမျိုး ဖြစ်နေသလားလို့ တွေးနေမိသေးသည်။

သည်အချိန်မှာ လက်ဖက်ရည်တစ်ခွက်လောက် သောက်လိုက်ရလျှင် သိပ်ကောင်းမှာပဲဟု ဖိုးသကြားက တွေးပေမယ့် ယခုလောက်ဆိုလျှင် ထိုင်နေကျလက်ဖက်ရည်ဆိုင်လည်း အမိုးအကာတွေ၊ ဝါတာလုံးတွေ ဘာမှမရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေလောက်ပြီဟု စိတ်ထဲက သိနေပါသည်။

မနက်က မုန့်တိုင်းအရှိန် မသေသေးခင် အိမ်မှာရှိတာလေးနှင့် စားခဲ့ရတာ ယခုညနေစာလည်း ရှိတာလေးနှင့်ပဲ အောင့်အည်းပြီး စားရပေဦးမည်။ သည်ကြားထဲ ခေတ်တိုင်တွေရော၊ ခေတ်ကြိုးတွေပါ သည်တုန် ပြတ်ကုန်သဖြင့် ပြန်လည်ပြင်ဆင်ရေးကာလက ကြာမြင့်ဦးမှာဆိုတော့ မီးစက်မောင်းဖို့က ဘယ်လိုမှမဖြစ်နိုင်တော့။ ဖယောင်းတိုင်ဆိုတော့ မနက်ဖြန်မနက်ရောက်လျှင် မရမက ရှာဝယ်ရဦးမည်ဆိုသော အတွေးနှင့် အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# ၉

ညက ဖြစ်ချင်တာဖြစ်၊ မှောင်မှောင်မည်းမည်းမှာပဲ ဖိုးသကြား တို့မိသားစု အိပ်ရာစောစောဝင်ခဲ့သဖြင့် သည်မနက်တော့ ဖိုးသကြား အစောကြီးနိုးနေပါသည်။ မနိုးလို့က မဖြစ်။ အမိကရေးကြီးတာက အိမ်အမိုး အမြန်မိုးဖို့ လက်သမားရှာပြီး ပိုက်ဆံလေးနှင့် သွပ်ကို မရရအောင်ရှာဝယ်ရဦးမည်။ ကိုယ့်လိုလူမျိုးတွေကလည်း နည်းမှာ မဟုတ်။

'ဖိုးသကြား၊ ငါတို့ သောက်နေကျဆိုင် ပြန်ဖွင့်တယ်၊ လာကွာ'

အိမ်ရှေ့မှထွက်လာသော ဖိုးသကြားကို တစ်လမ်းတည်းနေ ကိုမြင့်ဝေက ပြောသဖြင့် ဖိုးသကြားလည်း ကိုမြင့်ဝေနှင့် လက်ဖက် ရည်ဆိုင်သို့ လိုက်ပါလာခဲ့သည်။

'နာဂစ်ကတော့ဗျာ၊ ညက ဓာတ်ခဲရေဒီယိုနဲ့ နားထောင်တာ ရေဒီယိုက ကြေညာတာ လူတွေတော်တော် မုန်တိုင်းထဲ ပါကုန်တယ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ရောဝတီတိုင်းဘက်မှာ ရွာလုံးကျွတ်ပဲတဲ့ဗျာ၊ ရန်ကုန်မှာလည်း အပျက်အစီးတွေက မနည်းဘူးတဲ့'

'အင်း… တစ်ခါမှ ကျွန်တော်တို့ မဖြစ်ဖူးတော့ အိပ်မက်လို ပါပဲဗျာ'

ဖိုးသကြားတို့ လက်ဖက်ရည်ဆိုင်ရောက်တော့ အားလုံးက နာဂစ်မုန်တိုင်းအကြောင်းကိုသာ ပြောနေကြသည်။

'ဟာ… ကိုအေးလွင်၊ အတော်ပဲ၊ ခင်ဗျား ဘာမှလုပ်မနေနဲ့၊ ဒီနေ့ ကျွန်တော့်အိမ် သွပ်မိုးမယ်'

'ဖိုးသကြားရာ… ဒါဆိုလည်း သွပ်ကိစ္စ အရင်လုပ်'

ဖိုးသကြား တော်တော်ဝမ်းသာသွားပါသည်။ လက်သမားဆရာ ကိုအေးလွင်တစ်ယောက် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာလို့ ဖြစ်ပါသည်။ ထီသိန်းငါးရာဆုပေါက်သလိုမျိုးကို ဝမ်းသာသွားမိပါသည်။

'အချိန်သိပ်ဆွဲမနေနဲ့ ဖိုးသကြား၊ ငါ မင်းအိမ်လိုက်ကြည့်ပြီး သွပ်ကို တွက်ပေးမယ်၊ ကားငှားပြီး စော်ဘွားကြီးကုန်းမှာသာ အမြန်သွားဝယ်ပေတော့၊ ရန်ကုန်တစ်မြို့လုံး လာဝယ်မှာ၊ တော်ကြာ မရဘဲနေမယ်'

'ဟုတ်ကဲ့ဗျာ'

ခါတိုင်း လေအင်မတန်မှကိုရှည်သော ဖိုးသကြား သည်နေ့ ကျတော့ လက်ဖက်ရည်ကို မြန်မြန်သောက်ကာ အဖော်ပါလာသော ဘိုမြင့်ဝေကို နှုတ်ဆက်ပြီး လက်သမားဆရာ ကိုအေးလွင်ကို အိမ်သို့ ခေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအေးလွင်က ဝယ်ရမည့်သွပ်အရေအတွက်က အချပ်သုံးဆယ်ရှိကြောင်း တွက်ပြပြီး သွပ်ရိုက်သံရော တခြား ပြင်စရာ ဆင်စရာရှိသည့်များကို မှာကြားခဲ့ပါသည်။

ဖိုးသကြားလည်း မအေးမြဆီက ပိုက်ဆံတောင်းကာ သွပ်ဝယ်ဖို့ ထွက်လာခဲ့သည်။ လက်သမားဆရာ ကိုအေးလွင်ကတော့ သူ့သားကို အိမ်မှာပြန်ခေါ်ပြီး လုပ်စရာရှိသည်များကို လုပ်နေမည်ဟု ပြောကာ အိမ်သို့ပြန်သွားပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

ဖိုးသကြားအဖို့ ဘဝမှာ တစ်ခါဖူးမှ ကားငှားရတာ ယခု ရောက်ခက်ခဲတာ မကြုံဖူးပါ။ ကားလမ်းမဘေးတွေမှာလည်း ပြိုလဲနေသော သစ်ပင်တွေနှင့် ဓာတ်တိုင်နှင့် မီးကြိုးတွေက ဘယ်လိုမှ မြင်မကောင်း။ ကားတွေက ရှောင်မောင်းနေရသည်။ နောက်ဆုံး စော်ဘွားကြီးကုန်းကို ဒုတ်ဆန်းကားတစ်စီး ငှားလို့ရသည်။

အသွား အပြန် ငွေနှစ်သောင်းပေးရသည်။ မတတ်နိုင်။

အငှားလိုက်သော ကားဆရာကိုပင် ကျေးဇူးတောင် တင်နေရပါသေးသည်။

ဖိုးသကြား အံ့အားသင့်သွားပါသည်။ စော်ဘွားကြီးကုန်းနား ရောက်ခင်မှာပဲ ကားတန်းကြီးက နှစ်ထပ်၊ သုံးထပ်မက ဖြစ်နေသည်။ ကားဆရာက စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်ဟောင်းသို့ ဆောက်ပစ္စည်းများ လာဝယ်သော ကားတွေကို ဘယ်လိုရှောင်ကွင်း ရှောင်လွှားမောင်းရမည်ကို ကောင်းကောင်းကြီးသိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှာ ဂျိမ်းစ်ဘွန်းက ကားကို ရန်သူတွေနှင့် တိုက်ခိုက်သည့်အခါ ကျွမ်းကျင်စွာမောင်းနှင်သလိုမျိုး ကားဆရာက ဟိုကားကျော် ဒီကားကိုရှောင်ရင်းနှင့် စော်ဘွားကြီးကုန်း အိမ်ဆောက်ပစ္စည်းများ ရောင်းသည့်နေရာသို့ ကားကို ရောက်အောင်မောင်းလာခဲ့သည်။

အိမ်မိုးသွပ်နှင့် သံဈေးတွေကလည်း တစ်ရက်ဆို ဆိုသလောက်ဈေးက ယခင်ထက်ကို ကြီးနေပါသည်။ သဲဈေးလည်း ထိုနည်းငှင်းပါပဲ ပြောရပါမည်။ ဖိုးသကြားလည်း ဖြစ်ချင်ရာဖြစ် နောက် သည့်ထက်ဈေးတက်လျှင် မိုးကရွာ၊ အိမ်အမိုးက မလုံနှင့် ဒုက္ခတော့ အရောက်မခံနိုင်ဘူးဆိုပြီး လက်သမားဆရာ ကိုအေးလွင် မှာသည့်စာရင်းအတိုင်း သွပ်ရော၊ သံရော၊ အခြားလိုအပ်သော ပစ္စည်းများကို ဝယ်ရပါတော့သည်။

'နာဂစ်' တစ်ရက်မွှေလိုက်တာ ဖိုးသကြားတောင် ငွေငါးသိန်းလောက် ထွက်သွားတာ အခြားအသက်ပေးသွားသူတွေ၊ ပစ္စည်းတိုက်တာ အိမ်ခြေတွေ၊ ယာမြေတွေက မည်ရွေ့မည်မျှလောက် လူတွေဆုံးရှုံးကုန်ပြီလဲလို့ ဖိုးသကြား စာနာတွေးနေမိလိုက်ပါသေးသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

[redacted]

သည်ညတော့ ဖိုးသကြား အတော်ကြီးကျေနပ်နေပါသည်။ အမိုးက ပြန်လည်မိုးပြီးရုံသာမက ပြင်ဆင်စရာရှိတာတွေ ပြန်လည် ဆင်ပြီးသွားသဖြင့် နေလို့ထိုင်လို့ ရနေပါသည်။ ပြီးတော့ အိမ်ရှေ့ အမှိုက်သရိုက် အပျက်အစီးတွေကိုလည်း လမ်းထဲက လူတွေက ဘာနှင့်သူ ဝိုင်းပံ့ပေးထားသဖြင့် ရှင်းလို့နေပါသည်။

ညရှစ်နာရီလောက်က ဓာတ်ခဲရေဒီယိုဖွင့်ပြီး သတင်းနားထောင် အခါ နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားသော အဆောက်အအုံ နှင့် မုန်တိုင်းကြောင့် ကွယ်လွန်သွားသော လူများအကြောင်း သိရ အခါ ကလေးကို နို့တိုက်နေသော မအေးမြနှင့် သူပါ တော်တော် ကောင်းဖြစ်မိပါသေးသည်။

'ဒုက္ခပါပဲ ဖိုးသကြားရယ်၊ ဘိုကလေးက အသွားလေးတို့ တွေရော ပါသွားပြီလား မသိဘူး။ ဖုန်းကလည်း ဆက်မရသေးဘူး ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



‘မင်းကလည်းကွာ၊ တစ်ခုခုဖြစ်ရင် လူကြုံလာမှာပေါ့၊ စိုးရိမ်မနေပါနဲ့၊ ဘာမှသိရသေးတာမှ မဟုတ်တာ’

ဖိုးသကြားက မအေးမြအား နှစ်သိမ့်စကား ဆိုရပါသေးသည်။ မအေးမြနှင့် ဖိုးသကြားတို့လင်မယားနှစ်ယောက် နာဂစ်မုန်တိုင်းကြောင့် စီးပွားရေးတွေတော့ တစ်လအတွင်း ပြန်လည်တည့်မတ်လာနိုင်မှာ မဟုတ်ဘူးဟု တိုင်ပင်ဆွေးနွေးရင်း အိမ်တွင် လက်ကျန်ငွေ ဘယ်လောက်ကျန်သေးကြောင်း မေးမြန်းရင်း ရှေ့တစ်လအတွင်း ဘယ်လိုစားကြသောက်ကြမည်ကို တိုင်ပင်ပြီးသောအခါ မအေးမြက ကလေးနှင့်အတူ အိပ်ရာဝင်ပါတော့သည်။

မအိပ်နိုင်သေးသူကတော့ ဖိုးသကြားပင် ဖြစ်ပါသည်။ ဟိုတွေးဒီတွေးနှင့် ဖယောင်းတိုင်မီးရောင်အောက်မှာ တစ်ဦးတည်း ဆေးပေါ့လိပ်ဖွာရင်းက တစ်လမ်းလုံး မှောင်မည်းတိတ်ဆိတ်နေသော အိမ်အပြင်ဘက်လမ်းမဆီသို့ ကြည့်နေမိပါသည်။ ဖိုးသကြားလိုပဲ ယခုလို ညဆယ့်တစ်နာရီခွဲချိန်ထိ မှောင်မှောင်မည်းမည်းထဲမှာ မည်သူတွေများ ထိုင်တွေးနေမလဲလို့ မဆီမဆိုင် စဉ်းစားနေပါသေးသည်။

ထိုအချိန်မှာပင် လေက အနည်းငယ်တိုက်ခတ်လာသဖြင့် ဖိုးသကြားတစ်ယောက် နာဂစ်များ ထပ်လာချင်လို့လားဆိုပြီး စိုးရိမ်နေရင်းက သမ္ဗုဒ္ဓေဂါထာကို ရွတ်နေမိပါသည်။ သမ္ဗုဒ္ဓေဂါထာကို ရွတ်နေရင်းမှ ဖိုးသကြားအကြည့်က အိမ်ရှေ့ခြံတံခါးကို ရောက်သွားပါသည်။

တစ်စုံတစ်ယောက်က လက်ဖြင့် ခြံတံခါးကို တွန်းနေသလိုမျိုး လုပ်နေသည်ကို မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲဟေ့'

ဖိုးသကြားက အိမ်ထဲကနေ လှမ်းမေးလိုက်ပေမယ့် ဘာမှ ထူးသံမကြားရ။ မထူးပါဘူးဆိုပြီး ဖိုးသကြားက ထိုင်ရာမှ ထလိုက်သည်။ တစ်အိမ်ကျော်က မအေးမြတို့အမေတွေ အိမ်ဘက်ကများ တစ်ခုခုလိုလို့ ခြံတံခါးလာဖွင့်တာလားလို့ တွေးရင်း အိမ်ရှေ့ခြံတံခါးရှိရာသို့ သွားလိုက်သည်။

'ဘယ်သူလဲ'

'အား… သရဲ… သရဲ… သရဲ…'

ဖိုးသကြား ဘယ်လိုမှ မထင်ထားပါ။ ခြံတံခါးရှိရာသို့ ရောက်သောအခါ ညမှောင်မှောင်မည်းမည်းထဲတွင် ဆံပင်ဖားလျားချထားပြီး မျက်နှာမှာလည်း မည်းမှောင်ကာ နားနှစ်ဖက်တွင် ကွင်းကြီးဆွဲထားသော ပါးစပ်မှာ သွားနှစ်ချောင်းသာရှိသည့် အဘွားကြီးတစ်ဦးကို မြင်လိုက်ရပြီး လန့်အော်လိုက်တာ ကမ္ဘာပျက်သလားတောင် ထင်ရသည်။

ဘဝမှာ တစ်ခါဖူးမှ ထိုမျက်နှာမျိုးကို မမြင်ဖူးပါ။ တစ်ခါမှ သရဲခြောက်တာလည်း မမြင်ဖူးသဖြင့် ယခု ပထမဦးဆုံး ဖိုးသကြား သရဲခြောက်ခံရခြင်းဖြစ်သည်။

သရဲကလည်း ဘာလျှင်သလဲမမေးနှင့်။ ဖိုးသကြား အော်နေတုန်းမှာပဲ ပျောက်သွားသည်။

'ကိုဖိုးသကြား ဘယ်လိုဖြစ်တာလဲ'

အိမ်ထဲကနေပြီး မအေးမြက အလန့်တကြား ပြေးထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'သရဲခြောက်ခံရလို့ဟာ'

'ကိုဖိုးသကြားကလည်း ဟုတ်ရဲ့လား'

'ဟော့… ဖိုးသကြား၊ ဘယ်လိုဖြစ်တာလဲ'

'ဘာဖြစ်လို့လဲ'

ဖိုးသကြား အော်လိုက်သောအသံကြောင့် တိတ်ဆိတ်နေသော လမ်းထဲတွင် လှုပ်လှုပ်ရွရွဖြစ်ကုန်ကြပြီး အိမ်တွေဆီကနေ တရုတ်လက်နှိပ်ဓာတ်မီးတွေ ကိုယ်စီထွန်းပြီး လမ်းထဲက လူတွေကပါ ဖိုးသကြားအိမ်ရှေ့ ရောက်လာကြသည်။

'ခြံတံခါးကို ပိတ်ဖို့လာတာ တံခါးကို တွန်းနေသလိုမျိုးလုပ်လို့ ဘယ်သူလဲလို့မေးတော့ ဆံပင်တွေ ဖားလျားချထားပြီး နားနှစ်ဖက်မှာ ကွင်းကြီးက အကြီးကြီးနှစ်ကွင်းရယ် သွားနှစ်ချောင်းတည်းရှိတဲ့ အဘွားကြီးလိုပုံစံမျိုး သရဲကို တွေ့ရတာ။ အော်လည်း အော်၊ အဲဒီသရဲလည်း အပြေးပဲ'

ဖိုးသကြားက သူခံစားခဲ့ရသည်ကို ထပ်မံရှင်းပြနေပါသည်။ နားထောင်နေသူတွေကလည်း လက်နှိပ်ဓာတ်မီးနှင့် ဟိုထိုးဒီထိုး ထိုးကြည့်နေသည်။

'မင်းကလည်းကွာ၊ ဒီလောက် မီးမရှိ ဘာမရှိနဲ့ မှောင်မည်းနေတာကို တံခါးတွေဘာတွေဘာလို့ စောစောမပိတ်တာလဲ၊ တစ်ရပ်ကွက်လုံး ဒီအချိန်ဆို အိပ်ကုန်ကြပြီပဲဟာ'

လမ်းထဲက ဦးဘသော်က ဖိုးသကြားအား ပြစ်တင်စကားဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း… နာဂစ်လေဘေးကြောင့် အပင်ကြီးတွေ ဘာတွေ အကုန်လဲပြိုတော့ အဲဒီအပင်ကြီးတွေမှာ ခိုကပ်နေတဲ့ မကျွတ်မလွတ်သေးတဲ့ နာနာဘာဝတွေ လျှောက်သွားနေသလားမှ မသိတာ'

အရေးထဲ လမ်းထောင့်မှ ကိုစိန်ပန်းက သူ့ထင်မြင်ချက်ကို ပြောလိုက်သဖြင့် ကျန်သည့်လူတွေပါ ယုန်ထင်ကြောင်ထင်နှင့် ကြောက်ကုန်သလား မသိ။

'ကဲ… ကဲ… ကိုယ်က ကလေးအငယ်လည်း ရှိတာ တံခါးပိတ် အိပ်တော့။ နောက်ညတွေဆို ဒါမျိုး တံခါးတွေ ညကြီးအချိန်မတော်မှ ဖွင့်ထားတာကို ထပိတ်တာမျိုး မလုပ်နဲ့ဟေ့'

လမ်းထဲမှ ရာအိမ်မှူး ဦးသောင်းဒန်က ပြောလို့ စကားအဆုံးမှာပဲ ဘယ်နေရာက ခွေးက အူလိုက်သည်မှန်း မသိ။ အသံက အတော်ကျယ်လောင်သွားပါသည်။

'ဟဲ့… ဟဲ့… ခွေးတွေ ဘာတွေတောင် အူလို့၊ ကဲ… ကဲ… ပြန်ကြ၊ ပြန်ကြတော့'

ရာအိမ်မှူး ဦးသောင်းဒန်တောင် စကားမဆုံးသေး လမ်းထဲကလူတွေက ခပ်သုတ်သုတ်နှင့် ဗိုးသကြားအိမ်ရှေ့ကနေ ကိုယ့်အိမ်ကိုယ့်ရာဆီသို့ ပြန်ပြေးကုန်ကြသည်။

'ဟဲ့… နေပါဦး'

ဦးသောင်းဒန်လည်း လက်နှိပ်ဓာတ်မီး တဝင်းဝင်းဖြင့် နောက်ကနေ ပြေးလိုက်သွားသည်။

'ကဲ… မအေးမြ၊ အိမ်ထဲဝင်တော့'

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြားလည်း မအေးမြကို အိမ်ထဲဝင်နိုင်းရင်းမှ ခြံတံခါးကို သော့အသေအချာပိတ်ကာ အိမ်တံခါးမကြီးကို ပိတ်လိုက်ပါသည်။

ထို့နောက်တော့ တိတ်ဆိတ်သော ညဉ့်နက်နက်မှာ ဖိုးသကြားတစ်ယောက် ဘုရားကို အကျယ်ကြီးအော်ရှိခိုးသံကို တစ်ရပ်ကွက်လုံးကြားနေရပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက် ရပ်ကွက်ထဲမှာတော့ မနှေညက ဖိုးသကြား သရဲခြောက်ခံရသည့်သတင်းကတိုက်ခတ်သွားခဲ့သော 'နာဂစ်'သတင်း နှင့်အပြိုင် ပြောဆိုနေကြသည်။

အထူးသဖြင့် ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်မှာလည်း ဖိုးသကြား သရဲခြောက်ခံရသည့်သတင်းကို ဝေဖန်ချက်အမျိုးမျိုး ပေးနေကြပါသည်။ ထိုအချိန်မှာပဲ ဖိုးသကြားတစ်ယောက် လက်ဖက်ရည်ဆိုင်သို့ ရောက်လာပါသည်။

'လာဟေ့... ဖိုးသကြား၊ ညက ဘယ်လိုဖြစ်တာလဲ'

ဆိုင်ပိုင်ရှင်အား မနေ့ညက ကြုံတွေ့ခဲ့သမျှ ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြရပြန်ပါသည်။ ဖိုးသကြား ပြောသမျှကို လက်ဖက်ရည် သောက်နေသူအားလုံးက စိတ်ဝင်တစား နားထောင်နေကြသည်။

'ဖြစ်နိုင်တာပေါ့ဗျာ၊ မုန်တိုင်းမိသွားတော့ သစ်ပင်တွေကလဲပြို၊ လမ်းတွေပိတ်၊ ဓာတ်တိုင်တွေ ကျိုး၊ ဓာတ်ကြိုးတွေ ပြတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှောင်နေတော့ သရဲတွေလည်း နေစရာမရှိ၊ စားစရာမရှိဖြစ်ကုန်တာနေမှာ'

'ဟုတ်တယ် ဖိုးသကြား၊ မင်းအိမ်က တံခါးဖွင့်ထားတော့ ညဥ့်နက်သန်းခေါင် အစာစားချင်လို့ ကိုယ်ထင်ပြတာလားမှ မသိတာ'

'ဒီညတော့ တံခါးကို စောစောပိတ် ဖိုးသကြားရ၊ မှောင်တော့ မကောင်းဘူးကွာ၊ အိမ်ရှေ့မှာ ဖယောင်းတိုင် အမွှေးတိုင်လေးထွန်းပြီး မကျွတ်မလွတ်တဲ့သူတွေကို အမျှဝေပေးဟေ့'

ဖိုးသကြား တစ်ယောက်ပြီးတစ်ယောက် ထင်မြင်ဝေဖန်ချက်တွေ ပေးနေပါသည်။

ထို့နောက်တော့ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း နာဂစ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် အကြောင်းအရာများကို ပြောဆိုနေကြပါသည်။ ထို့အပြင် သွပ်ကိစ္စ၊ သံကိစ္စနှင့် လက်သမားကိစ္စတွေကလည်း ဖိုးသကြားတို့ စကားဝိုင်းမှာ မပါမဖြစ် ပါဝင်လို့နေပါသေးသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

ည။ တစ်လမ်းလုံး မှောင်အတိဖုံးနေသည်။ လမ်းပေါ်မှာ မည်သူတစ်ဦးတစ်ယောက်မှ မရှိ။

လမ်းဘေးဝဲယာမှာတော့ မရှင်းမလင်းရသေးသည့် သစ်ကိုင်းများက ပုံလို့ထားသည်။

ဖိုးဆောင်းတစ်ယောက် ခြေလှမ်းတွေက သိပ်မဟန်ချင်။ သူငယ်ချင်းတွေနှင့် ဈေးထိပ်က အရက်ဆိုင်မှာ တစ်ခွက် တစ်ဖလားကနေ ဆယ်ခွက် ဆယ်ဖလားလောက် ဖြစ်သွားသည်မို့ အတော်မူးနေပြီဖြစ်သည်။

သောက်ကောင်းကောင်းနှင့် သောက်လာတာ ညဉ့်နက်မှ လူစုခွဲဖြစ်ကြသည်။

ဖိုးဆောင်းက သူနေထိုင်သောအိမ်ကိုရောက်ဖို့ သည်နေ့ အတော်လျှောက်ရပါလားဟု မူးမူးနှင့် ပါးစပ်ကပြောရင်း ခြေလှမ်းကို

www.burmeseclassic.com

www.burmeseclassic.com



အားယူပြီး သယ်လာရင်းမှ လမ်းထဲသို့ဝင်ဖို့ ခြေလှမ်းတွေကို ဦးတည်လိုက်သည်။

ရုတ်တရက်ဆိုသလို ဖိုးဆောင်းအကြည့်က လမ်းထိပ်အုတ်ခုံဆီသို့ ရောက်သွားသည်။

အုတ်ခုံမှာ ဆံပင်ကို ဖားလျားချထားပြီး မျက်နှာက မည်းနေကာ နားမှာ နားကပ်ကြီးကြီးနှစ်ကွင်းကို ဖန်ထားသော အဘွားကြီးတစ်ဦး ထိုင်နေသည်ကို မြင်နေရသည်။

မှုးပေမယ့် ဖိုးဆောင်း စဉ်းစားမိတာက သည်လို။ ညဉ့်နက်သန်းခေါင်အချိန်မှာ ဘယ်က အဘွားကြီးက လာထိုင်နေသလဲလို့ သူ မူးနေလို့ အမြင်မှားတာလားဆိုပြီး မျက်လုံးကို ပွတ်ကြည့်ကာ အုတ်ခုံနားသို့ မူးနေသောခြေလှမ်းတွေနှင့် တစ်လှမ်းချင်း လှမ်းလာခဲ့သည်။

'ဘာစားဖို့ပါလဲ၊ ငါ့ကိုပေးစမ်း'

အုတ်ခုံနားသို့ ဖိုးဆောင်း ရောက်လာသောအခါ အုတ်ခုံမှာ ထိုင်နေသော အဘွားကြီးက လက်လှမ်းပြီး ဖိုးဆောင်းဆီက စားစရာကို တောင်းလိုက်သည်။ လက်တွေက လက်သည်းချွန်တွေနှင့် ဖြစ်သည်။

ဖိုးဆောင်း ချက်ချင်းဆိုသလို သောက်ထားသော အမူးလေးတောင် ပြေမလိုဖြစ်သွားရင်းက မနက်က လမ်းထဲမှာ ဟိုဘက်အိမ်က ကိုဖိုးသကြား မနေ့ညက သရဲခြောက်ခံရသည့်သတင်းကို ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်သည့်သရဲက ယခု သူမြင်နေရသောပုံစံနှင့် တစ်ထပ်တည်း။

ဖိုးဆောင်း ကြက်သီးများထရင်းက…

'သရဲ… သရဲ…'

ကြောက်လန့်တကြားအော်ဟစ်ရင်း ဖိုးဆောင်း လန့်ပြီး လဲကျတာ သတိမေ့သွားသည်။

ဖိုးဆောင်းအသံကြောင့် လမ်းထဲမှလူများက လမ်းမသို့ထွက်သာကာ ဓာတ်မီးတွေ ဘာတွေထိုးနှင့် လမ်းထိပ်တွင် သတိမေ့လဲကျနေသော ဖိုးဆောင်းကို မြင်တွေ့သွားကြသည်။

'ဟာ… ဘယ်လိုဖြစ်တာလဲ၊ ဒီကောင် မူးပြီး ဘာဖြစ်လို့အော်နေတာလဲ၊ သူ့အိမ်ကို ပွေ့ခဲ့'

လဲကျနေသော ဖိုးဆောင်းက လမ်းထိပ်အုတ်ခုံမှာ သူမြင်တွေ့နေသော မြင်ကွင်းနှင့် အဖြစ်အပျက်ကို ပြောပြသည်။

ထိုသို့ ပြောပြချိန်ထိ ဖိုးဆောင်းခမျာ အကြောက်မပြေသေး။

'ဒါဆို သေချာပြီ၊ မနေ့ညက ဟိုဘက်လမ်းက ဖိုးသကြားကို ခြောက်တဲ့သရဲဖြစ်ရမယ်။ ဩော်… ဗိုက်ဆာလို့ အစာတောင်းတာနေမှာ ဒုက္ခပါပဲကွာ… တစ်ခါဖူးမှ တို့ရပ်ကွက်မှာ ဒါမျိုးမကြားဖူးဘာ တစ်ဖြစ်ပြီးတော့မှပဲ ဒါမျိုးတွေ တွေ့နေရတယ်၊ ဒုက္ခပါပဲ'

လမ်းထဲက လူကြီးတစ်ဦးက စိုးရိမ်တကြီး ပြောသည် ပြီးနောက်တော့ ဖိုးဆောင်းတို့အိမ်မှ လမ်းထဲကလူတွေ ထွက်ခဲ့ပြီ

www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် ဟိုလိုးဒီလိုး လမ်းထဲလျှောက်ထိုးနေကြပါသည်။

သရဲခြောက်ခံရသူ ဖိုးဆောင်းကတော့ အကြောက်မပြေသေးဘဲ မိန်းမဖြစ်သူ မထွေးအား ဘုရားစင်မှ ပရိတ်ရေ အတင်းတိုက်ခိုင်းနေပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# 1

‘နာဂစ်ပြီးမှ တို့ရပ်ကွက်ထဲမှာ ခြောက်တဲ့သရဲက တော်တော်ထူးဆန်းနေတာပဲ’

ဖိုးသကြားအိမ်သို့ ဖိုးဆောင်း၏မိန်းမ မထွေးက မနေ့သက သူ့ယောက်ျားဖိုးဆောင်း ခြောက်ခံရသည့် သရဲကိစ္စကို လာပြောသဖြင့် ဖိုးသကြားက အံ့အားတသင့်ဖြင့် နှုတ်က ရေရွတ်လိုက်ပါသည်။

‘ငါ့ကိုခြောက်တဲ့သရဲက ဖိုးဆောင်းကိုလည်း ခြောက်ပြီး အစာတောင်းတာဆိုတော့ သူက မကျွတ်မလွတ်လို့ မစားရတာပဲဖြစ်မှာ။ ဒီတော့ ဒီညနေ နေဝင်ရီတရောအချိန် လမ်းထိပ်မှာ အစာကျွေးရင်ကောင်းမယ်’

ဖိုးသကြား စကားအဆုံး ကလေးကိုနို့တိုက်နေသော မအေးမြက ဖိုးသကြားကို စိုးရိမ်ထိတ်လန့်သည့်ပုံစံမျိုးနှင့်ကြည့်ပြီး…

‘ကိုဖိုးသကြား… မဟုတ်တာတွေ လျှောက်လုပ်မနေနဲ့ဦး။ တော်ကြာ ရှင်က လမ်းထိပ်မှာ နေဝင်ရီတရောအချိန် သွားကျွေးတာ

www.burmeseclassic.com

www.burmeseclassic.com



တ•ကိစ္စမရှိဘူး၊ အပမှီလာပြီး ကလေးကိုပူးမှ ဒုက္ခပါပဲ၊ မလုပ်ပါနဲ့ နော်'

ဖိုးသကြား ဘာမှမပြောဘဲ မအေးမြပြောသောစကားကို စဉ်းစားနေမိပါသည်။

မအေးမြ ပြောတာ ဟုတ်တော့ ဟုတ်သားလို့။ သွေးလွန်တုပ်ကွေး ဖြစ်ပြီး ကလေးက ဆေးရုံကနေ ဆင်းလာတာ တစ်လလောက်ပဲရှိသေးတာ၊ မဖြစ်သေးဘူးဆိုပြီး အတွေးထဲမှာပင် ပယ်ချလိုက်ရပါသည်။

'ကဲ… မိတွေး၊ အိမ်မပြန်သေးဘူးဆိုရင်လည်း အေးမြနဲ့ စကားပြောချေဦး၊ ငါ အပြင်သွားဦးမယ်'

ဖိုးသကြားက အိမ်ကနေ ထွက်လာခဲ့သည်။

သည်လို နှစ်ရက်ဆက်တိုက် သရဲခြောက်ခံရသည့်ကိစ္စကို ဘာလုပ်ရရင်ကောင်းမလဲလို့ စဉ်းစားရင်း အကောင်းဆုံးက ရာအိမ်မှူး ဦးသောင်းဒန်အိမ်ကိုသွားပြီး တစ်နုခုတိုင်ပင်လျှင် ကောင်းမည်ဟု စိတ်ကူးလိုက်ပါသည်။

ဦးသောင်းဒန် အိမ်ကိုရောက်တော့ အိမ်မှာ ဦးသောင်းဒန်က မရှိ။

လက်ဖက်ရည်ဆိုင်သို့ သွားသည်ဆိုသဖြင့် ဖိုးသကြား လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်မှာ ဦးသောင်းဒန်ကို လမ်းထဲက လူအချို့နှင့် လက်ဖက်ရည်သောက်ရင်း စကားပြောနေသည်ကို တွေ့ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြားက သူတို့ဝိုင်းမှာ ဝင်ထိုင်လိုက်ပါသည်။

'ဖိုးသကြားရေ… ကြားပြီးပြီလား၊ ဖိုးဆောင်း မူးမူးနဲ့ သူ့ရဲ့ ခြောက်ခံရတယ်ဆိုတာလေ'

လက်ဖက်ရည်စားပွဲဝိုင်းမှာ ဝင်ထိုင်ထိုင်ချင်းမှာပဲ ဦးသောင်းခန့်က ပြောလိုက်သည်။

'ကြားပြီးပါပြီ၊ ဖိုးဆောင်းရဲ့မိန်းမ မိထွေး အိမ်လာပြောလို့ သိပြီးပြီ။ အဲဒါ ကျွန်တော် အကြံတစ်ခု တင်ပြချင်လို့။

'ဘာအကြံလဲ ဖိုးသကြားရဲ့'

'ဒီလိုဗျာ… သရဲခြောက်တာ နှစ်ရက်ရှိပြီဆိုတော့ မဖြစ်သေးဘူး၊ ဒီတော့ လမ်းထိပ်မှာ အန္တရာယ်ကင်းပရိတ်လေး ဘာလေး ရွတ်မလားလို့၊ လမ်းထဲမှာ အလှူလေးဘာလေး ခံကြည့်မယ်ဗျာ။ အဲဒါ ကျွန်တော် စိုက်မယ်'

ဖိုးသကြား စကားကြောင့် ဦးသောင်းခန့်က တစ်စုံတစ်ရာကို ဆွေးရင်းက…

'နေပါဦး ဖိုးသကြားရာ၊ နဂိုက ဖြစ်ထားတာဆိုရင်တော့ သူတွေက အကုန်လုံး ကိုယ့်အိမ်ကိုယ်ပြင်ရနဲ့ ငွေကုန်ကြေးကျများနေ ဘာ၊ ပြီးတော့ လမ်းထိပ်မှာလည်း ရှင်းဖို့လင်းဖို့က ရှိသေးတော့ ဆောင့်ကြည့်ပါဦး၊ သရဲက နေ့တိုင်းတော့ မခြောက်နိုင်လောက်ပါဘူး ဗျာ'

ဖိုးသကြားလည်း ဘာမှပြန်မပြောတော့ဘဲ လက်ဖက်ရည် တစ်ခွက် မှာလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြား လက်ဖက်ရည်သောက်ရင်း စဉ်းစားနေတာက သည်ညရော မည်သူများ သရဲခြောက်ခံရဦးမလဲလို့။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



ရာအိမ်မှူး ဦးသောင်းဒန် ရပ်ကွက်အေးချမ်းသာယာရေးရုံး ကနေ ပြန်လာတော့ ညဆယ့်တစ်နာရီရှိပြီဖြစ်သည်။

ရုံးအနီး ဓမ္မာရုံထဲမှာ ရပ်ကွက်ထဲက လေဘေးသင့်သည့် အိမ်အချို့က လူတွေကို ကယ်ဆယ်ရေးစခန်း ဖွင့်ထားသဖြင့် အလှူ တာဝန်ယူပြီးသွားသောကြောင့် ဖြစ်ပါသည်။

လမ်းတစ်လမ်းလုံးကလည်း မှောင်နေပါသည်။ လက်ထဲမှာ ကိုင်ထားသော လက်နှိပ်ဓာတ်မီးဖြင့် ဟိုထိုးဒီထိုး ထိုးကြည့်ရင်း သူ့ အိမ်ရှေ့သို့ ရောက်လာပါသည်။ စေ့ထားသော ခြံဝင်းတံခါးကို တွန်းဖွင့် ပြီး ဇနီးဖြစ်သူက ခြံဝင်းတံခါးမှာ သော့မခတ်ဘဲ ချိတ်ထားသောသော့ ကိုယူပြီး အိမ်ခြံဝင်းအတွင်းကနေ သော့ခတ်လိုက်ပါသည်။ ထို့နောက် ပိတ်ထားသော အိမ်တံခါးမကြီးရှိရာဆီသို့ ခြံဝင်းတံခါးကနေ လျှောက် အလိုင်းမှာ...

'ဟဲ့... နေဦး'

www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းဒန်၏ နောက်ကျောကနေ ခေါ်သံကိုကြားသဖြင့် လှည့်ကြည့်ပြီး လက်ထဲမှာ ဖွင့်လျက်သားကိုင်ထားသော လက်နှိပ်ဓာတ်မီးဖြင့် အသံလာရာဘက်သို့ ကြည့်လိုက်သောအခါ ကြက်သီးတွေ တဖျန်းဖျန်းထသွားပါသည်။

'နင့်ရဲ့အိမ်ခေါင်းရင်း အုန်းပင်အောက်ကို တူး၊ ရွှေအိုး ရှိတယ်'

ဆံပင်ဖားလျားချပြီး မျက်နှာက မည်းနေကာ နားမှာ နားကပ်ကွင်းကြီးနှစ်ကွင်းကို ပန်ထားပြီး ပါးစပ်မှာ သွားနှစ်ချောင်းသာရှိသော သရဲလိုလို လူလိုလိုက ပြောလိုက်ပါသည်။

ဦးသောင်းဒန် သိလိုက်ပါသည်။ ဖိုးသကြားရော ဖိုးဆောင်းပါ ခြောက်တာ ထိုသရဲပဲ ဖြစ်လိမ့်မည်ဟု။

ထိုတော့မှ ကြောက်လန့်တကြားဖြင့်...

'မိန်းမ... မတင်မြင့်ရေ၊ မတင်မြင့်... တံခါးမြန်မြန်ဖွင့်စမ်းပါ၊ ငါ့ကို သရဲခြောက်လို့'

တိတ်ဆိတ်နေသော ညဥ့်ယံမှာ ဦးသောင်းဒန် တံခါးထုသံက လမ်းထဲမှာ ဆူညံသွားပါတော့သည်။

'ဘယ်လိုဖြစ်တာလဲ ကိုသောင်းဒန်'

'အဖေ ဘယ်လိုဖြစ်တာလဲ'

ဇနီးဖြစ်သူရော သားသမီးတွေပါ ဖယောင်းတိုင်မီးထွန်းနေရင်းက လှမ်းမေးပါသည်။

'မမေးနဲ့၊ ငါ့ကို သရဲခြောက်လို့၊ အိမ်ရှေ့မှာ နေဦး... ငါ့ကို ရေအရင်တိုက်ဦး'

www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းဒန်က ကြောက်စိတ်မပြေသေးဘဲ ရေကို တဝကြီး သောက်ချလိုက်ပါသည်။

ပြီးမှ သရဲခြောက်ခံရပုံကို ရှင်းပြပါသည်။

'ကိုသောင်းဒန်ကလည်း ရှင့်ကို သရဲက ခြောက်တာမှမဟုတ် ဘာ။ အဲဒါ 'မ'တာ၊ ရှင်က လမ်းအကျိုး လူမှုရေးအကျိုးတွေ လုပ်နေ သို့ သရဲက ကျွန်မတို့ အိမ်ခေါင်းရင်းက အုန်းပင်အောက်မှာရှိတဲ့ ရွှေအိုးကို ပြောရင်းက 'မ'တာပေါ့။ ဒါကို လူတွေမသိစေနဲ့နော်'

'ဟုတ်လို့လားကွာ'

'ဟုတ်လို့ပေါ့၊ ဒီမကျွတ်မလွတ်တဲ့ နာနာဘာဝက အိမ်များ ဖိုးသကြားနဲ့ ဖိုးခေါင်းကို သွားခြောက်မိတာနေမှာ'

ဦးသောင်းဒန်နှင့် ဇနီးဖြစ်သူ မတင်မြင့်တို့ အပြန်အလှန် အား တိုးတိုးပြောနေကြသည်ကို သားသမီးသုံးယောက်က အမှုနားမလည် သလိုမျိုးနှင့် ကြည့်ရင်းက နားထောင်နေကြသည်။

'ဒါဆို ဘယ်လိုလုပ်မလဲ'

'ဘယ်လိုလုပ်ရမှာလဲ ကိုသောင်းဒန်ရဲ့၊ နက်ဖြန် အဲဒီအုန်းပင် အောက်ထပ်မှန်တိုင်းလာမှာကြောက်လို့ အန္တရာယ်ရှိလို့ ခုတ်ပစ်တာ ဆိုပြီး ခုတ်မှာပေါ့။ ပြီးမှ ကိုယ့်ဘာသာ မြေတူးသလို ဘာလိုလို ရွှေအိုးကို တူးမှာပေါ့။ ဘယ်သူသိတာမှတ်လို့'

'မတင်မြင့်ရာ ကြည့်လုပ်ပါဦး၊ ဒီအပင်က အသီးအရှုပ်အသီး ပြီးတော့ နာဂစ်တုန်းကတောင် မလဲတာ၊ မဟုတ်ရင်တော့ စရာကြီး'

'တော်ကလည်းလေ… ရွှေအိုးနဲ့ အုန်းပင် ဘယ်ရဲ့ဘူးသား

www.burmeseclassic.com



ဒါ ရှင့်ကို 'မ'တာ။ ရွှေအိုးရလိုက်လို့ကတော့ ကျုပ်တို့မိသားစု သူဌေး ဖြစ်ပြီ'

'ဒါဆိုလည်း ပြီးရောကွာ'

ထို့နောက်တော့ ရာအိမ်မှူး ဦးသောင်းဒန် ဘုရားဝတ်ပြုပြီး အိပ်ရာဝင်ပါသည်။ သို့သော် မအိပ်နိုင်သေးပါ။ မိန်းမဖြစ်သူ မတင်မြင့် ပြောသလိုများ ဟုတ်နေပြီလားလို့ စဉ်းစားရင်း နက်ဖြန်ခါ လုပ်ရမည့် အစီအစဉ်အား တွေးနေမိပါသည်။

ဦးသောင်းဒန်သာမက ဇနီးဖြစ်သူ မတင်မြင့်နှင့် သားသမီး သုံးယောက်ကလည်း အုန်းပင်ကိုခုတ်ပြီး အုန်းပင်အောက်က တူးလို့ ရလာမည့် ရွှေအိုးကြီးကို မျက်စိတွေထဲမှာ မြင်ယောင်နေရင်း ကိုယ် ထင်တာကိုယ်တွေးရင်းက ဘယ်အချိန် အိပ်ပျော်သွားမှန်းတောင် မသိ ကြတော့ပါ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

ဖိုးသကြားသည် မနက် လက်ဖက်ရည်ဆိုင်သွားဖို့ ထွက်လာတော့ ထူးထူးခြားခြား ဘာသတင်းမှ မကြားရ။

နှစ်ရက်ဆက်တိုက် သူနှင့် ဖိုးဆောင်း သရဲခြောက်ခံရသလို နိုး မည်သူတွေ ခြောက်ခံရသလဲဆိုသည့်သတင်းကို သိချင်နေပါသေးသည်။

'ဖိုးသကြား ဘယ်လဲ၊ လက်ဖက်ရည်ဆိုင်လားကွ'

လမ်းထိပ်ရောက်ရောက်ချင်းမှာပဲ ဖိုးသကြားကို ဦးသောင်းဒန်က လမ်းထဲဝင်လာရင်းမှ နှုတ်ဆက်လိုက်သည်။

'ဟုတ်တယ် ဦးလေးရေ၊ လက်ဖက်ရည်ဆိုင်သွားမလို့'

ဖိုးသကြားက ဦးသောင်းဒန်အမေးကို ဖြေရင်း ဦးသောင်းဒန် ဆားမှာ ပါလာသော လူသုံးဦးကို သတိထားမိသွားသည်။ ဓားချောင်းတွေရော၊ ဓားမကြီးတွေရော၊ ကြိုးတွေပါ ကိုင်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒီနေ့မနက်တော့ လက်ဖက်ရည်ဆိုင် မထိုင်နိုင်တော့ဘူးဟေ့၊ အိမ်ခေါင်းရင်းက အုန်းပင်ကို လှဲမလို့၊ အဲဒါ ဟိုဘက်ရပ်ကွက်က အုန်းပင်ခုတ်တဲ့လူတွေ သွားခေါ်တာ။ လေတွေ ဘာတွေတိုက်ရင် အန္တရာယ်ရှိတယ်လေကွာ'

'ဦးသောင်းဒန်ရာ… နမြောစရာကြီး၊ အုန်းပင်က အုန်သီးတွေ တော်တော်သီးတာဗျာ'

'ဘယ်တတ်နိုင်မလဲ ဖိုးသကြားရာ၊ အန္တရာယ်ဆိုတာ မဖြစ်ခင် ကြိုတင်ကာကွယ်ရတာပေါ့'

ဦးသောင်းဒန်က စိတ်ထဲကနေ တော်တော်အမေးအမြန်းထူသည့် ဖိုးသကြားပဲလို့၊ ကိုယ့်ဘာသာကိုယ် လက်ဖက်ရည်သွားသောက်တာမဟုတ်ဘူးဟုပြောရင်း အုန်းပင်ခုတ်မည့်လူသုံးဦးကို အိမ်သို့ခေါ်လာခဲ့သည်။

'အုန်းပင်ကို မြန်မြန်ခုတ်နော်၊ တော်ကြာ လေတွေ ဘာတွေ ထပ်တိုက်လာရင် မလွယ်ဘူး'

'ဦးသောင်းဒန်ရာ… မြန်မြန်ခုတ်လို့ ဘယ်ရမလဲ၊ လူတွေ ဘာတွေ အိမ်တွေ အန္တရာယ်မရှိအောင် ခုတ်ရမှာ မလောပါနဲ့ဗျာ လေက မတိုက်ပါဘူး'

ဦးသောင်းဒန်၏ စိတ်ထဲက အဖြစ်မှန်ကို လုံးဝမသိသော အုန်းပင်ခုတ်သမားတစ်ဦးက ရှင်းပြနေပါသည်။

ဦးသောင်းဒန်ကတော့ အုန်းပင်ခုတ်၍ ကြွေကျလာသည့် အုန်းသီးမျိုးကို လိုက်ကောက်ရင်း အုန်းပင်ခုတ်လို့ပြီးသွားလို့တော့ မြေကြီးကို အပြီးတူးပြီး ရတနာရွှေအိုးကို ရအောင်ယူမည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာ ရွှေတွေဘယ်လောက်ရှိမလဲဆိုတာ ချိန့်ကြည့်မည်ဆိုပြီး တွေး သို့မဆုံး။

ဦးသောင်းဒန်သာမက မိန်းမဖြစ်သူရော သားသမီးတွေက သည်း အုန်းပင် မြန်မြန်လှဲလို့ပြီးပါစေလို့သာ ဆုတောင်းနေပါသေး သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# I

ဖိုးသကြားတစ်ယောက် လက်ဖက်ရည်ဆိုင်သာ တစ်နာရီခွဲလောက် ထိုင်သည်။

သရဲခြောက်ခံရသော သတင်းကို ထပ်မံ မကြားရ။ သရဲက သူနှင့် ဖိုးဆောင်းကိုသာ ကွက်ပြီးခြောက်ပါလားလို့။

သူနှင့် ဖိုးဆောင်း ကံတော်တော်နိမ့်နေလို့ပဲ ဖြစ်ရလိမ့်မည်ဟု တွေးနေမိသေးသည်။

ရပ်ကွက်ထဲမှာ မည်သည့်လူတွေများ သရဲခြောက်ခံရလေသလဲ· ထပ်မံသိချင်လာသဖြင့် ရပ်ကွက်အနှံ့ မသိမသာ စုံစမ်းကြည့်သေးသည်။

ဘာမှ မထူးခြားပါ။

သို့သော် ထူးခြားချက်တစ်ခုကတော့ သူ့လမ်းထဲက ဦးသောင်းဒန်က အုန်းပင်ခုတ်ဖို့ စီစဉ်သလိုမျိုး လမ်း သုံး၊ လေး၊ ငါးလမ်းရှိ အိမ်အချို့ကတော့ အုန်းပင်တွေခုတ်နေတာ ထူးထူးခြားခြား တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်လူတွေလည်း မှာကစ်မုန့်တိုင်း ထပ်လာမှာကို စိုးရိမ်နေပါ ပကောဟု တွေးပြီး သူ့အိမ်ခြံဝင်းထဲမှာ အုန်းပင်မရှိတာကိုပဲ ဖိုးသကြား က ကြိတ်ပြီး ကျေနပ်နေမိပါသေးသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# ၉

ဦးသောင်းဒန်ရော သူ့မိသားစုတွေပါ တော်တော်ကို မောနေကြပြီဖြစ်သည်။

အိမ်ခေါင်းရင်းက အုန်းပင်ကို ခုတ်လှဲပြီးကတည်းက ရှင်းစရာရှိတာများကို ရှင်းပြီး ခြံစည်းရိုးတံခါးကိုပိတ်ပြီး တစ်ယောက် တစ်လှည့် အုန်းပင်လှဲထားသော မြေကြီးကိုတူးနေတာ အချိန်က အတော်ကြာလာပြီ ဖြစ်သည်။

ဦးသောင်းဒန်သာမက သူ့မိသားစုတွေ၏ လက်တွေလည်း ပေါက်ပြဲနေကုန်ပြီဖြစ်သည်။

ရွှေအိုးကိုတော့ မတွေ့ရသေးဘဲ တူးသည့် မြေကြီးထဲက ရေတွေထွက်လာတာပဲ မြင်နေရသည်။

'အဖေရာ… အဖေ့ရဲ့ သရဲမပြောတာက ဟုတ်ရော ဟုတ်သေးရဲ့လား၊ ရွှေအိုးက ဒီလောက်တော့ မြေကြီးအတွင်းထဲ မရောက်ဘူးထင်တယ်။ အဖေ့ဟာက ရွှေအိုးမတွေ့ဘဲ ရေတွေပဲ ထွက်နေတယ်။ ကြာရင် တူးရင်း တူးရင်း အဝီစိရောက်တော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



မြေကြီးတူးထားသဖြင့် တွင်းထဲသို့ရောက်နေသော သားဖြစ်သူ
က လှမ်းပြောလိုက်သဖြင့် ဦးသောင်းဒန်က…

'ဟေ့ကောင်… တိုးတိုးပြောပါကွ၊ တော်ကြာ လူဝိုင်းလာ
ဦးမယ်'

'ဝိုင်း ဝိုင်း အဖေရာ၊ တဖြည်းဖြည်း ကျွန်တော်လည်း ဒီတွင်း
ထဲကနေ ငရဲပြည် ရောက်တော့မယ်။ အဖေ့ရွှေအိုးက တွေ့မှမတွေ့
တာ'

သားဖြစ်သူနှင့်သမီးဖြစ်သူစကားကို နားထောင်ရင်း ဦးသောင်း
ဒန် တစ်ခုခုတော့ လွဲနေပြီလားလို့ စဉ်းစားနေမိပါသည်။

'ဗျို့… ဦးသောင်းဒန်၊ ဥက္ကဋ္ဌက ရုံးကို အမြန်လာခဲ့ပါတဲ့။
သရဲမအကြောင်း ပြောချင်လို့တဲ့'

အိမ်ရှေ့ခြံတံခါးကနေ လမ်းထဲက ဆယ်အိမ်မှူး ထွန်းလင်းက
အော်ပြောလိုက်သဖြင့်…

'အေး… လာခဲ့မယ်၊ ဘယ်က သရဲမလဲဟ'

'ဒါတော့ မသိဘူး'

ဦးသောင်းဒန်က နည်းနည်းစိတ်ဝင်စားသွားပါသည်။

'ကဲ… သား၊ တွင်းထဲက တက်တော့၊ ရုံးကပြန်လာမှ
ဆက်ခုခုဆက်လုပ်မယ်'

ဦးသောင်းဒန်က အိမ်ခြံဝင်းထဲကနေ ခပ်မြန်မြန်ထွက်သွားပါ
သည်။

'ဖိုးသကြားရေ… ရုံးကို လိုက်ခဲ့မလား၊ သရဲမတဲ့တဲ့'

'ဟုတ်လား၊ လိုက်မယ်… လိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြားတို့အိမ်ရှေ့ရောက်သော် ဦးသောင်းဒန်က ဖိုးသကြားကို လှမ်းခေါ်လိုက်သည်။ ဖိုးသကြားလည်း ချက်ချင်းဆိုသလို ဦးသောင်းဒန်နှင့်အတူ ရုံးသို့ လိုက်လာခဲ့ပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်သောအခါ ရုံးထဲမှာ လူတွေက အုံနေပါသည်။ လမ်းတစ်လျှောက် ရပ်ကွက်ထဲမှာ ခြောက်နေသော သရဲကို ဖမ်းမိထားသည်ဆိုသော သတင်းတွေကလည်း ပျံ့နေပါသည်။

'လာဗျို့ ဦးသောင်းဒန်'

ဥက္ကဋ္ဌက ခေါ်သဖြင့် ဦးသောင်းဒန်က ဥက္ကဋ္ဌနားသို့ သွားပါသည်။ ဖိုးသကြားလည်း ရုံးထဲမှာထိုင်နေသော ဆံပင်ဖားလျားချပြီး မျက်နှာကို အိုးမည်းသုတ်ထားကာ နားမှာ နားကွင်းကြီးနှစ်ကွင်းကို ချိတ်ထားပြီး သွားနှစ်ချောင်းတည်းသာရှိသော အဘွားကြီးကို သေသေချာချာ ကြည့်မိသည်။

'ဟာ… ဒါ ကျွန်တော့်ကိုခြောက်တဲ့ သရဲပဲ'

ဖိုးသကြားက အံ့အားတသင့် ပြောလို့မဆုံးခင် ဦးသောင်းဒန်ကလည်း ကြည့်လိုက်ရာ…

www.burmeseclassic.com

www.burmeseclassic.com



'ဒါ မနေ့ညက အုန်းပင်အောက်မှာ ရွှေအိုးရှိတယ်ပြောပြီး ထွက်သွားတဲ့ သရဲမပဲ၊ ဘာတွေလဲဗျာ'

ဦးသောင်းဒန် စကားကြောင့် ဆူညံနေသော လူတွေ၏ အသံ တွေက တိတ်ဆိတ်သွားပါသည်။

'ဘာရမှာလဲ ဦးသောင်းဒန်ရဲ့၊ ဒါက သရဲမှ မဟုတ်တာ စိတ်ဝေဒနာခံစားနေရတဲ့ အဘွားအိုပါဗျာ၊ နာဂစ်မုန်တိုင်းဖြစ်တော့ ကြောက်ကြောက်လန့်လန့်နဲ့ အိမ်ကထွက်ပြေးလာရင်း ရောက်ချင်တဲ့ နေရာရောက်၊ ပြောချင်တာပြောနဲ့ သူ့ရဲ့ပုံပန်းသဏ္ဌာန်က စိတ်မမှန် ဆိုတော့ ညမှောင်မှောင်မှာ လူတွေရဲ့အမြင်က တစ်မျိုးထင်ကုန်တာ ကိုး၊ စိတ်မမှန်တဲ့သူဆိုတော့ ပါးစပ်က ပြောချင်တာတွေ ပြောတာ ပေါ့ဗျာ'

'ဥက္ကဋ္ဌ… ဒါဆို သွားပါပြီဗျာ၊ ကျွန်တော့်အိမ်က အုန်းပင် တော့ ဒီအဘွားကြီးကို သရဲမှတ်လို့ သူပြောတဲ့အတိုင်း ရွှေအိုးရမလား လို့ အုန်းပင်လှဲပြီးတူးတာ အသီးတွေသီးတဲ့အပင်ကြီး မရှိတော့ဘူး'

'ဟဲ… ဟဲ… အဲဒါက လောဘတက်တာကိုးဗျ'

ဦးသောင်းဒန် ပြောသည်ကို နားထောင်ပြီး ဥက္ကဋ္ဌက ရယ်မော လို့နေပါသည်။

ဖိုးသကြား ပြုံးမိပါသည်။

သည်နေ့ မည်သူ့သရဲခြောက်ခံရသလဲလို့ လမ်းတွေမှာ ... စုံစမ်းတော့ အိမ်တွေမှာ အုန်းပင်တွေ လှဲနေကြသည်မှာ ... ရောက်နေသည့် အဘွားကြီးက ညဘက် လျှောက်သွားပြီး ပြောချင်...

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ပြောတာကို လူတွေက တစ်မျိုးတွေးပြီး ရွှေအိုးရမလား ဆို သည့်ကိန်းစွပဲ ဖြစ်နေတော့သည်။

'ဒါနဲ့ သူက ဒီကို ဘယ်လိုလုပ်ရောက်နေတာလဲ ဥက္ကဋ္ဌ ရဲ့'

'ဘယ်လိုရမလဲဗျ၊ နေ့လယ်က ဒီအသွားအိုက ဒီရုံးကိုရောက် ပြီး ဒါ အရင်တုန်းက သူ့နန်းတော်၊ ဒီနန်းတော်အောက်မှာ ရတနာ ဆိုက်ရှိတယ်၊ အဲဒါ သူပိုင်တယ်၊ ဖယ်ပေးဆိုပြီး ဒီနေရာကနေ မသွား ဘဲနေနေလို့ မောင်းလို့ကလည်း မရ၊ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ နဲ့ ရဲစခန်းက ဖုန်းဝင်လာတာ။ လူပျောက်ကြော်ငြာကိစ္စ အသိပေးတော့ ပျောက်တဲ့လူက ဒီအသွားကြီးနဲ့ အရှက်အလက်တွေတူနေလို့ တော်ကြာ သူ့ဆွေမျိုးသားချင်းတွေ လာခေါ်လိမ့်မယ်။ အဲဒါ ခင်ဗျားတို့လို လူကြီး တွေလည်း ရှိမှပေါ့ဗျာ'

'ဒီလိုဆို ဥက္ကဋ္ဌ ခဏလေးပါဗျာ၊ အိမ်ခဏပြန်ပြီး ပြန်လာ ခဲ့မယ်'

ဦးသောင်းဒန်က ဥက္ကဋ္ဌကို ခွင့်ပန်ပြီး ဖိုးသကြားကိုခေါ်ကာ ရုံးထဲက ထွက်လာခဲ့ပါသည်။

'အမြင်မှားဆိုတာ ဒါပဲ ဦးလေးရေ၊ မုန်တိုင်းကြောင့် ပတ်ဝန်း ကျင်က ချောက်ချားနေ၊ မှောင်ကလည်း မှောင်နဲ့ ထင်ချင်ရာထင်မိ ... ဒီနာဂစ်တစ်ခွေက ဦးသောင်းဒန် တစ်ယောက်တည်း ... လမ်းက လူတွေကိုလည်း ရွှေအိုးကိစ္စ ပြောချင်ရာပြော ... သူတို့အုန်းပင်တွေလည်း ကုန်ပြီ။ တစ်ပင်မှ ... က အပင်တွေခုတ်နေတာ တွေ့ခဲ့ရတယ်'

www.burmeseclassic.com



'ဟေ… ဟုတ်လား'

ဖိုးသကြားစကား နားထောင်ပြီး ဦးသောင်းဒန်၏နှုတ်ဖျားမှ ထိုစကားသံသာ ကြားရပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

အဖြစ်မှန်များကို သိရပြီးသည့်နောက်မှာ အုန်းပင်ခုတ်လှဲခဲ့သော အိမ်အသီးသီးမှာတော့ ကိုယ့်အဖြစ်ကိုယ်တွေးရင်း ရယ်ရမလိုလို ငိုရမလိုလို ဖြစ်ခဲ့ရသည်ကိုတော့ အထူးပင် ပြောဖို့လိုမည်မထင်တော့ပါ။

ဩော်… နာဂစ်တစ္ဆေရယ်လို့ ထင်မှတ်ကြလေရဲ့ကွယ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# ၃၂

'ဒိုလေး မပါလို့ပေါ့ကွာ၊ ဒိုလေးသာ ပါကြည့် သနားတယ်၊ ဒါပေမဲ့ မန်ယူကို လျှော့တွက်ရင်တော့ မှားမယ်'

'အာကြီးကဝဲလ်ကော့ကတော့ကွာ အွန်နရီလက်သစ်ပဲဟေ့၊ ဒီအတိုင်းဆို အာဆင်ဝင်းဂါးကြီးရဲ့ အသင်းက ပရီးမီးယားမှာ ပထမ ရသွားနိုင်တယ်'

'စကိုလာရီနဲ့ ချဲလ်ဆီးကတော့ တကယ့်ရှယ်ပဲဟေ့၊ အခုမှ ဘောလုံးပွဲရသစစ်စစ် ကြည့်ရတော့တယ်'

ဖိုးသကြား တော်တော်စိတ်ညစ်နေသည်။ လက်ဖက်ရည်ဆိုင် ထိုင်ထိုင်၊ ဘယ်နေရာသွားသွား ထိုစကားတွေကိုသာ ကြားနေရသဖြင့် လူတွေမှာ ဘောလုံးကိစ္စကလွဲပြီး အခြားကိစ္စတွေ စိတ်မဝင်စားတော့ လေလား မသိပါ။

'ဖိုးသကြားရေ… အခုလို အိုင်တီခေတ်ကြီးမှာ ဘောလုံးပွဲ တွေဟာ တကယ့်အပန်းဖြေစရာပဲဟေ့၊ အင်္ဂလန်ကို မရောက်ဖူးတော့

www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကွင်းစိမ်းစိမ်းတွေကို ကြည့်ရင်း စိတ်ကူးနဲ့ ဘောလုံးပွဲကြည့်ရင်း အပန်းဖြေရတာ ဟန်ကျတယ်ဟေ့'

ဖိုးသကြား၏သူငယ်ချင်း အောင်စိုးက လက်ထဲမှာ အားကစားဂျာနယ်တစ်စောင်ကို ကိုင်ရင်းမှ လက်ဖက်ရည်ကိုသောက်ရင်း တတ်တက်ကြွကြွပြောနေပါသည်။

'ဒီနေ့ခေတ်မှာ ခေတ်စားနေတဲ့ ဘောလုံးပွဲတွေကို မကြည့်ဖြစ် ရင်တော့ အဲဒီလူဟာ နိုင်ငံတကာကို ယဉ်ကျေးမှုအရ ဆန့်ကျင်တာနဲ့ တူနေတယ်ဟေ့'

အရေးထဲ ဘောလုံးပွဲမကြည့်တာနဲ့ ဖိုးသကြားမှာ အောင်စိုး စကားကြောင့် ကိုယ့်ထမင်းကိုယ်စားပြီး နိုင်ငံတကာယဉ်ကျေးမှုကို ဆန့်ကျင်နေသူတစ်ဦးဖြစ်မှန်းမသိ ဖြစ်နေသလိုပင် ဖြစ်ပါသည်။

'မဆိုင်ပါဘူး အောင်စိုးရာ၊ ဘောလုံးပွဲ မကြည့်တာနဲ့ နိုင်ငံတကာကို ဆန့်ကျင်တာ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ ဖိုးသကြားရဲ့၊ ဘောလုံးပွဲကို ဘောလုံးပွဲလို့ မြင်နေရင်တော့ တစ်မျိုးပေါ့။ ဘောလုံးပွဲဟာ အခုအခါမှာတော့ နိုင်ငံတကာရဲ့ စီးပွားရေးကြော်ငြာတွေ၊ ငြိမ်းချမ်းရေးတွေ၊ လူမှုရေး ဆောင်ရွက်ချက်တွေအားလုံးနဲ့ ပတ်သက်နေပြီ။ ပြီးတော့ ဘောလုံးပွဲတွေက ဦးနှောက်ကို အသုံးချကောင်းရင် ဈေးဖိုးတို့ ဘာတို့ ရတယ်။ အဲ... လုပ်ကွက်ကောင်းရင် သူဌေးတွေ ဘာတွေတောင်ဖြစ်တယ် ဖိုးသကြားရဲ့'

'ဘယ်လိုသူဌေးဖြစ်တာလဲ အောင်စိုးရဲ့၊ ငါ နားမလည်ဘူး'

'ဒီလိုကွာ... ကဲ... ရှင်းပြီလား'

www.burmeseclassic.com

www.burmeseclassic.com

'ငါ နားမလည်ပါဘူးကွာ'

အောင်စိုးက ဖိုးသကြား နားမလည်သော ဘောလုံးဈေးကွက် စီးပွားရေး ဘောဂဗေဒအကြောင်းကို ဆရာက တပည့်တစ်ဦးကို ရှင်းပြနေသလိုမျိုး ရှင်းပြပါသည်။ ဖိုးသကြားခမျာတော့ နားထောင်ရင်း ရှာလည်နေသလိုမျိုး ဖြစ်နေပါသည်။

'အေး… ပထမဦးဆုံး နားလည်အောင် ဘောလုံးပွဲတွေ အရင်ဆုံး စကြည့်၊ နောက် မင်း သိလာလိမ့်မယ်'

အောင်စိုးက ဘာမှမပြောတော့ဘဲ ကျန်နေသည့် လက်ဖက်ရည်ကိုသာ မော့သောက်နေမိပါသည်။ အောင်စိုးပြောသည့်စကားကို ရေနွေးတောင်မသောက်တော့ဘဲ အစဉ်းစားကြီး စဉ်းစားနေသူကတော့ ဖိုးသကြားပင် ဖြစ်ပါသည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

ဖိုးသကြား တစ်ရက်၊ နှစ်ရက်အတွင်း အိမ်အလုပ်တွေတောင် မလုပ်နိုင်အားဘဲ အားကစားဂျာနယ်တွေနှင့် အလုပ်ရှုပ်နေသဖြင့် ဇနီးဖြစ်သူ မအေးမြကတောင် ဘယ်လိုတွေဖြစ်နေသလဲလို့ အံ့အားသင့်နေမိပါသည်။

လက်ဖက်ရည်ဆိုင်လည်း မထိုင်၊ အိမ်အလုပ်တွေတောင် မလုပ်နိုင်အားဘဲ အားကစားဂျာနယ်တွေကိုဖတ်လိုက် စာအုပ်ထဲကူးဆိုက်နှင့် အလုပ်ရှုပ်နေသဖြင့် နည်းနည်းတော့ မေးမြန်းမှဖြစ်ဦးမည်ဆိုပြီး ဖိုးသကြား အားကစားဂျာနယ်ဖတ်နေသော အိမ်ပေါ်ထပ် ဝရန်တာရှိရာသို့ လာခဲ့သည်။

'ကိုဖိုးသကြား ဒီတစ်ရက်၊ နှစ်ရက်အတောအတွင်း ဘာမှမလုပ်ဘဲ ဒီအားကစားဂျာနယ်တွေကို ဖတ်ပြီး ဘာတွေအလုပ်ရှုပ်နေတာလဲ၊ ဘောလုံးပွဲတွေ ရှင် စိတ်ဝင်စားတာလည်း မဟုတ်ဘဲနဲ့'

'ဟိုတုန်းကတော့ ဟုတ်ချင်ဟုတ်မယ်၊ အခု ငါ့အတွေးအခေါ်တွေ နည်းနည်းပြောင်းသွားပြီဟ။ ဘောလုံးပွဲတွေကို ငါကြည့်တော့

www.burmeseclassic.com



မယ်၊ ဒီလိုကြည့်ခြင်းအားဖြင့် နိုင်ငံတကာယဉ်ကျေးမှုကို မြှင့်တင်ပေးရာရောက်မယ်၊ နောက်ပြီး သူများ မန်ယူ၊ အာဆင်နယ်၊ ချဲလ်ဆီးကို ကိုယ်ကလည်း ဒါမျိုးဖြစ်နေမှ၊ နို့မို့ ခေတ်မမီဘဲနေဦးမယ်။ တော် သေးတာပေါ့ဟာ… အရင်တုန်းက ဒေးဗစ်ဘက်ခမ်းပဲ သိတာ၊ အခု တော့ ရော်နယ်ဒိုလေးတို့၊ ရွှန်းနီတို့၊ ဂျရတ်တို့နဲ့ ဟုတ်နေပြီဟော့'

မအေးမြက ခင်ပွန်းဖြစ်သူ ဖိုးသကြားကို နားမလည်သလိုကြည့်လိုက်သည်။ သူ့အကြည့်က သူ့ယောကျ်ား ဘယ်လိုစိ… …းတွေ ပေါက်သွားပြီလေလဲလို့။

'ရှင်… ပြောတာတွေက ပိုက်ဆံမရဘူး၊ ကိုယ့်အိမ်စီးပွားရေး ကိုယ်လုပ်မှ ပိုက်…ရမှာ။ အလုပ်သမားတွေချည်းပဲ ပစ်မထားနဲ့ဦးလေ'

'… …တယ် အေးမြရယ်၊ ဒီမှာ ဒီဘောလုံးပွဲတွေက ကိုယ့်ပေ…လာမှုအားကောင်းရင် ကောင်းသလို ဆုံးဖြတ်ချက်ကောင်းရင် ကောင်းသလို အိမ်ဈေးဖိုးကအစ အခုနေတဲ့ တိုက်ကနေ နောက်ထပ် ကားတွေ ဘာတွေတောင် ဝယ်နိုင်ဦးမှာဟော့၊ အိမ်မှာတောင် ဖိုက်မူဗီတို့ စလောင်းတို့တပ်ရင် ကောင်းမလား စဉ်းစားနေတာ၊ ဘောလုံးပွဲတွေ လက်ဖက်ရည်ဆိုင်မှာ သွားမကြည့်ရတော့ဘူးပေါ့'

ဖိုးသကြား စကားကိုနားထောင်နေသည့် မအေးမြတစ်ယောက် သူမ အိမ်မှာ ဘောလုံးပွဲလာကြည့်နေသော လမ်းထဲက လူများ၊ ကလေး များ၊ ဖိုးသကြား၏ မိတ်ဆွေများ၊ စကားသံများ၊ ငြင်းခုံသံများ၊ ကွမ်း တံတွေးများ၊ ဆေးလိပ်ပြာများကို သူမ မျက်ဝန်းထဲ… ကြိုတင်မြင် ယောင်လို့နေမိသည်။

'ဘာစလောင်း ဘာဖိုက်မူဗီမှ အိမ်မှာမတပ်နဲ့ ဘော…ုံးပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ချင်ရင် လက်ဖက်ရည်ဆိုင်မှာ သွားကြည့်၊ အိမ်ရှုပ်တယ်'

နောက်ဆုံး မအေးမြက ဗီတိုအာဏာသုံးပြီး ပယ်ချလိုက်ပါသည်။

'အေးမြပြောတာ ဟုတ်တော့ ဟုတ်တယ်၊ ဘောလုံးပွဲကြည့်တာက တစ်ယောက်တည်းကြည့်ရင် တော်တော်ပျင်းဖို့ကောင်းမှာပဲတော့ လူများများနဲ့ အပြင်မှာကြည့်ပြီး အော်ရတာ ပိုကောင်းမယ်၊ ဒါဆို အေးမြတို့ အိပ်ရေးမပျက်တော့ဘူးပေါ့ဟာ'

ဖိုးသကြား စကားအဆုံး မအေးမြက မျက်စောင်းထိုးပြီး ထွက်သွားပါသည်။ ဖိုးသကြားကတော့ မအေးမြ၏စကားကို ဂရုစိုက်တော်မမူအားဘဲ ဖတ်လက်စ အားကစားဂျာနယ်ကို ဆက်ဖတ်နေပါတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



'ဒါ မနေ့ညက အုန်းပင်အောက်မှာ ရွှေအိုးရှိတယ်ပြောပြီး ထွက်သွားတဲ့ သရဲမပဲ၊ ဘာတွေလဲဗျာ'

ဦးသောင်းဒန် စကားကြောင့် ဆူညံနေသော လူတွေ၏ အသံ တွေက တိတ်ဆိတ်သွားပါသည်။

'ဘာရမှာလဲ ဦးသောင်းဒန်ရဲ့၊ ဒါက သရဲမှ မဟုတ်တာ၊ စိတ်ဝေဒနာခံစားနေရတဲ့ အသွားအိုပါဗျာ၊ နာဂစ်မုန်တိုင်းဖြစ်တော့ ကြောက်ကြောက်လန့်လန့်နဲ့ အိမ်ကထွက်ပြေးလာရင်း ရောက်ချင်တဲ့ နေရာရောက်၊ ပြောချင်တာပြောနဲ့ သူ့ရဲ့ပုံပန်းသဏ္ဌာန်က စိတ်မမှန် ဆိုတော့ ညမှောင်မှောင်မှာ လူတွေရဲ့အမြင်က တစ်မျိုးထင်ကုန်တာ ကိုး၊ စိတ်မမှန်တဲ့သူဆိုတော့ ပါးစပ်က ပြောချင်တာတွေ ပြောတာ ပေါ့ဗျာ'

'ဥက္ကဋ္ဌ… ဒါဆို သွားပါပြီဗျာ၊ ကျွန်တော့်အိမ်က အုန်းပင် တော့ ဒီအသွားကြီးကို သရဲမှတ်လို့ သူပြောတဲ့အတိုင်း ရွှေအိုးရမလား လို့ အုန်းပင်လှဲပြီးတူးတာ အသီးတွေသီးတဲ့အပင်ကြီး မရှိတော့ဘူး'

'ဟဲ… ဟဲ… အဲဒါက လောဘတက်တာကိုးဗျ'

ဦးသောင်းဒန် ပြောသည်ကို နားထောင်ပြီး ဥက္ကဋ္ဌက ရယ်မော လို့နေပါသည်။

ဖိုးသကြား ပြုံးမိပါသည်။

သည်နေ့ မည်သူသရဲခြောက်ခံရသလဲလို့ လမ်းတွေမှာ လိုက် စုံစမ်းတော့ အိမ်တွေမှာ အုန်းပင်တွေ လှဲနေကြသည်မှာ ယခု ရုံးထဲ ရောက်နေသည့် အသွားကြီးက ညဘက် လျှောက်သွားပြီး ပြောချင်ရာ

www.burmeseclassic.com

www.burmeseclassic.com



'ဖိုးသကြားရေ… ဒီည အင်္ဂလန်ပရီးမီးယားလိဂ်တွေ မရှိဘူး၊ အီတလီစီးရီးအေပွဲတွေချည်းပဲ၊ အေစီမီလန်နဲ့ လာဇီယိုပွဲကို တိုက်ရိုက်လွှင့်မှာ'

'ကိုခင်မောင်လင်းကလည်း ဂျာနယ်ထဲမှာ ဒီည အင်္ဂလန်ပွဲတွေ ရေးထားတာပါ'

'မဟုတ်ဘူး ဖိုးသကြားရဲ့၊ မင်းဂျာနယ်မှာ ပွဲစဉ်ဇယားကြည့်တာ ရက်မှားနေပြီထင်တယ်'

'ဟုတ်လား၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ စာလုံးလေးတွေက သေးသေးလေးတွေနဲ့ ရေးထားကာဆိုတော့ အဖတ်မှားသွားတာပဲဖြစ်မယ်ဗျို့'

ဖိုးသကြား လက်ဖက်ရည်မှာသောက်ရင်း စဉ်းစားနေမိသည်။ စာကြည့်မျက်မှန်တစ်လက်တော့ လုပ်ရဦးမည်ဟု။

'ဖိုးသကြား… အေစီမီလန်နဲ့ လာဇီယို ဘယ်အသင်းကြိုက်သလဲ'

လက်ဖက်ရည်သောက်နေတုန်း ဘေးနားရှိ စားပွဲထဲမှာ ကြက်ဥချောင်းသော ကိုသံချောင်းက ဖိုးသကြားအား လှမ်းမေးပါသည်။

'ဒီညတော့ အေစီစားမှာပဲ၊ နိုင်ပွဲပျောက်နေတော့ အပီထဲနဲ့မှာပဲဗျို့'

ကိုသံချောင်းက သူ့ထင်မြင်ချက်ကို သူပြောနေပါသည်။ ဖိုးသကြားကတော့ တစ်ခါဖူးမှ အီတလီစီးရီးအေရော ပရီးမီးယားလိဂ်တွေပါ မကြည့်ဖူးသဖြင့် ဘာမှမပြောဘဲ ခပ်ဆိတ်ဆိတ်နေပါသည်။

မနေလို့ကလည်း မဖြစ်ပါ။ ကိုယ်က ပြောချင်တာ မှတ်ပြော

www.burmeseclassic.com



နေလျှင် ကိုယ့်ကို ဘောလုံးပွဲမကြည့်ဖူးဟု ထင်မှာစိုးသဖြင့် သိက္ခာတော့ အကျမခံနိုင်ဟု ဖိုးသကြား ဆုံးဖြတ်လိုက်ပါသည်။

❒

ဘောလုံးပွဲက စကန်တော့မည် ဖြစ်သည်။ နှစ်ဖက်သော ဘောလုံးသမားတွေက ကွင်းထဲမှာ နေရာယူထားပြီဖြစ်သည်။

သည်မှာပဲ ဖိုးသကြားအနီးရှိ ကိုသံချောင်း တစ်စခန်းထလာပြန်ပါသည်။

'ဖိုးသကြား··· ဒံပေါက်တစ်ထုပ်ကြေး၊ အေစီကနေ သရေအရှုံးပေးတယ်'

ဘောလုံးပွဲကြည့်နေသူအားလုံးက ကိုသံချောင်း၏ ကျယ်ကျယ်လောင်လောင်အသံကြောင့် ကိုသံချောင်းအား လှမ်းကြည့်ရုံမက ဖိုးသကြားကိုလည်း ကြည့်လိုက်ပါသည်။

ဖိုးသကြားက ဒံပေါက်တစ်ထုပ်စာလောက်နှင့်တော့ ကိုယ့်သိက္ခာ ကိုယ်အကျမခံနိုင်။ နည်းနည်းတော့ ဖိုးသကြားက ဘာလဲဆိုတာတော့ ပြရတော့မည်လို့။

'ဒီမှာ ကိုသံချောင်း၊ ဘောလုံးတစ်သင်းမှာ လူဘယ်နှယောက် ဘောလုံးကန်သလဲ'

'ဖိုးသကြားရာ မေးစရာလိုသေးလား၊ တစ်သင်းမှာ ဆယ့်တစ်ယောက် ကစားတာပဲ၊ ဒါများကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် စိန်လိုက်၊ ခင်ဗျားအသင်းလည်း ခြေထောက် နှစ်ဆယ့်နှစ်ချောင်း၊ ကိုယ့်အသင်းလည်း ခြေထောက် နှစ်ဆယ့်နှစ်ချောင်း၊ ဘာဖြစ်လဲ... ဒီဘောလုံးတစ်လုံးကို လုပြီး ဝိုင်းကန်ကြတာ အိုကေရတယ်၊ သရေတွေ ဘာတွေ လုပ်မနေနဲ့၊ အကြောမပေးဘဲ ချမယ်၊ ဘယ်သူမှ ခြေထောက်အပိုပါတာ မဟုတ်ဘူး'

'ကြိုက်ပြီ ဖိုးသကြားရေ၊ အိုကေ...'

ကိုသံချောင်းက ဖိုးသကြားစကားကို နားထောင်ပြီး အားရဝမ်းသာပြုံးရင်းက ပြောလိုက်ပါသည်။

ကျန်သည့်သူတွေကလည်း ဖိုးသကြားစကားကြောင့် ဖိုးသကြားကိုကြည့်ပြီး ပြုံးရင်းက သံပရာသီးလေလား သတ်မှတ်နေကြပါသည်။

ဒါကို ဖိုးသကြားက လုံးဝမသိ။ သူ့အကြည့်တွေကို တီဗီအိမ်သားပြင်ဆီသို့သာ အာရုံစိုက်လိုက်ပါသည်။

❒

ဘောလုံးပွဲပြီးတော့ အေစီမီလန်အသင်းက လာဇီယိုအသင်းကို နိုင်ပြတ်နိုင်ပါသည်။

'ဘယ်လိုလဲ ဖိုးသကြားရဲ့၊ ခြေထောက်နှစ်ဆယ့်နှစ်ချောင်းချင်းကန်တာ ဘယ်သူက ခြေထောက်အပိုပါသလဲဆိုတာ အခု တွေ့ပြီလား။ နက်ဖြန် ဒံပေါက်တစ်ထုပ်ကျွေးဖို့ ပြင်ပေတော့'

ကိုသံချောင်းက အောင်မြင်ဝံ့ကြွားသောလေသံဖြင့် ဖိုးသကြားအား ကပြီပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုဖိုးသကြားရာ… ကိုဖိုးသကြားက အချဉ်ကျနေတာပဲ၊ ဘာဖြစ်လို့ ဒယ်ဒယ်ချင်း လုပ်ရတာလဲ။ အေစီမီလန်အိမ်ကွင်းပဲဟာ၊ ဒီလိုပုံစံမျိုး ကိုဖိုးသကြား လောင်းလို့က စီးပွားတောင်ပျက်ဦးမယ်'

ဖိုးသကြားနှင့်သိသော လူငယ်လေးတစ်ဦးက အားမလိုအားမရ ဖြစ်ရင်းက ပြောပြန်ပါသည်။

'သိပါဘူးကွာ… ငါက ဘောလုံးပွဲ အစုမှကြည့်ဖူးတာဆိုတော့ အင်္ဂလန်ပွဲတွေမှတ်လို့၊ အီတလီပွဲတွေ ဖြစ်နေတယ်၊ ငါ့ကို ဘောလုံးပွဲကြည့်ဖို့ တိုက်တွန်းတဲ့ အောင်စိုးကိုလည်း ရှာမတွေ့ဘူး။ နေနှင့်ဦးပေါ့ကွာ၊ တစ်နေ့ ငါ့နေ့ဖြစ်ရမယ်'

ဖိုးသကြားက ကြိမ်းဝါးလိုက်ရင်းမှ လက်ဖက်ရည်ဖိုးရှင်းပေးပြီး အိမ်သို့ပြန်လာခဲ့ပါသည်။

❐

အိမ်ရောက်တော့ မအေးမြနှင့် ကလေးက အိပ်နေလို့ ဖိုသကြား တစ်ယောက် ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း နောက်တစ်ခါ ဘောလုံးပွဲကြည့်မိလို့ကတော့ ဒါမျိုးကို သနားတောင် သနားဦးမည်လို့။

ငွေကုန်ချင်သလောက် ကုန်ပလေ့စေ။ ဘောလုံးပွဲနှင့်ပတ်သက်လို့ကတော့ ကိုယ့်ဂုဏ်သိက္ခာမကျဘဲ သိက္ခာတက်ဖို့ မသိသောတွေကို သိအောင်လုပ်ဦးမည်ဟု 'တောက်'ခေါက်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုဖိုးသကြား… ဘယ်လိုဖြစ်လို့ 'တောက်'ခေါက်တာလဲ၊ ညွှန့်မကို ရှင် ဘာမကျေမနပ်ဖြစ်လို့လဲ၊ ပြောစမ်းပါဦး'

အရေးထဲ မအေးမြက ဖိုးသကြား 'တောက်'ခေါက်သံကြားပြီး ဘယ်လိုလုပ် အိပ်ရာက လန့်နိုးလာသလဲ မသိ။ ခြင်ထောင်ထဲက ထွက်လာပြီး ရန်တွေ့ပါတော့သည်။

'အေးမြရာ… နင့်ကို ရန်တွေ့ဖို့နေနေသာသာ ဒီဘောလုံးပွဲတွေနဲ့ ပတ်သက်လို့ မကျေနပ်လို့ ခံပြင်းပြီး 'တောက်'ခေါက်တာပေါ့၊ အဲ… ပြန်အိပ်တော့'

'ရှင့်မလဲ အခုမှ ဘယ်လိုဖြစ်ပြီး ဘောလုံးရောဂါထလာရသလဲ မသိဘူး၊ ဟင်း…'

မအေးမြက မျက်စောင်းထိုး ဗျစ်တောက်ဗျစ်တောက်လုပ်ရင်း ခြင်ထောင်ကို မ,ကာ ခြင်ထောင်ထဲဝင်သွားပါသည်။

ဖိုးသကြားကတော့ ပက်လက်ကုလားထိုင်မှာထိုင်ရင်း သူဖတ်လာခဲ့သော အားကစားဂျာနယ်တွေထဲမှ ဘောလုံးအသင်းအကြောင်းတွေကို စဉ်းစားရင်း ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း အိပ်ပျော်သွားပါသည်။

ခြင်တွေကိုက်တော့မှပဲ ကိုယ့်အဖြစ်ကိုယ်သတိရပြီး ခြင်ထောင်ထဲဝင်ကာ ချစ်လှစွာသောသား၏ ဘေးနားမှာ ဝင်အိပ်လိုက်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြားတို့များ အိပ်ရင်းက မန်ချက်စတာယူနိုက်တက်အသင်းမှာ ရှေ့တန်းတိုက်စစ်မှူးဖြစ်ရင်းက တစ်ဖက်အသင်းကို ဂိုးတွေသွင်းတာကို အိပ်မက်က မက်နေပါသေးသည်။

ဘေးနားက သားဖြစ်သူ ငိုသံကြားမှပဲ နိုးလာရင်းက မအေးမြကို နှိုးရပါတော့သည်။

ဖိုးသကြားမှာ အိပ်မက်လေးကို ပြန်မမက်လို့ လွမ်းနေမိရင်းက ဘယ်အချိန် အိပ်ပျော်သွားသလဲ မသိ၊ မိုးလင်းမှ နိုးပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# ၃၅

မနက်ခင်းဆိုသည်မှာ ယခုရက်တွေမှာတော့ ဖိုးသကြားအဖို့ ငံလာရှိလို့နေပါသည်။ အိပ်ရာကထ မျက်နှာသစ် သွားတိုက်ပြီး လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း နေ့စဉ်ထွက်ရှိနေသော အားကစား ဂျာနယ်ကိုဖတ်ပြီး လက်ဖက်ရည်သောက်ရတာလောက် အခြားစည်းစိမ် ရှိဟု ထင်နေမိပါသည်။

ဖိုးသကြား စဉ်းစား[illegible]သည်။

ကုဋေရှစ်ဆယ်သူဌေးသားသာ ရှိမည်ဆိုလည်း နေ့စဉ်ထုတ် အားကစားဂျာနယ်တွေ ဝယ်ရလွန်းလို့ မွဲမှာ သေချာသည်ဟု။

'ဖိုးသကြား နေ့တိုင်း အားကစားဂျာနယ်တွေ ဝယ်လှချည် [illegible]

ဤသို့အမေးခံရတိုင်း ဖိုးသကြားက ဂုဏ်ယူဝင့်ကြွားစွာဖြင့် [illegible]သည်ဖြေဆိုတတ်ပါသည်။

'ဒါကတော့ နေ့စဉ်ထွက်ပေါ်နေတဲ့ အားကစား[illegible] [illegible]င်းတွေကို သိရ[illegible]လေ။ တကယ်တော့ ကမ္ဘာကြီး[illegible] [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြတ်မသွားတော့ဘူးပေါ့၊ ပွဲစဉ် အနိုင်အရှုံးတွေ၊ ကစားသမား အပြောင်း အရွှေ့တွေ၊ ကစားသမားတွေရဲ့ ကွင်းပြင်ကအကြောင်းတွေ ပြီးတော့ ကိုယ့်ခန့်မှန်းမှုတွေ အစုံပေါ့ဗျာ။ တစ်နည်းပြောရရင်တော့ နိုင်ငံတကာ ယဉ်ကျေးမှုကို ကိုယ်စားပြုတာပေါ့ဗျာ'

'အမယ်လေးကွာ... မင်းနဲ့ ကြီးကြီးကျယ်ကျယ် ဟိုဘ ဘောလုံးသမားတွေ၊ ဘောလုံးပွဲတွေအကြောင်း ရေးတဲ့သူတွေက တောင် မင်းလောက် ဋီကာဖွင့်မှာ မဟုတ်ဘူး'

ထိုသို့ပြောလာသည့်အခါမျိုးမှာတော့ ဖိုးသကြားက ထိုလူက ဘုကြည့်ကြည့်ပြီး ပြောလေ့ပြောထရှိသောစကား ဖြစ်ပါသည်။

'ဘောလုံးပွဲဆိုတာ အနာဂတ် ဘာမှမသိလို့ ကြည့်တာ၊ ဘုရား သခင်က ဘောလုံးပွဲတစ်ပွဲရဲ့ အနာဂတ်ကို ကြိုတင်ပြီး မဖန်ဆင်းထား ခဲ့ဘူးဗျ၊ သိရဲ့လား'

ထိုအခါမျိုးမှာတော့ ဖိုးသကြားနှင့် စကားပြောသူခမျာ ဖိုးသကြားကို နားမလည်နိုင်သလိုကြည့်ရင်းက ထွက်ခွာသွားတတ်ပါ သည်။

'ဒီညတော့ သရဲနီတွေနဲ့ ကြိုးကြာနီတွေရဲ့ တိုက်ပွဲကတော့ ကြမ်းပြီ၊ အန်ဖီးလ်ဖီးရဲ့ စစ်မြေပြင်မှာ ဘယ်သူတွေကျဆုံးပြီး ဘယ်သူ တွေ အောင်ပွဲခံမလဲ မသိဘူး၊ သေချာတာက အန်ဖီးလ်ဖီးဟာ သရဲနီတို့ ရဲ့ အောင်မြေမဟုတ်ဘူးလို့ ပြောရမှာပဲ'

မထင်မှတ်ဘဲ လက်ဖက်ရည်ဆိုင်မှာ ဖိုးသကြားတစ်ယောက် လမ်းထဲက လူငယ်လေးတစ်ဦး၏ စကားသံကြောင့် စိတ်ဝင်စားသွား ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဖူးမှ သည်လိုစကားလုံးသုံးစွဲပုံမျိုး မကြားဖူးလို့ ဖြစ်ပါသည်။

'ညီလေး မင်းစကားတွေက ဆန်းလှချည်လား'

'ဟာ... ကိုဖိုးသကြားကလည်း ဒါက ဒီနေ့ ဘောလုံးအကြောင်းရေးတဲ့ ဆောင်းပါးသမားတွေ ပြောလေ့ရေးလေ့ရှိတဲ့ စကားပါ မဆန်းပါဘူး ကိုဖိုးသကြားရဲ့၊ ဒါက မော်ဒန်စတိုင်လို့လည်း ပြောလို့ရတာပေါ့'

'အေး... ညီလေးရဲ့စကားက လန်းလို့ပါကွာ၊ ဘာကိုပြောတာလဲ'

'အစ်ကိုရာ... ဒါက မန်ယူ သရဲနီလေး၊ လီဗာပူးက ကြီးကြာနီလေ၊ လီဗာပူးနဲ့ အန်းဖီးကွင်းမှာ ကန်မှာကိုပြောတာ၊ အစ်ကို ပေါက်ထိုက်စမ်းပါ'

'အစ်ကို ညီလေးတို့ပြောသလို ပေါက်ချင်ပါတယ်ကွာ၊ မပြောတတ်လို့'

ဖိုးသကြားက လူငယ်လေးအား အားကိုးတကြီးဖြင့် ကြည့်လိုက်ပါသည်။

'ဘာခက်လဲ အစ်ကိုရာ၊ အစ်ကို အားကစားဂျာနယ်တွေ ဝယ်ဖတ်မယ်မဟုတ်လား၊ သူတို့အသင်း သင်္ကေတရယ်၊ ဘောလုံးကွင်းတွေရယ်၊ ဘောလုံးသမားနည်းပြနာမည်တွေရယ်၊ ပြီးတော့ အသင်းတွေတည်ရှိတဲ့ မြို့တွေရယ်သိရင် ပြောလို့ရပါတယ်၊ အဲဒီလိုပြောရင် အရသာရှိတယ် အစ်ကိုရ။ ပြောနေကျအတိုင်း ဆိုရိုးရိုးပဲပေါ့'

www.burmeseclassic.com



'ဒါပေါ့ ညီလေးရာ၊ အစ်ကို အတတ်နိုင်ဆုံးကြိုးစားပြီး လေ့လာမယ်၊ ပြောကြည့်မယ်'

'ဘောလုံးစစ်မျက်နှာမှာ သေချာတာက အစ်ကိုဟာ မကြာ ခင်မှာ သူ့ရဲကောင်းမှတ်တမ်းဝင်မယ့် ပွဲကြည့်ပရိသတ်တစ်ဦး ဘာလို့ မဖြစ်လာရမှာလဲ၊ ပရိသတ်ဆိုတာ ဘောလုံးကစားသမားတွေရဲ့ ဂေါ် ဖားသားပါပဲဗျာ'

'ဟော့…ဟုတ်လား၊ ညီလေးပြောမှပဲ ကိုယ်က သိပ်ကြီးကျယ် သွားမှန်း သိရတော့တယ်ဟေ့၊ ကဲ… အစ်ကိုက လက်ဖက်ရည်တိုက် မယ်'

လူငယ်လေးစကားကြောင့် အကျေနပ်ကြီး ကျေနပ်သွားသဖြင့် ဖိုးသကြားက ထိုလူငယ်လေးအား လက်ဖက်ရည် ဒကာခံပါသည်။

□

ဘာပြောကောင်းမလဲ။

ဖိုးသကြားတစ်ယောက် ထိုနေ့ နေ့လယ်ခင်းအချိန်ကျမှ စတင် ၍ လူငယ်လေးပြောသည့်အတိုင်း ယခင့်ယခင်ကထက်ကို ပိုမိုပြီး အားကစားဂျာနယ်တွေကို အသေအချာဖတ်ကာ ထမင်းမစား ဟင်း မစားဘဲ အာဂုံဆောင်နိုင်အောင် ပါးစပ်ကနေတောင် ရွတ်ဆိုပါသေး သည်။

'ကိုဖိုးသကြားရယ်… ရှင်လေ အခုလိုမျိုး မဖွားမနေ အား

www.burmeseclassic.com

www.burmeseclassic.com


အစားဂျာနယ်ကို ဖတ်လိုက် စာကျက်သလိုလုပ်လိုက်နဲ့ လုပ်နေတာ ကျောင်းစာကိုသာ ကြိုးစားမယ်ဆိုရင် ရှင်ပါရဂူဘွဲ့တွေ၊ ဒေါက်တာဘွဲ့တွေကို ထပ်နေမှာပဲ သိလား'

ဇနီးဖြစ်သူ မအေးမြက ရွဲ့ပြောတာကိုပင် ဖိုးသကြားက ပြန်မပြောအားဘဲ ဖိုးသကြားခမျာ နှုတ်ကနေ ရှင် ိနေတာတွေ မစေ့စေဖို့ အကြိမ်ကြိမ်အဖန်ဖန် ရွတ်ဆိုနေမိပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# ၃၆

'လာမယ့် တိမ်ပြာပြာဆန်းဒေးကတော့ စတန်းဖို့ဒ်ဘရစ်မှာ ရင်ခုန်နှင်းဆီဇာတ်လမ်း စပြီ။ သူ့ရဲ့နီတွေနဲ့ အပြာရောင် ချယ်ဆီးတင် သားတွေရဲ့ ပြိုင်ဆိုင်မှုကတော့ ဆမ်ဘာဘရာကီးနည်းပြ စံကိုလာ စကော့တလန် ကပ်စေးနဲ့နည်းပြ ဖာဂူဆန်တို့ရဲ့ စီမံခန့်ခွဲမှု ဘယ်သူ လက်ဦးသွားမလဲဆိုတာ ကြည့်ရမယ့် ပွဲကောင်းတစ်ပွဲပဲ'

လက်ဖက်ရည်ဆိုင်မှာ ဖိုးသကြားတစ်ယောက် ယခုလို စကား လုံးတွေကို ပြောလိုက်သဖြင့် တော်တော်ကျေနပ်သွားပါသည်။

'ဖိုးသကြားရာ… ဘယ်လိုဖြစ်သွားတာလဲ၊ မန်ယူအသင်းနဲ့ ချယ်ဆီးအသင်း ကစားရမယ့်ပွဲလို့ပြောရင် ပြီးတဲ့ဟာကွာ'

ဖိုးသကြားအား ဘောလုံးပွဲတွေကြည့်ဖို့ အားပေးခဲ့သော အောင်စိုးကတောင် ဖိုးသကြားထံမှ မထင်မှတ်သော စကားသုံး အဆန်းတွေ ကြားရသဖြင့် စိတ်ပျက်သည့်လေသံမျိုးဖြင့် ပြောတော် ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘောလုံးပွဲဆိုတာ အရသာခံပြောမှ ကောင်းတာကွာ၊ အားကစားဂျာနယ်တွေထဲမှာလည်း အခု ငါပြောသလို အရေးအသားတွေနဲ့ ရေးတာတွေ မင်း မဖတ်ဘူးလား၊ တကယ်တော့ ငါတို့ဟာ မြက်ခင်းစိမ်းစိမ်းတွေမှာ ခြေထောက်တွေနဲ့ တည်ဆောက်တဲ့ဘဝတွေကို ဖန်သားပြင်ပေါ်ကနေ လက်ခုပ်လက်ဝါးတီးရင်း ကြည့်နူးခြင်းရသကို မြည်းစမ်းနေရတာနဲ့တင် ဘဝဟာ နေသာထိုင်သာရှိသွားတယ်။ ဒီတော့ အောင်စိုး ကျေးဇူး သူငယ်ချင်းရာ'

'ဖိုးသကြား··· မင်းကွာ'

အောင်စိုးခမျာ ခေါင်းကို တွင်တွင်ခါရင်း ဖိုးသကြားကို ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပါသည်။

'ငါကို မှားသွားတာပါ ဖိုးသကြားရာ။ မင်းကို ဘောလုံးပွဲကြည့်အောင် ငါက မီးမြှင့်ပေးလိုက်တာ ငါ့အမှားပဲ'

အောင်စိုးက သက်ပြင်းချရင်းမှ လက်ဖက်ရည်ကို မော့သောက်လိုက်ပါသည်။

'ကိုဖိုးသကြား ဒီည ဘယ်ပွဲတွေ လန်းမလဲ'

ဖိုးသကြားတို့ ရှိနေသော လက်ဖက်ရည်စားပွဲဝိုင်းသို့ ရပ်ကွက်ထဲမှ ရွှေတင်နှင့် မောင်သန်းတို့ လူငယ်နှစ်ဦး ရောက်လာပြီး ရွှေတင်က မေးပါသည်။

'ဒီည မန်ယူနဲ့ ချဲလ်ဆီးရဲ့ ပြိုင်ဆိုင်မှုက အသင်းခွဲတွေအတွက် နှလုံးငြိမ်ဆေး သောက်ရလောက်အောင် ဖြစ်ရမှာ၊ အိမ်ကွင်းမှာ အမြဲ ဘမ်း အလံထောင်နေတဲ့ ချဲလ်ဆီးအလံဟာ လွင့်နေဦးမှာပဲ၊ အပြာရောင် တပ်သားတွေရဲ့ ခံစစ်သူရဲကောင်းတွေဖြစ်တဲ့ တယ်ရီနဲ့ ကာဗယ်ဟိုကို

www.burmeseclassic.com



ဒိုလေးတို့၊ ရှုန့်နီတို့၊ ဘာဘာတော့ဗ်တို့ ကျော်မှာမဟုတ်ဘူး။ ဘောလုံးသေနင်္ဂဗျူဟာကို စကော့ကြီးရော ဘရာဇီးသားကြီးပါ ကျွမ်းလေတော့ ဒီပွဲဟာ ချဲလ်ဆီးအတွက် သရေဟာ မှုတတဲ့အဖြေပဲ'

'ဟာ… ကိုဖိုးသကြားရဲ့ စကားလုံးတွေက ထိချက်ပြင်းတယ်၊ ဒါဆိုရင် ဟုတ်ပြီ'

ရွှေတင်က ဝမ်းသာအားရနှင့် အင်္ကျီအိတ်ကပ်ထဲက စာရွက်အပိုင်းအစလေးတစ်စကို ထုတ်ယူပြီး ဘောလ်ပင်နှင့် မန်ယူအသင်းနာမည် ရေးထားသည်ကို ခြစ်လိုက်ပါသည်။

'ဘာလဲ ရွှေတင်ရ'

'ရော့… ကိုဖိုးသကြား စွဲသွားမယ်၊ အရပ်ထဲမှာ မောင်းသံညံစီနေတာ မသိဘူးလား'

ရွှေတင်ပေးသော စာရွက်လေးကိုကြည့်ပြီး ဖိုးသကြား အံ့အားသင့်သွားသည်။ တစ်နေ့တာ ကစားမည့်ပွဲစဉ်ဇယားအကုန်လုံး ပါနေသည်။

'ကိုဖိုးသကြား ကံစမ်းကြည့်ပါလား၊ အတွေးနဲ့ ထပ်တူကျရင် အဆာတွေ အများကြီးရမှာ'

'ကြိုက်ပြီဟေ့… ဒီဘာသာဗေဒကို စိတ်ဝင်စားသွားပြီ၊ ကိုယ့်စိမ်ခန့်ခွဲမှုနဲ့ ထပ်တူညီရင် ပွဲသိမ်းပြီ၊ အောင်စိုးရာ… မင်းက အစတုန်းက ငါ့ကို ဘာလို့မပြောတာလဲ'

အရေးထဲ အနီးနားမှာရှိနေသော အောင်စိုးကို ပြစ်တင်စကားဆိုလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း အိပ်ရေးတွေပျက်မှာစိုးလို့ပါ၊ အဲဒါက အရှမ်းခွဲတယ် ကွ၊ ပွဲစဉ်တွေ ဆက်ကြည့်ရတာ'

'ဘောလုံးစစ်မျက်နှာဖွင့်ရင်းယှဉ်ပြိုင်ကြတဲ့ ပြိုင်ပွဲတွေအတွက် အိပ်ရေးပျက်လည်း ဘာဖြစ်လဲကွာ၊ အောင်မြင်ခြင်းအသီးအပွင့် ဝတ်ရည်ချိုမြမြကို စားသုံးရတာပဲဟာ၊ အိပ်စက်ခြင်းနဲ့ ချိုမြိန်ခြင်းကို အလဲအလှယ်လုပ်ရတာ သဘာဝကျပါတယ်ကွာ'

အောင်စိုးက မျက်စောင်းထိုးလိုက်ရင်း…

'ဖိုးသကြား စကားကို ရိုးရိုးပြောကွာ'

'ဟာဗျာ… ကိုအောင်စိုးကလည်း ကိုဖိုးသကြား ပြောတာ တွေက မိုက်တယ်၊ အသစ်တွေပဲဟာ၊ ဘာလုပ်မှာလဲ အဟောင်းတွေ ကြားနေရတာ ဒီလိုလတ်တာတွေကမှ Heart ကိုထိပြီး ငြိတာ၊ ဆက်လွှင့် ကိုဖိုးသကြား၊ ဒီအတိုင်းသာ သုံး'

'မင်းတို့လုပ်မှ ပိုဆိုးတော့မယ်၊ ဖိုးသကြားက လူလိုပြောတော့ ခွာ မဟုတ်ဘူးဟော့၊ ကဲ… မင်းတို့ဘာသာ ဆက်လွှင့် ဆက်ထုတ်သုံး ကြ၊ ငါတော့ သွားပြီ'

အောင်စိုးက လက်ဖက်ရည်စားပွဲဝိုင်းကနေ ထွက်သွားပါ သည်။

'ဒါပဲ ညီလေးတို့ရာ၊ ဘောလုံးပွဲရသကို ခံစားတယ်ဆိုတာ ဘောလုံးကန်တာချည်းပဲမဟုတ်ဘဲနဲ့ ကစားပုံမြင်ကွင်းတွေကို ဦးနှောက် Memory ထဲမှာ ဓာတ်ပုံရိုက်ထားသလိုမျိုး မှတ်ရင်းက တစ်ခါ ပြန်ပြောရတာကိုက ခေါင်းဥယျာဉ်ထဲမှာ ဝိုင်တစ်ခွက်သောက်လိုက် သလိုပါပဲကွာ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ ပိုင်ခွက်ကို 'မောင်း'သံတွေရဲ့ အောင်ပွဲဖို့အတူ သောက်သုံးရရင် ပိုကောင်းတာပေါ့ ကိုဖိုးသကြားရ'

'မှန်တာပေါ့ ရွှေတင်ရာ၊ ဘောလုံးပွဲချစ်သူတွေအတွက် အချိန်ကာလဆိုတဲ့ နံနက်၊ ညဆိုတာ မရှိပါဘူးကွာ'

ဖိုးသကြားက လက်ထဲမှာကိုင်ထားသော စာရွက်လေးကို ချစ်ဇနီးမအေးမြ မျက်နှာကို လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းက တစိမ့်စိမ့်ကြည့်ခဲ့သလိုမျိုး ကြည့်နေပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

'ကိုဖိုးသကြား… ရှင် ဘောလုံးပွဲကြည့်တာတွေ လျှော့ဦးနော်၊ မိုးလင်းပေါက်တွေချည်း ဖြစ်နေတယ်၊ အိပ်ပျက်တာများရင် ကျန်းမာရေးထိခိုက်မယ်။ ပြီးတော့ အလုပ်တွေ ဘာတွေ ပျက်ဦးမယ်နော်။ ရှင် အခုဆို မြို့ထဲ ပလတ်စတစ်အရပ်တွေ သွားမပို့ဘဲ အလုပ်သမားတွေချည်း သွားပို့နေတာ မဟုတ်သေးဘူး'

ဖိုးသကြားအဖို့ မအေးမြ ယခုလိုပြောလည်း ပြောရောပေါ့ ဖြစ်ပါသည်။ တစ်နေ့တာကုန်သည့် ပွဲစဉ်ဇယားစာရွက်ကလေးတွေကို ညသန်းခေါင်ကျော်ပြီး တစ်ပွဲနှစ်ပွဲ ဆက်တိုက်ကြည့်မိသည်။ တစ်ပွဲပြီးတစ်ပွဲ မိမိနှစ်သက်သော အသင်းက နိုင်နေသဖြင့် ဆက်တိုက်ဆိုသလို ဘာဖြစ်လာမလဲ ဆိုတာ [illegible] ရင်ခုန်စွာဖြင့် စောင့်ဆိုင်းမျှော်လင့် ကြည့်ရှုနေသော [illegible] ဖြစ်သည်။

'ဟာ' 'ဟင်'ဖြစ်ရင်းက ဘောလုံးပွဲချစ်သူတစ်ဦးအနေဖြင့်

www.burmeseclassic.com



ရှုံးနိမ့်ခဲ့ရတာမျိုးရှိသလို ပျော်ရွှင်စွာ အောင်ပွဲဆင်ခဲ့သည့်နေ့ရက်တွေ ကလည်း ရှိသည်။

ကျိုန်းစပ်စပ်မျက်လုံးများနှင့် အိပ်စက်မဝသည့်နေ့များစွာကို ဂရုပင် မစိုက်အား။ မည်သည့်နေ့ မည်သည့်အသင်းတွေ ကန်မလဲဟု စိတ်က ရောက်နေပါသည်။

ဘောလုံးပွဲချစ်သူတစ်ဦးအနေဖြင့် ဘာများ တတ်နိုင်မှာ နည်း။

❑

'ဒီညပွဲတွေကတော့ အထွတ်အထိတ်ပဲဟေ့၊ ဝီဂန်နဲ့ မန်စီးတီး ပို့စ်မောက်နဲ့ စပါး၊ အေစီမီလန်နဲ့ အင်တာမီလန်၊ ရိုးမားနဲ့ အတ္တလန္တာ ဘယ်ပွဲတွေကြိုက်လဲဟေ့'

ညကလည်း ဘောလုံးပွဲတွေ တောက်လျှောက်ကြည့်ခဲ့ပြီး နောက်ဆုံးတစ်ပွဲမှာ အရှုံးကိုရင်ဆိုင်ခဲ့ရသဖြင့် နည်းနည်းညစ်သွားသည့် ဖိုးသကြားခများ အိပ်ရေးမဝတဝနှင့် လက်ဖက်ရည်ဆိုင်သို့ လာသည့် အခါ အောင်စိုးက ဆီးကြိုပြီး မေးလိုက်ပါသည်။

'အကြိုက်ကတော့ ဂျေဂျေဘီကွင်းက အိမ်ကွင်းဆိုတော့ မန်စီးတီး ငုတ်တုတ်မှေ့မှာပဲ၊ အာရပ်သူဌေးတွေ ပုလဲခမယ့်ပွဲပဲ။ အဲ ကံဇာတာ တိုင်အောက်ကိုရောက်နေတဲ့ အသင်းနှစ်သင်းတွေကြား ပွဲမှာ ပို့စ်မောက်ကို စပါးက နိုင်မှာမဟုတ်ဘူး။ ပို့စ်မောက်က အိမ်

www.burmeseclassic.com



ကွင်းလေ၊ စပါးအဖို့ ပိုစ်မောက်ပင်လယ်ကမ်းခြေက ပင်လယ်လေကို အဝရှူပြီး ပြန်ဖို့ပဲ ရှိတယ်။ ဒီတစ်ခါတော့ စီးရီးအေနဲ့ ရိုးမား ခေါင်း မော့နိုင်ပြီ။ သူတို့ကွင်းမှာ သူတို့ အပြင်းအထန်ပေါက်ကွဲဖြိုကြမှာ အမှန်ပဲ။ တော်တီ တကယ်ပျော်နိုင်ပါပြီကွာ၊ အဲ… မော်ရင်ဟို စေါ်ယ် ရှယ်ဝမ်းကြီးကတော့ ဒီတစ်ခါ အေစီမီလန်ကို ဒူးထောက်ဦးညွှတ်ရ တော့မှာပဲဟေ့။ အန်ဆယ်လော်တီ သိက္ခာကျရတဲ့ ညများစွာအတွက် ဒီပွဲဟာ သိက္ခာကို ပြန်လည်ဆယ်တင်မယ့်ပွဲပဲ။ ခရစ္စမတ်သစ်ပင်ပုံ အစားကွက်အောက်မှာ မော်ရင်ဟိုသမ္မာကျမ်းစာဆိုတဲ့ စာအုပ်ကို ထားခဲ့ရတော့မှာပဲ၊ ရော်နယ်ဒင်ဟို ဂိုးပေါက်တွေ့မလွဲပဲ’

ဖိုးသကြား ရှင်းပြရတာ တော်တော်မောသွားမိုရသည်။ ရေနွေး ကြမ်းကို နှစ်ခွက်ဆင့်သောက်လိုက်ပါသည်။ မီမီယူဆချက်ကို ပြော ဆိုက်ရသည့်အတွက် အတော့်ကို ကျေနပ်သွားပါသည်။

‘ဖိုးသကြား… မင်း ဘောလုံးပွဲတွေ မကြည့်နဲ့တော့၊ ဘောလုံး ခွဲန့်မှန်းချက်တွေ အားကစားဂျာနယ်မှာ ရေးပါလား။ ငါမြော်လင်ေး ခဲ့တာ လိုက်မမီတော့ဘူးဟေ့’

‘ဒါပေါ့ အောင်စိုးရာ၊ အချိန်တွေ ငွေကြေးနဲ့ ကိုယ်အိပ်စက် ရမယ့်ညများစွာကို လဲလှယ်ခဲ့ရတော့ ဒီလောက်တော့ ရှိမှာပေါ့’

‘အေးကွာ… မင်းပြောတဲ့အတိုင်း ဖြစ်ပါစေ’

ခေါင်းထဲ မူးဝေဝေဖြစ်နေတာကို ဖိုးသကြား ဂရုမထားဘဲ အင်္ကျီအိတ်ကပ်ထဲမှ စာရွက်ပိုင်းလေးကို ထုတ်ပြီးကြည့်နေပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းထဲမှာတော့ ဘောလုံးပွဲတွေကိုပဲ မြင်ယောင်လို့နေ ပါသည်။

❒

ဖိုးသကြား တော်တော်ပျော်ပါသည်။ ပွဲစဉ်က လေးပွဲမှာ သုံးပွဲဆက်တိုက် နိုင်နေသဖြင့် ကြည့်ရကျိုးနပ်ပြီပေါ့။ နောက်ဆုံး မနက်တစ်နာရီခွဲကန်မည့် အေစီမီလန်နှင့် အင်တာမီလန်တို့ပွဲပါ ကျန်တော့သည်။ သည်ပွဲမှာ အေစီမီလန် နိုင်လျှင် အောင်ပွဲခံလို့ရပြီ ဖြစ်သည်။

ဘောလုံးပွဲကလည်း ကောင်းမှကောင်း။ တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် သူ့ဘက်ရောက်လိုက် ကိုယ့်ဘက်ရောက်လိုက်နှင့် ဖြစ်နေ သည်။ ဘောလုံးပွဲက ကြည့်နေရင်း ကောင်းသလို ဖိုးသကြား ခေါင်း ထဲမှာလည်း ရီဝေဝေနှင့် မူးလို့နေပါသည်။

ခေါင်းထဲ မူးဝေနေတာကို ဂရုမထားဘဲ ဖိုးသကြားက သူ နှစ်သက်သော အေစီမီလန်အသင်းကို အပီအပြင် အားပေးနေပါသည်။

'ပါတို ဆွဲ… ဆွဲ၊ ရော်နယ်ဒင်ဟိုကို ပေးလေ၊ ဟာကွာ— လွဲပြန်ပြီ၊ အေး… ဒါမှ မာလ်ဒီးနီး… ဟော…'

'အား… မူးတယ်၊ မူးတယ်'

အပီအပြင်အားပေးနေသော ဖိုးသကြား ခေါင်းမူးတာကို သတိ မထားအားဘဲ တီဗီဖန်သားပြင်ပေါ်မှ ဘောလုံးပွဲကိုကြည့်ရင်း အော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com



အားပေးရင်း အိပ်ပျက်သည့်ညတွေ များသဖြင့် မူးပြီးလဲကျသွားပါသည်။

'ဆေးရုံပို့၊ ဆေးရုံပို့'

လက်ဖက်ရည်ဆိုင်ထဲမှာ ဆူညံသွားကာ ဖိုးသကြားကို ဆေးရုံအမြန်တင်လိုက်ရပါသည်။

□

ဆေးရုံခုတင်ပေါ်မှာမှ သတိမေ့ပြီး အိပ်နေသော ဖိုးသကြား တစ်ယောက် သတိရလာပြီး မျက်လုံးတွေကို အားယူပြီး ဖွင့်လိုက်သည်။

သူ့ခုတင်ဘေးနားမှာ ဇနီးဖြစ်သူ မအေးမြ၊ သူငယ်ချင်းဖြစ်သူ အောင်စိုးနှင့် မိတ်ဆွေအချို့ကို တွေ့ရသည်။

သည်တော့မှ လက်ဖက်ရည်ဆိုင်မှာ ဘောလုံးပွဲကြည့်ကာ မူးပြီးမေ့လဲသွားမှန်း သိလိုက်ရသည်။ တစ်ဆက်တည်းဆိုသလို သူ အင်မတန်သိချင်နေသော အကြောင်းအရာတစ်ခုကို သိပ်ကို သိချင်နေမိသည်။

ထို့ကြောင့် အောင်စိုးရှိရာသို့ ကြည့်လိုက်သည်။

'အောင်စိုး... အေစီမီလန် နိုင်သွားလား၊ [illegible] ပြီးသွင်းလား၊ နိုင်ရင် အောင်ပွဲခံလို့ရပြီ'

သတိရရချင်း ဇနီးဖြစ်သူ မအေးမြကို မမေးဘဲ အောင်စိုးကို

www.burmeseclassic.com



ဘောလုံးပွဲအကြောင်း မေးသဖြင့် မအေးမြ အတော်ပေါက်ကွဲသွားပါသည်။

'ကောင်းကြသေးရဲ့လား၊ ဘောလုံးပွဲကြည့်လို့ ဒီလောက်မူးလဲတာတောင် သတိရတော့ မိန်းမကို မမေးဘူး၊ အေစီမီလန် နိုင်လားလို့ မေးတယ်။ သူ့ပတွေး ပိုးသွင်းတာကို မေးတယ်၊ ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ'

မအေးမြ၏ ပေါက်ကွဲမှုသံစဉ်တွေက ဆေးရုံခန်းထဲမှာ အကျယ်လောင်ဆုံး ပေါက်ကွဲသွားတာမို့ နားထောင်နေသူတွေက ဖိုးသကြားကို ကြည့်ပြီး ဝိုင်းပြုံးလိုက်ကြပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

ဖိုးသကြား မိန်းမ အအေးမြ အခုရက်တွေမှာ တော်တော်စိတ်ချမ်းသာနေသည်။ ဖိုးသကြားတစ်ယောက် ဆေးရုံက ဆင်းလာပြီးကတည်းက ညအိပ်ပျက်ခံပြီး ဘောလုံးပွဲတွေ မကြည့်တော့လို့ ဖြစ်ပါသည်။ သည့်အတွက် အိမ်မှာ ဘောလုံးပွဲစကားတွေ မကြားရဘဲ လုပ်ငန်းကိုင်ငန်းကို ဖိုးသကြားကိုယ်တိုင် ပြန်လည်ဦးစီးလုပ်ကိုင်လာသို့ဖြစ်ပါသည်။

'အခုမှပဲ စီးပွားက ပိုတက်လာသလား မသိပါဘူး အေးမြရာ၊ ဒါကလည်း ငါ ဘောလုံးပွဲတွေထဲ အာရုံမနှစ်တော့လို့ဖြစ်မှာ'

'မှန်တာပေါ့ ကိုဖိုးသကြားရယ်'

ပိုက်ဆံများကို ပြုံးပြုံးကြီးရေတွက်နေသော မအေးမြက ထင်ဆော်မောင် ဖိုးသကြား၏ စကားကို ကျေကျေနပ်နပ်ကြီး ထောက်ခံပြောဆိုပါသည်။

'အေးမြရေ. . . တို့ရဲ့သားလေး တစ်နှစ်ပြည့်[illegible]ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကျယ်ကျယ်လုပ်ရမယ်ဟေ့၊ ရပ်ကွက်ထဲက ကလေးတွေကို ဒံပေါက်အဝကျွေးမယ်'

'ကိုဖိုးသကြားကလည်းလေ၊ သားလေး တစ်နှစ်ပြည့်ဖို့က လိုပါသေးတယ်၊ ဒီကြားထဲမှာ ကိုဖိုးသကြားက အခုရှာသလို စီးပွားရေး ပိုတိုးတက်အောင် ဦးစီး၊ ဒါမှ လှူလို့တန်းလို့ ပိုကောင်းမှာ၊ ဟိုစပ်စပ် ဒီစပ်စပ်ပါတာတွေ လျှော့'

'မင်းတို့မိန်းမတွေကတော့ကွာ ပိုက်ဆံနည်းနည်း ဝင်ငွေ ပိုကောင်းလာတာနဲ့ ယောက်ျားကို ပိုက်ဆံရှာနိုင်းတော့တာပဲ၊ ဟင်း… မပြောချင်ဘူး'

ဖိုးသကြားက ထိုင်ရာမှထကာ ပိုက်ဆံရေတွက်နေသော မအေးမြကို မျက်စောင်းထိုးပြီး ခြံဝင်းတံခါးကိုဖွင့်ကာ အိမ်အပြင်သို့ ထွက်သွားပါသည်။

မအေးမြကတော့ ရေတွက်နေသော ပိုက်ဆံတွေကို ကျောက်စိမ်းတုံး ရွှေတုံးတွေအလား တစိမ့်စိမ့်ကြည့်ရင်း ပီတိတွေဖြာနေပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



'အတော်ပဲ ဖိုးသကြားရေ၊ မင်းကို မျှော်ချင်နေတာ'

လက်ဖက်ရည်ဆိုင်မှာ ဖိုးသကြား လက်ဖက်ရည်သောက်နေ ...န်း သူနေထိုင်သော လမ်းငါးလမ်းကျော်မှ သူတို့လမ်း ခြောက်လမ်း ...ဆိုင် မွှောရုံဂေါပက အတွင်းရေးမှူး ကိုခင်လှိုင်က ရောက်လာပြီး ...သကြား ဘေးကခုံကိုဆွဲကာ ဝင်ထိုင်လိုက်သည်။

'ဘာကိစ္စရှိလို့လဲ ကိုခင်လှိုင်ရ'

'ရှိတာပေါ့ ဖိုးသကြားရာ၊ မင်းလည်း တို့လမ်းအပိုင် မွှောရုံ ...ဂေါပကအဖွဲ့ဝင်ဆိုတော့ ဒီည မွှောရုံမှာ အစည်းအဝေးလုပ်မယ် ...မွှောရုံဗုဒ္ဓပူဇနီယ ဒီနှစ်ပွဲတော်မှာ ဘာအစီအစဉ် လုပ်မလဲပေါ့ကွာ'

ကိုခင်လှိုင်က လက်ဖက်ရည်တစ်ခွက် လှမ်း မှာလိုက်ပါ ...သည်။

'မနှစ်ကတော့ ဆိုင်းထည့်တာ ဒီနှစ် တခြားဟာမှ ...ဆင်း ...၊ ပြီးတော့ လူတွေက နာဂစ်ဖြစ်ထားတာဆိုတော့ ...ခံလို့ ...

www.burmeseclassic.com


သိပ်ကောင်းမှာမဟုတ်ဘူး ကိုခင်လှိုင်ရဲ့၊ ဒီတော့ စေတနာရှိသလောက် သာ လှူတာကို လက်ခံတာမျိုး ထည့်ဆွေးနွေးရမယ်'

ဖိုးသကြားက ထိုစကားကိုပြောပြီးနောက် သူတို့ ခြောက်လမ်း အပိုင် မွှာရုံအကြောင်းကို တွေးနေမိပါသည်။

ဖိုးသကြား ငယ်စဉ် ကလေးဘဝကတည်းက စတင်ပြီး လမ်း သူလမ်းသားများ သဒ္ဓါအလှူ ထက်သန်စွာဖြင့် ဆောက်လုပ်ခဲ့သော မွှာရုံက နှစ်စဉ် သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ သကြံန်ကာလ တွေမှာ စည်သံဗြောသံ တညံညံဟု ပြောရလိမ့်မည်။

ထို့အပြင် ပဌာန်းပွဲ၊ ဆယ်ရက်ဝိပဿနာတရားစခန်းများက လည်း နှစ်စဉ်မပျက်။

ထို့အပြင် နှစ်စဉ် မွှာရုံ ဗုဒ္ဓပူဇနီယပွဲတော်တိုင်းမှာ လေးကား ပေါင်း ရုပ်ရှင် မိုးအလင်း၊ ဆိုင်း၊ အငြိမ့်က မပြတ်။ ဘေးနားက ရပ်ကွက်တွေကတောင် အားကျရသည့်အထိပင် ဖြစ်သည်။ မွှာရုံ ဂေါပကအဖွဲ့ဝင်အဆက်ဆက် မွှာရုံဗုဒ္ဓပူဇနီယပွဲတော်ကို မပျက် မကွက်ကျင်းပတာ ယခု ဖိုးသကြား ဂေါပကအဖွဲ့ဝင်ဖြစ်လာသည့်တိုင် အောင်ပင်။

'မွှာရုံဘုရားပွဲဆိုမှ ဖိုးသကြားရေ ငါတော့ ငယ်ဘဝကို ပြန်လွမ်းမိသေးတယ်'

'ဒါဆိုရင်တော့ ကိုခင်လှိုင်၊ ခင်ဗျားနဲ့ ကျွန်တော် တွေးချင်း တူနေပြီ'

ဖိုးသကြားတို့ ငယ်ငယ်တုန်းက မွှာရုံ ဗုဒ္ဓပူဇနီယပွဲတော်

www.burmeseclassic.com

www.burmeseclassic.com



ရက်ကိုရောက်ဖို့ လက်ချိုးရေတွက်ရတာ အတော်ကြာလှသည်ဟု ထင်မိသည်။ ဓမ္မာရုံရှေ့မှာ ကြေညာထားသော လေးကားပေါင်းပြသည့် ရုပ်ရှင်ပိုစတာများကို နေ့စဉ်သွားကြည့်ရတာကိုလည်း ဘာခံစားမှုမျိုးနှင့်မှ မလဲနိုင်သလိုပင်။

ဓမ္မာရုံ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပသည့်နေ့ မနက်စောစောကြီးကတည်းက ညဘက် ပိတ်ကားထောင်ပြီး ပြသမည့် ရုပ်ရှင်ကို ထမင်းပင်မစားနိုင်ဘဲ ကိုယ်ခင်းထားသည့် ဖျာမှာထိုင်ရင်း ကိုယ်လို နေရာလာဦးသည့် ကလေးငယ်တွေနှင့် ဆော့ကစားရတာတွေက ညနေ ဘယ်လိုရောက်သွားမှန်းကို မသိ။

ညဘက် ရုပ်ရှင်ပြဖို့ စက်စမ်းသည့်အခါ ပြစက်ရှေ့ကနေ လက်ညှိုးလက်မတွေထောင်ပြီး ပြစက်အလင်းရောင်ကြောင့် ကိုယ့်လက်အရိပ်က ပိတ်ကားမှာ မြင်ရလို့ အော်ရတာတွေက အသံဝင်မတတ်ပင်၊

ရုပ်ရှင်စပြလို့ မကြာခင်မှာပဲ ကလေးပီပီ တစ်နေ့လုံး ဆော့ကစားခဲ့ရလို့ မောပန်းပြီး အိပ်ပျော်သွားရင်းက မနက်မိုးလင်းလို့ ရုပ်ရှင်လည်းပြီး၊ ပိတ်ကားလည်းသိမ်း၊ စက်အဖွဲ့လည်းပြန်၊ ကြည့်သူတွေလည်းမရှိဘဲ လမ်းလယ်ကောင် ကိုယ်ခင်းထားသည့်ဖျာမှာ ကိုယ်က ခွေခွေလေးအိပ်ရင်း ကျန်နေခဲ့တာ အိမ်ကလာခေါ်မှ အိပ်ရာကနိုးခဲ့တာတွေက အခုလိုအချိန် ပြန်တွေးကြည့်တော့ အတော်ကို ကြည့်ကောင်းလှသည်။

ဖိုးသကြားလိုပင် ယခု ဓမ္မာရုံဂေါပကအတွင်းရေးမှူး ကိုခင်

www.burmeseclassic.com



လှိုင်လည်း ဖိုးသကြား ဖြတ်သန်းသလိုမျိုး ဖြတ်သန်းခဲ့ရတာ ယော်ဘဝ ကို ပြန်တွေးပြီး ကြည်နူးနေမှာက မေးစရာပင် လိုမည်မထင်။

www.burmeseclassic.com

www.burmeseclassic.com

ဖိုးသကြား ထမင်းကိုသာ စားနေရသည်။ စိတ်က မွှာရုံ ဗုဒ္ဓပူဇနီယပွဲတော် အစည်းအဝေးမှာ ယခုနှစ် ဖျော်ဖြေဖို့ မည်သည့် ကဏ္ဍမျိုးလုပ်ရလျှင် ကောင်းမလဲလို့ စဉ်းစားနေမိသည်။

'ကိုဖိုးသကြား ထမင်းစားဦးလေ၊ ဘာတွေတွေးနေတာလဲ'

ထမင်းလုတ်ကို ပါးစပ်ထဲမထည့်ဘဲ လက်မှာကိုင်ထားပြီး တွေးနေသော ဖိုးသကြားအား မအေးမြက မေးလိုက်သည်။

'ဩော်… ဒီနှစ် မွှာရုံ ဗုဒ္ဓပူဇနီယပွဲမှာ ဘယ်လိုအစီအစဉ် အသစ်လုပ်ရင် ကောင်းမလဲ စဉ်းစားနေတာပါကွာ'

'ကိုဖိုးသကြား မှာရဦးမယ်နော်၊ ပျော်ပွဲရွှင်ပွဲ ဗုဒ္ဓပူဇနီယပွဲမှာ ရှင် ဥက္ကဋ္ဌမလုပ်နဲ့နော်၊ ဥက္ကဋ္ဌလုပ်ရင် ကိုယ့်အိတ်ထဲကချည်း စိုက်နေရမယ်။ လုပ်ချင်တဲ့သူကို တင်ပေးလိုက်။ အဖွဲ့ဝင်ဘဲဖြစ်အောင် လုပ်၊ ဒါဆို အကုန်ကျသက်သာမယ်'

မအေးမြက ဖိုးသကြားအကြောင်း သိနေသဖြင့် လှမ်းသတိ

www.burmeseclassic.com

www.burmeseclassic.com



ပေးပါသည်။ ဖိုးသကြားက မအေးမြစကားကြောင့် မအေးမြအား မျက်စောင်းထိုးကြည့်လိုက်ပြီး…

'အေးမြရာ… ငါက အဖွဲ့ဝင်လုပ်လည်း ဆပ်ကော်မတီတွေက ငါ့ကိုပဲ ဦးစီးလုပ်ခိုင်းမှာပဲဆိုတာ ငါသိတယ်။ ငါမပါရင် ဒီပျော်ပွဲရှင်ပွဲကိစ္စက ပြီးမှာမဟုတ်ဘူး'

'ဒီမှာ ကိုဖိုးသကြား၊ ရှင့်ဘာသာရှင် ပါရင်ပြီးပြီး မပါရင်ပြီးပြီး ဘာပဲဖြစ်ဖြစ် ကိုယ့်အိတ်ထဲက ငွေတွေ မကုန်ရင် ပြီးတာပဲ၊ ဟင်း…'

မအေးမြက စားလက်စထမင်းပန်းကန်ကို ကိုင်ပြီး အိမ်နောက်ဖေးမီးဖိုခန်းထဲသို့ ဝင်သွားပါသည်။

'မင်းတို့ မိန်းမတွေဟာ ဒါပဲ၊ ကပ်စေးနှဲဖို့ပဲ သိတယ်၊ လူမှုရေး ဘာညာဆိုတာ မသိတဲ့ဟာတွေ၊ မပြောချင်ဘူး၊ တကတဲ…'

ဖိုးသကြားက အိမ်နောက်ဖေး မီးဖိုချောင်ထဲဝင်သွားတော့ မအေးမြကို လှမ်းအော်ပြောရင်း စားလက်စထမင်းကို ဆက်စားတော့ နောက်ထပ်တောင် ထမင်းထပ်ထည့်ရပါကောလား။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

မွှာရုံထဲမှာ စည်ကားလို့နေသည်။ မွှာရုံဂေါပကအဖွဲ့ဝင်တွေ ရော ရပ်ကွက်ထဲက လူအချို့ကပါ အစည်းအဝေးမှာ ယခုနှစ် ပျော်ပွဲ ရွှင်ပွဲ ဘာကို ထည့်သွင်းမလဲဆိုတာ သိချင်သဖြင့် ရောက်လာသူတွေ သည်း ပါဝင်လို့နေသည်။

'ဖိုးသကြား… ဒီနှစ်တော့ ခါတိုင်းနှစ်လို မဟုတ်အောင် စီစဉ်ကွာ'

မွှာရုံဂေါပကလူကြီးဥက္ကဋ္ဌ ဦးအုန်းက ရေနွေးကြမ်းတစ်ခွက် ကိုသောက်ရင်းမှ ပြောသည်။

'ကျွန်တော်လည်း ထူးထူးခြားခြား ဒီနှစ်ဖြစ်ချင်တယ်'

ဖိုးသကြား စကားအဆုံး အစည်းအဝေးကို ကျင်းပပါတော့ သည်။ မွှာရုံဂေါပကအဖွဲ့ဝင်တွေက ပျော်ပွဲရွှင်ပွဲအတွက် တစ်ယောက် တစ်မျိုး တင်ပြကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်များ တင်ပြနေစဉ်အချိန်အတွင်း ဖိုးသကြားကတော့ တစ်စုံတစ်ခုကို တွေးမိသွားပါသည်။

'ကဲ… ဖိုးသကြား၊ မင်းကရော ဘယ်လိုအစီအစဉ်မျိုး လုပ်ချင်သလဲ ပြောပါဦး'

ဓမ္မာရုံဂေါပကဥက္ကဋ္ဌ ဦးအုန်းက ဖိုးသကြားကို လှမ်းမေးပါသည်။

'ကျွန်တော်ကတော့ ဒီနှစ်ကို ထူးထူးခြားခြား ခါတိုင်းထက် မတူအောင် စီစဉ်မလားလို့။ ကျွန်တော်တို့အပိုင်း လမ်းခြောက်လမ်းမှာ အဆိုဝါသနာရှင်လေးတွေ ရှိတယ်။ ပြီးတော့ စားသောက်ဆိုင်မှာ အော်ဂင်တီးတဲ့သူလည်း ရှိတော့ စတိတ်ရှိုးလုပ်မလားလို့။ သီဆိုမယ့်ကလေးတွေကို အသံစစ်ပြီး လူကို သတ်မှတ်လိုက်၊ တစ်ယောက်ကို တစ်ပုဒ်နှုန်းပေါ့။ သီဆိုမယ်ဆိုရင် သီဆိုခ တစ်ယောက်ကို ဘယ်လောက်ကျမယ် ကြေးသတ်မှတ်လိုက်၊ ဖိုးဆိုချင်တွေ မိုက်ခဲတွေနည်းတာမှတ်လို့။ အော်ဂင်ငှားခ ကျေမှာပဲ။ စက်တို့ဘာတို့ ငှားဖို့က အလှူခံလိုက်ရင် ပြီးတာပဲ'

ဖိုးသကြား အကြံပြုချက်ကို ကန့်ကွက်မည့်သူမရှိ။ အားလုံးဘာသံမှ စကားမဆို။

'ဖိုးသကြား အဲဒါက အသာထားဦး၊ သီချင်းအသံစစ်ဖို့ သီချင်းတိုက်ဖို့၊ အော်ဂင်ငှားဖို့တို့က ဒီပွဲတော် မကျင်းပခင် ဘယ်မှာ လုပ်မလဲ။ ဓမ္မာရုံထဲမှာကျတော့ ဆိုသံတီးသံတွေနဲ့ မသင့်တော်ဘူးကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီအတွက် မပူနဲ့ ကိုခင်လှိုင်၊ ကျွန်တော့်အိမ်အောက်ထပ်က ကျယ်တာပဲ။ အိမ်မှာ သီချင်းတိုက်လို့ ရတာပေါ့။ ဒီအစီအစဉ်ကို လက်ခံတယ်ဆိုရင် နက်ဖြန်ကစပြီး လမ်းတိုင်းမှာ ကြော်ငြာရမယ်။ ပြီးတော့ အော်ဂင်တီးတဲ့သူကိုလည်း သွားဆွေးနွေးကြတာပေါ့၊ တိုယ့် ရပ်ရေးရွာရေးပဲဟာ'

'ဖိုးသကြားရေ... မင်းကောင်းတယ်ထင်ရင် ပြီးတာပါပဲ။ ကဲ... အားလုံး သဘောတူတယ်မဟုတ်လား'

'တူပါတယ်၊ တူပါတယ်'

ဓမ္မာရုံဂေါပကဥက္ကဋ္ဌ ဦးအုန်း စကားအဆုံး အားလုံးက ထောက်ခံသဖြင့် ဓမ္မာရုံဗုဒ္ဓပူဇနီယပွဲတော် ပျော်ပွဲရွှင်ပွဲအတွက် ဦးစီး ကော်မတီများ ရွေးကြ ဖွဲ့ကြနှင့် အလုပ်ရှုပ်နေကြပါသည်။

ချက်ချင်းဆိုသလို ဓမ္မာရုံမှာ သတင်းသွားရောက်နားထောင် သူများကြောင့် အရပ်ထဲမှာလည်း အော်ဂင်ဖြင့် သီချင်းဆိုမည့် အစီအစဉ်က တောမီးပမာ ချက်ချင်းဆိုသလိုပင် ပျံ့နှံ့ကုန်ပါတော့ သည်။

ဖိုးသကြား အစည်းအဝေးပြီးလို့ အိမ်ပြန်ရောက်တော့ သတင်း ကို ကြိုတင်အကြောင်းကြားထားသော မအေးမြက ဖိုးသကြားကို မျှော်နေပါတော့သည်။

ဖိုးသကြားက ရပ်ရေးရွာရေးမို့ ဘာမှမပြောနိုင်ဘူး သေ ဆေးရင်း လင်မယားနှစ်ယောက် ကတောက်ကဆ ဖြစ်ကြပါသေး သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညက ဗိုးသကြားခမျာ ပျော်ပွဲရွှင်ပွဲအစီအစဉ်တွေ အသေး
စိတ် ရေးဆွဲနေမိတာ. မိုးလင်းခါနီးမှ အိပ်ရပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

ဖိုးသကြား စီစဉ်သောကိစ္စက အောင်မြင်သည်ဟုပင် ပြောရ[illegible]လိမ့်မည်။ အဆိုဝါသနာရှင်များက လာရောက်ဆက်သွယ်ကြပါ[illegible]ည်။ ထို့အပြင် စားသောက်ဆိုင်မှာ အော်ဂင်တီးသော တင်မောင်လွင်[illegible]လည်း ကူညီမည်။ နေ့လယ်နေ့ခင်း အချိန်တွေမှာပါ သီချင်းတိုက်ဖို့[illegible]ရောက်ကူညီမည်ဟု ပြောပါသည်။ အားလုံးကိစ္စတွေ အဆင်ချော[illegible] အရေးကြီးတာတစ်ခု ကျန်နေပါသည်။

အော်ဂင်တီးသော တင်မောင်လွင်က သီချင်းလာတိုက်ပေး[illegible]ည့်အခါ တီးခတ်ဖို့ အော်ဂင်မရှိသောကြောင့်ဖြစ်သည်။ သီချင်း[illegible]တိုက်နေသော နေ့တွေမှာ အော်ဂင်ကို နေ့တိုင်းငှားရလျှင် ကုန်ကျငွေ[illegible] နည်း။

ထိုအချိန်မှာပဲ ကူညီမည့်သူတစ်ဦး ပေါ်လာပါသည်။ ဖိုးသကြား[illegible] နေသောလမ်း၏ သုံးလမ်းကျော်မှ လူငယ်လေး ကိုထိန်မောင်[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကို… ကို… ဖိုး… ဖိုး… သ… သကြား၊ ကျွန်… ကျွန်တော့်ကို… စ… စ… တိတ်… ရှိုးကျရင် သီ… သီချင်း တစ်… တစ်ပုဒ်… ဆို… ဆို… ခွင့်ပြု… ကျွန်… ကျွန်တော့် အိမ်က… အော်… အော်… ဂင်ကို သီ… သီချင်း… တိုက်ဖို့နေ… နေတိုင်းပေး… မယ်'

မွေးရာပါ စကားထစ်သော ကိုကိုမောင်က ဖိုးသကြားအိမ်သို့ ရောက်လာပြီး သူ့ဆန္ဒကို တင်ပြပါသည်။

ဖိုးသကြားက ဘာလုပ်ရမှန်း မသိ။

စကားထစ်နေသော ကိုကိုမောင်က စင်မြင့်ပေါ်မှာ သီချင်းဘယ်လိုဆိုမလဲဆိုတာ တစ်ခါဖူးမှ မတွေ့ဖူး၍ အကြံအိုက်နေပါသည်။

'ကဲပါ ဖိုးသကြားရာ၊ ကိုကိုမောင်ကတော့ ခြွင်းချက်ထား လိုက်ပေါ့ကွာ၊ အသံတွေဘာတွေ စမ်းမနေနဲ့၊ ကျန်တဲ့လူတွေသာ အသံ စစ်၊ သီချင်းတိုက်ရမယ့်ရက်တွေက ဆယ်ရက်လောက်ဆိုတော့ သူ့ အော်ဂင်ကို အသုံးပြုရမှာပဲ'

မန္တလေးရုံအတွင်းရေးမှူး ကိုခင်လှိုင်က ဝင်ရောက်အကြံပေးပါသည်။ အော်ဂင်တီးခတ်ပေးမည့် တင်မောင်လွင်ကတော့ ဘာမှမပြောဘဲ ပြုံးနေပါသည်။

'ဒီ… ဒီ… လို… ဆို… အ… အသံစစ်မယ့်နေ့… ပြော… ပြော… အော်ဂင်လာ… လာပေးထားမယ်'

စကားထစ်သော ကိုကိုမောင်က ဝမ်းသာအားရပြောရင်း ဖိုးသကြားတို့အိမ်ထဲကနေ ထွက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖိုးသကြားရေ ငါတို့ရဲ့ စတိတ်ရှိုးဖြေဖျော်မှုကတော့ ဘယ်လို တွေဖြစ်လာဦးမလဲ မသိဘူးဟေ့'

'ဒါကတော့ ကိုခင်လှိုင်ရေ၊ ငွေရောင်ပိတ်ကားပေါ်မှာသာ စောင့်ကြည့်ပေတော့ဗျို့၊ ဒီတော့ သန်ဘက်ခါ သီချင်းဆိုမယ့်သူတွေ ကို အသံစစ်မယ့်အကြောင်း လမ်းတွေထဲ လော်စပီကာနဲ့ လိုက်ကြေညာ ပေးတော့ဗျို့'

'မပူနဲ့ ဖိုးသကြား၊ ဒီကိစ္စ ငါ စီစဉ်လိုက်မယ်'

ထို့နောက်တော့ ဖိုးသကြား၊ ကိုခင်လှိုင်နှင့် တင်မောင်လွင်တို့ သုံးဦးသား လုပ်ကိုင်ရမည့်ကိစ္စများကို အသေးစိတ် ဆွေးနွေးကြပါ သည်။

အိမ်နောက်ဖေးမှာတော့ မအေးမြက ဟင်းချက်နေရင်းမှ ပါးစပ်က ဗျစ်တောက်ဗျစ်တောက်နှင့် ပြောနေတာ ဖိုးသကြားကတော့ လုံးဝမကြား။ ကြားလို့ကတော့ နောင်ကျိန်ပွဲဖြစ်မှာ အသေအချာပင်၊

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# I

ဖိုးသကြားအိမ်မှာတော့ ဘုရားပွဲလေအလား စည်ကားလို့နေပါသည်။ မအေးမြနှင့် ကလေးကတော့ နားငြီးပြီး လူရှုပ်တာ သည်းမခံနိုင်ဘူးဟုဆိုပြီး သူ့အမေအိမ်မှာ သွားနေပါသည်။ ဖိုးသကြားတို့လမ်းအပိုင်များမှ လူငယ်များကလည်း ယောကျ်ား မိန်းမ အဆိုဝါသနာရှင် အတော်များမှန်း ယခင်မှန်းထားတာထက် ပိုနေပါသည်။

သီဆိုမည့်သီချင်းတွေကလည်း အော်ဂင်တီးမည့် တင်မောင်လွင်တောင် အတော်ချွေးပြန်သွားပါသည်။ သီချင်းတွေက တကယ့်ထိတ်ထိတ်ကြဲတွေ ဖြစ်နေလို့ပါ။

'အစ်ကိုဖိုးသကြား... ကျွန်တော်က R ဇာနည်ရဲ့ ဂန္ထဝင်ဆည်းဆာဆိုမယ်'

'ကိုတင်မောင်လွင် အငဲရဲ့သီချင်း ဘာရလဲ'

'L ဆိုင်းဇီရဲ့ မိုးရေထဲမှာ မီးဆိုမယ်'

'စိုင်းစိုင်းရဲ့ အိုးလေးလှုပ်ပါဦး ရလား'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က ဗညားဟန်ရဲ့ သမုဒယဝါဆိုရိုး ဆိုမယ်'

တစ်ယောက်တစ်ပေါက် အော်ဂင်တီးမည့် တင်အောင်မြင့်ကိုရော ဖိုးသကြားကိုပါ အဆိုဝါသနာရှင်များက လာရောက်မေးမြန်းသဖြင့် ဘာပြန်ပြောရမှန်းမသိ။

'အားလုံးငြိမ်ပါ၊ ရတဲ့သီချင်းကို ပြောမယ်၊ အော်ဂင်သမားမတီးနိုင်ရင် သီချင်းပြောင်းဆိုရမယ်'

ဖိုးသကြားက မည်ရွေ့မည်မျှ အဆိုပိုင်နိုင်သလဲ အသံစစ်လိုက်တော့မှ ကီးမဝင်၊ စာမစားရ၊ အဝင်အထွက်မညီ၊ ဆိုချင်သလိုဆိုအော်ချင်သလိုအော်သော အသံများကို အတော်လေးသည်းခံ နားဆင်ရင်း အဆိုရှင် ကျားနှစ်ဆယ်၊ မနှစ်ဆယ် စုစုပေါင်း လူလေးဆယ်ရွေးချယ်လိုက်ပါသည်။ ထိုအထဲမှာ အော်ဂင်နေ့စဉ်ဌားမည့် ကိုကိုအောင်ပါပါ။

အသံစစ်ပြီးသွား၍ ဖိုးသကြား အိမ်ရှင်းသောအခါ အိမ်ခြံဝင်းအတွင်းမှ ပန်းအိုးများ ကွဲလိုကွဲ၊ ဆေးလိပ်တိုများ၊ ကွမ်းတံတွေးများအရောအနှံ့ ပြန့်ကျဲနေပြီး ညစ်ပတ်နေတာတွေကို ရှင်းရသဖြင့် ချစ်စနိုးအအေးမြ၏ မေတ္တာအတုံးလိုက်အတစ်လိုက် ပို့လိုက်ခြင်းကို ဖိုးသကြားမှာ မသိချင်ယောင်ဆောင်လျက်နေရပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## ၄၄

သည်နေ့ နေ့လယ်ခင်းမှာ ဖိုးသကြားတို့အိမ်တွင် သီချင်းစတိုက်ပါသည်။ အော်ဂင်တီးသူ တင်မောင်လွင်က သီဆိုမည့်သူများစာရင်းပေးထားသည့် သီချင်းများကို ကီးချိန် အသံစမ်းနှင့် ရှိနေပါသည်။

ဖိုးသကြားကတော့ သီချင်းတိုက်မည် သီဆိုသူများကို အမှတ်စဉ်အလိုက် ခွဲတမ်းချလို့နေသည်။

ထိုအချိန်မှာပဲ အော်ဂင်တွားသူ ကိုကိုမောင်က ဖိုးသကြားအမှတ်စဉ်ရေးနေသော စာရွက်ကို ကြည့်လိုက်ပြီး…

'ကို… ကို…ဖိုးသကြား၊ ကျွန်တော်… အ… အ… အရင်စဆိုမယ်၊ ကျွန်…ကျွန်တော့်… အသံ… ကို… နား… နားထောင်… ကြည့်'

အရေးထဲမှ အော်ဂင်တွားသော ကိုကိုမောင်က စစ်စခန်းထလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'နေဦး… တင်မောင်လွင်ကို ငါ မေးကြည့်ဦးမယ်'

ဖိုးသကြားက တင်မောင်လွင်ရှိရာသို့သွားလိုက်ရင်းမှ တိုးညင်းသော လေသံဖြင့်…

'တင်မောင်လွင်… ဘယ်လိုလုပ်မလဲ၊ ကိုကိုမောင်က သူ့အရင်ဆိုချင်တယ်တဲ့'

'ဆိုခိုင်းလိုက်ဗျာ၊ တော်ကြာ သူက အော်ဂင် ငှားထားတာကြာ စိတ်ကောက်ပြီး သူ့အော်ဂင် ပြန်ယူသွားရင် ပွဲပျက်မယ်'

ဖိုးသကြားက ခေါင်းညိတ်ပြလိုက်ပြီး ကိုကိုမောင်အား လှမ်းခေါ်လိုက်ပါသည်။

'ဘာသီချင်းဆိုမှာလဲ'

'ကို… ဖိုး… သ… သ… ကြား… ရာ… ဟို… ဒို… အ… ချစ်… ချစ်… ဟာ… မီးလား… ဆိုမယ်'

ဖိုးသကြားကတော့ စိတ်ထဲကနေ ပြောလိုက်ပါသည်။ စကားထစ်သော ကိုကိုမောင်တစ်ယောက် ငါးကြင်းကောင်းတော့ တက်ကိုင်ပြီလို့။

'ကဲ… အားလုံးငြိမ်ပါ၊ ကိုကိုမောင် သီချင်းအရင်စတိုက်မယ်'

ဖိုးသကြားက ဆူသံညံသံတွေ တိတ်ဖို့ သတိပေးလိုက်သည်။ တင်မောင်လွင်၏အော်ဂင် လက်စွမ်းပြတီးလုံးနှင့်အတူ ကိုကိုမောင်ပြောသော သီချင်း၏ အင်ထရိုသံက ထွက်ပေါ်လာသည်။

မိုက်ကရို ဖုန်းကိုကိုင်ပြီး ကိုကိုမောင်က Mood ညှိခြင်းများကိုယ်တစ်ခုလုံး ယိမ်းထိုးနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟ… ဟ… ဟလို… ရှူး'

အရေးထဲ ကိုကိုမောင်က မိုက်ကရိုဖုန်းကို စမ်းလိုက်သည့် အသံက ဆူးဆူးဝါးဝါး နားငြီးလောက်အောင် ဆောင်းဘောက်ထဲက ထွက်လာပါသည်။

'ကိုကိုမောင် ဆိုတော့'

'ဆို… ဆိုပြီ'

ဖိုးသကြားက လှမ်းသတိပေးတော့မှ ကိုကိုမောင် မိုက်ကရိုဖုန်းစမ်းတာ ရပ်သွားပါသည်။

'အ… ချစ်… ချစ်… အ… ချစ်… ချစ်… ချစ်ဟာ… မီးလား… မီး… မီး… မီး… လား…'

'မီး… မီး… မီး… လား'

သီချင်းကို ကီးမဝင်စွာဖြင့်၊ စကားထစ်စွာဖြင့် အော်ကြီးဟစ်ကျယ် သီဆိုနေသော ကိုကိုမောင်အသံက ဆောင်းဘောက်ထဲက နေ ကျယ်လောင်စွာထွက်ပေါ်နေတာ အိမ်အပြင်ဘက်တောင် ပျံ့လွင့်နေသည်။

'အ… ချစ်… ချစ်… မီး… မီး…'

'ဟဲ့… မတင်ရီ၊ မီးတဲ့ဟေ့… မီးတဲ့ အော်သံကြားတယ် နင် ဘယ်ရောက်နေသလဲ'

'မီးတဲ့ဟေ့… မီးတဲ့'

မထင်မှတ်ပါဘဲ ဖိုးသကြားတို့လမ်းထဲက ဖိုးသကြား ငါးအိမ်ကျော်မှ စိန်လင်းက အိမ်ထဲမှ အလန့်တကြားပြေးထွက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်နေသဖြင့် လမ်းဟိုဘက်ထိပ် အိမ်များဆီမှ လူတွေပါ ပြေးထွက်လာကြပါသည်။ ပြေးလာကကတာ ဖိုးသကြားတို့အိမ်ရှေ့သို့ပင် ရောက်လာပါသည်။

'တင်မောင်လွင်… တီးတာ ခဏရပ်လိုက်'

ဖိုးသကြားက တင်မောင်လွင်ကို အော်ပြောလိုက်ပြီး အိမ်အပြင်ဘက်သို့ ပြေးထွက်လိုက်သည်။ အိမ်ထဲမှာရှိသော သီချင်းတိုက်သည့် လူတွေပါ ဘာတွေဖြစ်ကုန်သလဲဆိုပြီး အိမ်အပြင်ဘက်သို့ ကြည့် နေကြသည်။

'မီးလောင်းတာ မဟုတ်ပါဘူး၊ ကိုကိုမောင်ဆိုတဲ့ ကောင်လေး သီချင်းတိုက်ဖို့ လေ့ကျင့်နေတာပါ။ သူက စကားမပီတော့ 'မီး'နေရာမှာ အသံကျယ်သွားလို့ မီးလောင်တယ်ထင်ပြီး လန့်အော်တာ နေမှာ'

ဖိုးသကြားက ဖြစ်ကြောင်းကုန်စင် ရှင်းပြတော့မှ လမ်းထဲက လူအချို့ သဘောပေါက်သွားပါသည်။

'သီချင်းကို ဆိုရင်လည်း ပီပီသသသဆိုကွာ၊ လူတွေက အခုစ် ပြီးကတည်းက လန့်နေရတာ၊ မင်းတို့သီချင်းတွေကလည်း ဘာသီချင်း တွေလဲကွာ'

စိန်လင်းက ဖိုးသကြားကို ဒေါသတကြီး ပြောလိုက်ရင်း ထွက်သွားပါသည်။ ဖိုးသကြားမှာ အိမ်ထဲသို့ပြန်ဝင်လာပြီး သီချင်းတိုက်သည့်အခါ တိုးတိုးဆိုဖို့ သတိပေးရပြန်ပါသည်။

ထိုနေ့အဖို့တော့ ဖိုးသကြားမှာ တင်မောင်လွင်နှင့်အတူ ကိုကို

www.burmeseclassic.com

www.burmeseclassic.com



ခေါင် အပါအဝင် အဆိုဝါသနာရှင်များ၏ နှိပ်စက်သည့်ဒဏ်ကို အလူး အလဲခံလိုက်ရပါသည်။

ဒါတင် မဟုတ်သေးပါ၊ မအေးမြက ညလည်းရောက်ရော နေ့လယ်က ဖြစ်သည့်ကိစ္စကို အပြစ်တင်ရုံသာမက သီချင်းတိုက်သည့် အခါ ဝါသနာရှင်များ အိမ်သာမှာ အပေါ့အပါး အလေးသွားထားတာ ညစ်ပတ်ပေကျံနေတာကို ဆေးကြောသန့်စင်ရပြီး အမိန့်ထုတ်ခိုင်းပါ သည်။

မအေးမြ ထုတ်ပြန်သောအမိန့်က အောက်ပါအတိုင်း ဖြစ်ပါ သည်။

ကြိုက်သလောက် အဆိုလေ့ကျင့်ပါ။ အပေါ့အပါးကိစ္စ အိမ် က ရှင်းလာပါ။ **ဤအိမ်သည် ဈေးအိမ်သာမဟုတ်။**

နောက်နေ့တွင် ထိုအမိန့်စာရွက်က ဖိုးသကြားအိမ်အဝတွင် ချိတ်ဆွဲထားသည်ကို သီချင်းလာတိုက်သည့်လူတိုင်း ဖတ်မိပြီး ပြုံး တော်မူကြပါလေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြားတို့ ဓမ္မာရုံဂေါပကအဖွဲ့ဝင်လူကြီးတွေ ယခုမှပဲ သက်ပြင်းချနိုင်ပါတော့သည်။ တစ်ခါဖူးမှ ဓမ္မာရုံ ဗုဒ္ဓပူဇနီယပွဲတော်မှာ အော်ဂင်ဖြင့် တီးခတ်ပြီး စတီတ်ရှိုးအစီအစဉ်မျိုး မလုပ်ဖူးသဖြင့် ယခုနှစ် ပထမဦးဆုံးအကြိမ် ကျင်းပရသဖြင့် အမှားမှားအယွင်းယွင်း ဖြစ်မှာ စိုးရိမ်စရာတွေ မဖြစ်ခဲ့လို့လည်း ဖြစ်ပါသည်။

အော်ဂင်တီးသည့် တင်မောင်လွင်က တီးဝိုင်းကြီးတွေမှာ တီးခတ်သည့် Keyboard နှစ်လုံး ငှားခိုင်းပါသည်။ ဇာတ်စင်ပေါ်ကစီးကောတွေက လည်း ရှယ်၊ မိုက်ကရိုဖုန်းကလည်း ရှယ်၊ စင်မြင့်ကလည်း ခမ်းခမ်း နားနားနှင့် စတိတ်ရှိုးဖျော်ဖြေမည့်ညမှာ ထည်ဝါလို့နေပါသည်။

အရပ်ထဲရော သည့်ပြင်ရပ်ကွက်တွေက လူတွေပါ ဖွဲ့ကြည့်ကြ ရှိသတ်အဖြစ် ဓမ္မာရုံဘေးရှိ ကွင်းပြင်ထဲမှာ လူက ပြည့်လျှံနေပါ သည်။

ဤစတိတ်ရှိုးကဏ္ဍကို အကောင်အထည်ဖော်သူ ဖိုးသကြား

www.burmeseclassic.com

www.burmeseclassic.com



ခများလည်း မနားရပါ။ သီဆိုမည့်သူများကို ခပ်ဝေးဝေးသို့မသွားဖို့ ညွှန်ကြားနေရသည်။

ထို့ပြင် အစီအစဉ်ကြေညာသူအဖြစ် တင်ဆက်မည့် ရပ်ကွက်ထဲက မိုက်ခဲလှမြင့်ကိုလည်း အပိုတွေမပြောဖို့ ညွှန်ကြားရပြန်သေးသည်။

ဖိုးသကြားကသာ စင်မြင့်နှင့် စင်နောက်မှာ အလုပ် ရှုပ်နေဆဲမယ့် မွှာရုံဂေါပကအဖွဲ့ဝင် လူကြီးတွေကတော့ ရင်ဘတ်မှာ တံဆိပ်တွေကပ်ပြီး စင်ရှေ့ကခုံတွေမှာ ခန့်ခန့်ကြီးထိုင်ကာ ဖြေဖျော်မည့်တေးဂီတသံစဉ်များကို နားဆင်ဖို့ စောင့်စားတော်မူနေကြသည်။

'ကိုဖိုးသကြား… ဥက္ကဋ္ဌဦးအုန်းက ခဏလာပါဦးတဲ့'

ဓာတ်စင်နောက်မှာ အလုပ်ရှုပ်နေသော ဖိုးသကြားအားလူငယ်တစ်ဦးက လာခေါ်သဖြင့် ဓာတ်စင်ရှေ့သို့ ဖိုးသကြားက သွားသောအခါ ဥက္ကဋ္ဌဦးအုန်းက လှမ်းခေါ်ပါသည်။

'ဖိုးသကြား… အစီစဉ်တစ်ဝက်လောက်ရောက်ရင် အထူးဧည့်သည်အဆိုရှင်တစ်ဦးက တေးသီချင်းတစ်ပုဒ် သီဆိုမယ်ဆိုပြီးကြေညာပေးကွာ၊ ငါက တွံတေးသိန်းတန်ရဲ့ လေးဆယ်ကျော်အချစ်သီချင်းတစ်ပုဒ် ဆိုမယ်၊ ဟဲ… ဟဲ… ဝါသနာအခံရှိတော့ ခက်သားလား'

'ဗျာ… ဥက္ကဋ္ဌက သီချင်းဆိုမယ်'

မွှာရုံဂေါပကဥက္ကဋ္ဌ ဦးအုန်းက ဘာမှမပြောဘဲ ပြုံးပြုံးကြီးလုပ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဖူးမှ ဦးအုန်း သီချင်းဆိုတာ မမြင်ဖူးပါ။ ဘယ်အချိန်ကများ ကာရာအိုကေမှာ ဘယ်နှဂျူတီယူပြီး အဆိုကျင့်ခဲ့သလဲ မသိ။

အခုမှ 'ဓ'တွေက ပေါ်လာပါသည်။

ဖိုးသကြားက ဇာတ်စင်နောက်သို့ ပြန်လာပြီး အစီအစဉ်ကြေညာမယ့် လှမြင့်ကို အစီအစဉ်စဖို့ ညွှန်ကြားလိုက်သည်။ တင်မောင် လွင်ကိုလည်း အစီအစဉ်စဖို့ လှမ်း အချက်ပေးလိုက်သည်။

'မင်္ဂလာပါ ခင်ဗျာ၊ ယခုအချိန်မှစတင်ပြီး မွှာရုံ ဗုဒ္ဓပူဇနိယ ပျော်ပွဲရွှင်ပွဲမှာ ကျွန်တော်တို့ လူငယ်မောင်မယ်လေးများရဲ့ ဂီတမှူး တင်မောင်လွင် ဦးစီးတဲ့ တေးဂီတအဖွဲ့က စတင်ဖြေဖျော်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ လူငယ်မောင်မယ်လေးများဟာ အဆိုတွေကို ပိုင်ပိုင်နိုင်နိုင် ဖြေဖျော်မှာ ဖြစ်ပါတယ်... ဗျာ... ဘာလဲ'

အရေးထဲ ဇာတ်စင်နောက်မှာ အစီအစဉ်ကြေညာနေတုန်း အဒေါ်ကြီးတစ်ယောက်က လှမြင့်ကို လက်ဆွဲပြီး တိုးတိုးကပ်ပြောနေပါတယ်။

'ဟုတ်ကဲ့... အိမ်နံပါတ် ၃၇၂ မှ မိမိတင် အိမ်ကို အမြန်ပြန်လာပါတဲ့၊ ယောကျ်ား နယ်ကပြန်ရောက်နေတာ သူ့အမျိုးတွေပါလာ လို့တဲ့၊ ချက်ချင်းလာပါတဲ့'

ရုတ်တရက်ဆိုသလို ဖိုးသကြား ဒေါသထွက်သွားတယ်။ ဓာတ်ကရိုဖုန်းနဲ့ ပြောဆိုနေတဲ့ လှမြင့်နား ပြေးသွားရော်ဘာ...

www.burmeseclassic.com

www.burmeseclassic.com



'လှမြင့်… ဒါ အကျိုးဆောင်လုပ်ငန်း လုပ်နေတာ မဟုတ်ဘူး၊ အရေးထဲကွာ လူတွေကလည်း'

'ဒီ… ဒီ… ဒီမှာ… ကို… ကို… ဖိုး… ဖိုးသကြား… ကျွန်… ကျွန်တော်… အရင်ဆိုမယ်၊ ကျွန်… ကျွန်တော့်ရဲ့ ဂီ… ဂီတသံကို အ… ရင်… ရင်နှားဆင်… ပစေဗျာ…'

အရေးထဲ စကားထစ်နေသော ကိုကိုမောင်က လာရောက်တောင်းဆိုပြန်ပါသည်။

ဖိုးသကြား စဉ်းစားပါသည်။

ကိုကိုမောင်ကို ဟုတ်ဟုတ် မဟုတ်ဟုတ် အရင်ဆိုခိုင်းလိုက်မည်လို့။

တော်ကြာ မဆိုရ မပြီးမချင်း နားပူနားဆာလုပ်လျှင် သူ့ကိစ္စရှင်းရတာနှင့်တင် ပြီးမှာ မဟုတ်။

'လှမြင့်… ကိုကိုမောင် အရင်ဆိုမယ်'

ဖိုးသကြားက လှမြင့်ကို လှမ်းပြောလိုက်ပါသည်။ လှမြင့်က လက်ထဲမှာကိုင်ထားသော အဆိုစာရင်းကို ကြည့်ပြီး…

'ပထမဦးဆုံး ဂါရဝပြုပြီး စတင်သီဆိုမှာက ကိုကိုမောင်ပါ။ သူဆိုမယ့်သီချင်းကတော့ ဘဝအပူပင်တောမှာ သောကဗျာပါဒကြွယ်စေတဲ့ အချစ်ဟာ မီးလာတဲ့'

'ဟေး… ဟေး…'

လှမြင့်ရဲ့ စကားသံအဆုံး စင်မြင့်အောက်က ကလေးတွေက ပြိုင်တူဝိုင်းအော်သံနှင့်အတူ ဇာတ်စင်ဘေးက ကလေးတွေက ဇာတ်စင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ အောက်ကနေ ခုန်တက်လိုက်တာ စင်ပေါ်မှာ ကလေးပရိသတ်တွေ ပြည့်နှက်သွားပါတယ်။ ကလေးတွေကို စင်ပေါ်က မောင်းချဖို့တောင် အချိန်မရ။ ကိုကိုမောင်က မိုက်ကရိုဖုန်းကို ကိုင်ပြီး ဆိုဖို့ အဆင်သင့်ဖြစ်နေပါပြီ။

'မင်... မင်... မဂ်... ဂ... လာ... လာပါ'

'ဟေး... ဟေး...'

ကိုကိုမောင်ကတော့ လုပ်ချလိုက်ပြီလို့။ R ဇာနည်သီချင်းခွေထဲကလိုမျိုး နှုတ်ဆက်ကာ စကားက ထစ်နေသဖြင့် စင်အောက်က ပရိသတ်တွေက ဝိုင်းအော်ပါသည်။ ဝိုင်းအော်သံတွေက ဆက်တိုက်ဆိုသလိုပါပဲ။

'ဟော့... စင်ပေါ်ကို ဘယ်သူပြေးတက်သွားတာလဲ'

စင်အောက်ကနေ နည်းနည်းထွေနေသော ဘောင်းဘီဟာတ်ဝင်ဝတ်ထားသော လူတစ်ယောက်က စင်ပေါ်သို့ ပြေးတက်လာပြီး ကိုကိုမောင်၏ လက်ထဲမှ မိုက်ကရိုဖုန်းကို ဆွဲလုလိုက်သည်။

'အားလုံး စည်းကမ်းရှိရှိနဲ့ ယဉ်ယဉ်ကျေးကျေး ငြိမ်ငြိမ်သက်သက်နဲ့ နားထောင်ပါ။ မဆူပါနဲ့၊ စည်းကမ်းရှိပါ'

'ဟော့... သူများကို ပြောရအောင် မင်းဝတ်တာဘောင်းဘီကို မင်း ပြန်ကြည့်၊ စင်ပေါ်ကို မူးပြီးတက်လာတဲ့ကောင်အရူး'

'ဝိုး...'

'အား...'

မူးမူးနဲ့ မိုက်ကရိုဖုန်းလုပြီးပြောတဲ့သူကို စင်အောက်ကနေ

www.burmeseclassic.com



အော်ဟစ်ပြောရင်းမှ မည်သူကနေ ပြောင်းဖူးရိုးဖြင့် ပစ်လိုက်သလဲ မသိ၊ နဖူးတည့်တည့်ထိပြီး လဲကျသွားပါတယ်။ ရပ်ကွက်ပွဲတော်လုံခြုံရေးတွေက ထိုလူကို စင်ပေါ်ကနေ စင်အောက်ကို ဆွဲခေါ်သွားပါတယ်။ စင်မြင့်ပေါ်မှာရှိနေတဲ့ မိုက်ကရိုဖုန်းအား ကိုကိုမောင်က အလျင်အမြန် ပြေးကောက်လိုက်ပါသည်။

'ကျွန်… ကျွန်တော်… အ… အခု တက်ဆိုပါပြီ… ရယ်… ရယ်… ဒီ… ဝမ်း… တူး… သရီး…'

'အ… ချစ်… ချစ်ဟာ… မီး… မီးလား… အချစ်ဟာ မီးလား'

တင်မောင်လွင်က အော်ဂင်ကို စင်တင်တီးခတ်ပြီး အင်ထရို ဝင်လိုက်သည်နှင့် ကိုကိုမောင်က သူ့ဝသီအတိုင်း စကားထစ်ရင်းမှ အပီအပြင် ဟဲပါတော့သည်။ အဆိုက အရှိန်ရလာလို့မလားမသိ စကားထစ်တာတောင် မကြားရတော့။

ထိုအချိန်မှာပဲ ဖိုးသကြားတို့ရှိသော စင်နောက်သို့ ဂေါပက ဥက္ကဋ္ဌဦးအုန်း ရောက်ချလာပါသည်။

'ဖိုးသကြား… လုပ်တော့ကွာ၊ အထူးဧည့်သည် အဆိုရှင်ကလေးဆယ်ကျော်အချစ်နဲ့ ဖြေဖျော်မယ်လို့ ငါက နဂိုကတည်းက ပိုစ်ရိုက်တာ၊ ဂီတသံကြားရင် မရတော့ဘူး'

'ဟာ… ဦးလေးကလည်း ကလေးတွေတောင် မဆိုရသေးဘူး'

'ကလေးတွေက ဘယ်အချိန်ဆိုဆိုလေကွာ၊ ငါ ဘယ်လောက်

www.burmeseclassic.com



ဆိုနိုင်ကြောင်း တခြားရပ်ကွက်က ဧည့်သည်မွှာရှုဥက္ကဋ္ဌတွေသိအောင် အစွမ်းပြရမှာကွ'

ဖိုးသကြား အတော်စိတ်ပျက်သွားပါသည်။ သို့သော် ဥက္ကဋ္ဌက တောင်းဆိုလာသဖြင့် မတတ်နိုင်သည့်အဆုံး လှမြင့်ကို ကြေညာခိုင်းရပါတော့သည်။

'ဆက်လက်ပြီး အထူးဧည့်သည်အဆိုရှင် အမည်မဖော်လိုသူ ခမ္မာရုံဂေါပကဥက္ကဋ္ဌ ဦးအုန်းက လေးဆယ်ကျော်အချစ်နဲ့ ဖြေဖျော်ပါမယ်၊ နားဆင်ပေးပါဦး'

'ဟေး... ဟေး...'

'ကိုဖိုးသကြား... ကျွန်တော်တို့ မဆိုရတော့ဘူးလား'

'ကိုဖိုးသကြား... ကျွန်မတို့ရော လုပ်ဦးလေ'

အရေးထဲ လှမြင့်က မှားပြီးကြေညာလို့အပြီး ပရိသတ်က အော်ဟစ်နေတုန်း ကောင်လေး၊ ကောင်မလေးတွေက ဖိုးသကြားကို ဝိုင်းပြောပါသည်။ ဖိုးသကြားက လက်ထောင်ပြပြီး ခဏစောင့်ခိုင်းရပါသည်။

စင်မြင့်ပေါ်မှာတော့ ခမ္မာရုံဂေါပကဥက္ကဋ္ဌ ဦးအုန်းက သူ့ခံစားချက်တွေကို ရင်ဖွင့်နေပါသည်။

'ကျွန်တော်က သွားလေသူ တွံတေးသိန်းတန်ကို ကျွန်တော့်ရဲ့ ခံစားချက်တွေနဲ့ ဂုဏ်ပြုမှာပါ၊ နားဆင်ပါ'

ဦးအုန်းအသံက တွံတေးသိန်းတန်အသံမျိုး တုပပြီး ပြောရင်းက သီချင်းကို စဆိုပါတော့သည်။ ဘယ်အချိန် ဘယ်ကလာတတည်း

www.burmeseclassic.com

www.burmeseclassic.com



က ဦးအုန်းဖျော ကျွန်ဘားလေသလဲ မသိ၊ အဆိုနှင့် အတီးက ကွက်တိ ဖြစ်လို့နေပါသည်။

*'သြော်… အခုတော့ ××× တို့တစ်တွေ လမ်းမှာတွေ့ကြဖြ တော့ ××× လေးဆယ်ကျော် ××× ငါးဆယ်အရွယ် ×××'*

'ဟေး… မီးပျက်သွားပြီ'

'ဟေး… မီးပျက်သွားပြီ'

ဖိုးသကြား ထိုင်ငိုချင်စိတ်ပေါက်လာပါသည်။ မီးပျက်မည်ဟု ဘယ်လိုမှ မထင်ထားသောကြောင့်ပါ။ အားလုံး အလုပ်ရှုပ်ကုန်ကြပါ တော့သည်။

အဖွဲ့ဝင်လူကြီးတွေ ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်သဖြင့် ဖိုးသကြားက ချက်ချင်းဆိုသလို မီးစက်အကြီး ဘယ်မှာရှိသလဲ စုံစမ်း ရ၊ မေးမြန်းရနှင့် ချွေးတွေက ရွှဲနစ်နေပါသည်။

BURMESE CLASSIC

နောက်ဆုံး ဟိုဘက်ရပ်ကွက်ရှိ ဆိုင်းထောင်သည့်အိမ်က မီးစက်ကို သွားငှားရပါသည်။

ပြီးတော့ ကားငှားပြီး သယ်လာကာ ဇာတ်စင်သို့ ရောက်လာ သောအခါ မီးသမားရှာပြီး လုပ်ရကိုင်ရနှင့် မနက်တစ်နာရီမှ မီးပြန် လင်းလာပါသည်။

ပရိသတ်ကတော့ ကြုံတောင့်ကြုံခဲမို့ မှောင်မှောင်မ ှိုးမည်း ထဲမှာ ထိုင်စောင့်ပြီး မိုးလင်းသည်အထိ အားပေးပါသည်။ ဝါသနာရှင် အဆိုတော် လူငယ်မောင်မယ်လေးများကလည်း ကိုယ်ကျွမ်းကျင်သော အဆိုပညာဖြင့် ပရိသတ်ဆီက ဆုတော်ငွေများ ရရှိအောင် ဖြေဖျော်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဖိုးသကြားတို့ ဗုဒ္ဓပူဇနိယမဏ္ဍာရုံပွဲတော် ပျော်ပွဲရွှင်ပွဲကြီး အောင်မြင်သည်ဟုပင် ပြောရပါလိမ့်မည်။

ဒါ့အပြင် မီးမလာမချင်း မဆိုရမှာထင်လို့လားမသိ ဥက္ကဋ္ဌ ဦးအုန်း စင်မြင့်ပေါ်မှာ မိုက်ကရိုဖုန်းကိုင်ရင်း မီးလာသည်ထိ စောင့်နေပုံကိုလည်း ပြောလို့မဆုံး။

□ □ □

www.burmeseclassic.com

ပွဲတော်ကျင်းပပြီး နောက်တစ်နေ့မှာတော့ စိတ်ပင်ပန်း လူပင်ပန်းပြီး ဖိုးသကြားတစ်ယောက် မှူးတာ လေးရက်လောက် ခံစားလိုက်ရပါသည်။

နေမကောင်းဖြစ်သည့် လေးရက်တာကာလအတွင်း ချစ်ဓေမဒေးမြ၏ မထိတထိကလိသည့် စကားသံများကို မကြားချင်လို့မရဘဲ နားဆင်ခဲ့ရသည်မှာ ဝဋ်ကြွေးတွေပဲဟု ဖိုးသကြား ထင်နေမိပါတော့သည်။

ယွမ်ဒီဝိုင်း

BURMESE CLASSIC
www.burmeseclassic.com